# THE FOURTH INITIAL DRAFT OF CONSTITUTION OF CHINLAND

# ချင်းလဲန်းဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း (၄)

(လိုရင်းအချက်များဘာသာပြန်ဆိုခြင်း)

Working Group (1)
အလုပ်အဖွဲ့ (၁)
Chin Forum
ချင်းအမျိုးသားများစုရပ်

Published by:
Chin Forum
May 2004
www.chinforum.org

Designed and layout by:
Sai Mawn (UNLD-LA)

With generous financial support from:
National Endowment for Democracy (NED)

## မာတိကာ


အမှာစာ 1

**အပိုင်း (၁) ချင်းအမျိုးသားများ၏နောက်ခံသမိုင်းများ**

ချင်းအမျိုးသားများ၏နိုင်ငံရေးနှင့် လူမှုရေးနောက်ခံသမိုင်းအကျဉ်း 5
နိုင်ငံရေးနောက်ခံသမိုင်း 5
ချင်းလူမျိုးတို့၏လွတ်လပ်သော နိုင်ငံထူထောင်ပိုင်ခွင့် 7
ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းမှု အဖွဲ့ဝင်အဖြစ် ချင်းလူမျိုးများပါဝင်ခြင်း 8
အင်္ဂလိပ်အုပ်ချုပ်မှုမတိုင်ခင် လွတ်လပ်သောချင်းလဲန်းနှင့်ယနေ့ချင်းလဲန်း 10
ချင်းလူမှုရေးနှင့်ယဉ်ကျေးမှုနောက်ခံသမိုင်း 13

**အပိုင်း (၂) ဖက်ဒရယ်ပြည်ထောင်စု ပြန်လည်တည်ဆောက်ရန် ချင်းအမျိုးသားများ၏တောင်းဆိုချက်များ**

ပြည်ထောင်စုမြန်မာနိုင်ငံအား ဖက်ဒရယ်ပြည်ထောင်စုအဖြစ်
ပြန်လည်ဖွဲ့စည်းခြင်း 19
ဖက်ဒရယ်ပြည်ထောင်စုပြန်လည်ဖွဲ့စည်းနိုင်ရေး အခြေခံသဘောတရားများ 20
ချင်းလဲန်းဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အစိုးရဖွဲ့စည်းပုံများ 21

**အပိုင်း (၃) ချင်းလဲန်းဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်း**

ချင်းလဲန်းဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနိဒါန်း 27
ချင်းလဲန်းပိုင်နက်နယ်မြေ 33
ချင်းပြည်သူတို့၏ဆန္ဒ 33
တသီးပုဂ္ဂလအခွင့်အရေးများ 37
တသီးပုဂ္ဂလတာဝန်များ 45
ချင်းနိုင်ငံသားဖြစ်မှုနှင့် အမျိုးသားရေး 48
ရွေးကောက်တင်မြှောက်ခြင်း 51
ဥပဒေပြုရေး 55
အုပ်ချုပ်ရေး 75
တရားစီရင်ရေး 83

| | |
|---|---|
| အုပ်ချုပ်ရေး (စီမံခန့်ခွဲရေး) | 100 |
| ပြည်သူ့ဝန်ထမ်းကော်မရှင် | 104 |
| ဖယ်ရှားခြင်း | 105 |
| ဒေသန္တရအစိုးရ | 108 |
| ဘဏ္ဍာရေး၊ အကောက်ခွန်နှင့် ဘဏ္ဍာတော် | 115 |
| ပြည်သူ့ပညာရေး | 119 |
| ပြည်သူ့ကျန်းမာရေး | 125 |
| ပြည်သူ့လူမှုဖူလုံရေး | 126 |
| ယဉ်ကျေးမှုနှင့် လူထုဆက်သွယ်ရေး | 128 |
| ချင်းလဲန်းလက်နက်ကိုင်အဖွဲ့ | 130 |
| အထွေထွေဥပဒေများ | 132 |
| ပြည်နယ်များနှင့် ပြည်နယ်ဖက်ဒရယ်ဆက်ဆံမှု | 135 |
| ပြင်ဆင်ဖြည့်စွက်ခြင်း | 140 |
| အချက်ပို (၁) | 140 |

# အမှာစာ

ဤ မြန်မာ၊ အင်္ဂလိပ်ပူးတွဲ ရေးသားထားသော ချင်းလဲန်းဖွဲ့စည်းပုံအခြေခံဥပဒေစတုတ္ထမူကြမ်းကို ဖတ်ရှုလေ့လာအကြံပေးလိုသူများအတွက် ပိုမိုအဆင်ပြေစေရန် ရည်ရွယ်ထုတ်ဝေခြင်း ဖြစ်ပါသည်။

တရားဝင်ဘာသာပြန်ဆိုချက်ကို နောင်အခါတွင် ထပ်မံထုတ်ပြန်ရန် ဖြစ်ပါသည်။ ဤ မြန်မာဘာသာပြန်ဆိုချက်၌ မရှင်းလင်းသောအချက်အလက်များရှိခဲ့ပါက မူရင်းအင်္ဂလိပ်စာကို အခြေပြုအဓိပ္ပါယ်ကောက်ယူရန် ဖြစ်ပါသည်။

၁၉၉၈ ခုနှစ် ကနေဒါနိုင်ငံ အော်တာဝါမြို့၌ ကျင်းပသော ပထမအကြိမ် ချင်းအမျိုးသားများစုရပ်သို့ တက်ရောက်ကြပြီး ချင်းပုဂ္ဂိုလ် (၁၇) ဦးကိုရင်း၊

၁၉၉၉ ခုနှစ် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် ကျင်းပသော ချင်းလဲန်းဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း ရေးဆွဲရေးစားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သော ဦးမန်းတလိန်း (ကွယ်လွန်)၊ ယခင် ပါလီမန်အတွင်းဝန်ဟောင်းနှင့် ချင်းအမျိုးသားများစုရပ် စီမံခန့် ခွဲရေးအဖွဲ့ဝင်များကိုရင်း၊

၂၀၀၀ ခုနှစ် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသော ဒုတိယအကြိမ် ချင်းဆီမီနာသို့ တက်ရောက်ကြကာ ချင်းလဲန်းဖွဲ့စည်းပုံအခြေခံဥ၃ဒေ မူကြမ်း (၁) အပေါ် ဆွေးနွေးအကြံပြုကြသော ချင်းအမျိုးသား (၂၀၀) ခန့်ကိုရင်း၊

၂၀၀၁ ခုနှစ် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တော်တွင်ကျင်းပသော ချင်းလဲန်းဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း (၂) အပေါ်ဆွေးနွေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသော ချင်းလဲန်းဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးအဖွဲ့ဝင်များနှင့် ချင်းအမျိုးသားများစုရပ် စီမံခန့်ခွဲရေးအဖွဲ့ဝင်များကိုရင်း၊

၂၀၀၃ ခုနှစ် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပသော ပြည်နယ်များအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးပွဲ၌ ချင်းလဲန်းဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်းအမှတ် (၃) အပေါ် ဆွေးနွေးအကြံပြုကြသော ချင်း၊ ကချင်၊ ရှမ်း၊ မြန်မာ၊ ရခိုင်နှင့် နာဂ အပါအဝင် အစည်းအဝေးတက်ရောက်သူ ပေါင်း (၂၅၀) ကျော်ကိုရင်း၊

၂၀၀၃ ခုနှစ် အမေရိကန်နိုင်ငံ အင်ဒီယားနားဥပဒေတက္ကသိုလ် ဥပဒေပါမောက္ခ ဒေးဗစ်ဂလေးဝီလျံမ်၊ ကာဇက်စတန်မှ ဥပဒေပညာရှင် မူခစ်တို့နှင့် ချင်းလဲန်းဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အမှတ် (၃) အပေါ် ဆွေးနွေးအကြံပြုခဲ့ကြသော ချင်းအမျိုးသားစုရပ် စီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့် ချင်းလဲန်းဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေး အဖွဲ့ဝင်များကိုင်း၊

ချင်းလဲန်းဖွဲ့စည်းပုံအခြေခံဥပဒေ ပထမမူကြမ်းရေးဆွဲနိုင်ရေးအတွက် အချက်အလက်စုဆောင်းရှာဖွေပြီး ချင်းအမျိုးသားများ၏ နိုင်ငံရေးနှင့် လူမှုရေးနောက်ခံသမိုင်းအကျဉ်းအချက်အလက်များကို စုဆောင်းကာ ချင်းလဲန်းဖွဲ့စည်းပုံအခြေခံဥပဒေနိဒါန်းအဖြစ် ချင်းအမျိုးသားများစုရပ် စီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလျန်အုပ်ကိုင်း၊

ဤချင်းလဲန်းဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းများရေးဆွဲရေး လုပ်ငန်းစဉ်တလျှောက် အခက်အခဲအမျိုးမျိုးများကြားမှ အချက်အလက်များစုဆောင်းရှာဖွေခြင်း၊ အကြံပေးတင်ပြချက်များ ရေးသားစုဆောင်းခြင်း၊ ပြည်တွင်းပြည်ပရှိ ချင်းအမျိုးသားများနှင့် ချင်းအမျိုးသားမဟုတ်သူများကိုပါ ဆက်သွယ်ကာ ၎င်းတို့၏ ချင်းလဲန်းဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းများအပေါ် ထားရှိသော သဘောထားများကို တာဝန်ယူစုဆောင်းရှာဖွေသော် ဆလိုင်းငွန်ကျုံးလျန် တို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ချင်းအမျိုးသားများစုရပ်**
**အလုပ်အဖွဲ့ (၁)**
**ချင်းလဲန်းဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေး**

# အပိုင်း (၁)

## ချင်းအမျိုးသားများ၏ နောက်ခံသမိုင်းများ

# ချင်းအမျိုးသားများ၏ နိုင်ငံရေးနှင့် လူမှုရေး နောက်ခံသမိုင်းအကျဉ်း

**နိဒါန်း ။ ။**

တချို့က အရှေ့ချင်းလဲန်းဟုခေါ်ဆိုသော ချင်းအမျိုးသားတို့၏ ဇာတိဌာနကို ဤနေရာ၌ ချင်းလဲန်းဟု အဆင်ပြေစေရန် သုံးစွဲထားခြင်းဖြစ်ပါသည်။ ချင်းလဲန်းသည် ရောဝတီမြစ်နှင့် ချင်းတွင်းမြစ်အကြားရှိ မြေပြန့်နှင့် ကုန်းမြင့်များအပါအဝင် ပါတ်ကွိုင်တောင်တန်းမှ၊ ဘင်္ဂလားပင်လယ်အော် နိုက်ဂရိုက်ရေလက်ကြားအထိ သွယ်တန်းနေသော တောင်တန်းများပါဝင်လျှက် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အနောက်ဖက်တွင် တည်ရှိပါသည်။

ချင်းလဲန်းအမြင့်ဆုံးဒေသမှာ စာရာမေတိတောင်ထိပ်ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက်ပေ (၁၂၀၀၀) ရှိသည်။ ဒုတိယအမြင့်ဆုံးမှာ ဝိတိုရိယတောင်ထိပ်ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက်ပေ (၁၀၀၀၀) ကျော်ရှိပါသည်။ အနိမ့်ဆုံးဒေသမှာ ဘင်္ဂလားပင်လယ်ဝမှ မိုင် (၁၂၀) ခန့်ဝေးသော ပလက်ဝမြို့ဖြစ်ပြီး၊ ကုလားတန်မြစ်ဝ ဒီရေများရောက်နိုင်သော နေရာဖြစ်ပါသည်။

ချင်းလဲန်းသည် သဘာဝသစ်တောမျိုးစုံဖြင့် လှပစိမ်းလန်းနေသောဒေသ ဖြစ်ပါသည်။ ဤ သဘာဝသစ်တောနှင့် သံယံဇာတပစ္စည်းများ စီးပွားရေးဖြစ်ထုတ်လုပ်နိုင်ငံရေးကို တော်လှန်ရေးကောင်စီ၊ ဆိုရှယ်လစ်အစိုးရနှင့် လက်ရှိစစ်အစိုးရတို့က အပြန့်အတားပြုလျက်ရှိသဖြင့် ချင်းလဲန်းသည် ပြည်ထောင်စုပြည်နယ်များအနက် ဖွံ့ဖြိုးတိုးတက်မှုအနိမ့်ဆုံး ပြည်နယ်တခု ဖြစ်ခဲ့ပါသည်။

## နိုင်ငံရေးနောက်ခံသမိုင်း

ချင်းလူမျိုးများ စုစည်းနေထိုင်ရာဒေသကို မြောက်များစွာသော သမိုင်း ဆိုင်ရာမှတ်တမ်းများ၌ ချင်းလဲန်းဟု မှတ်တမ်းတင်ထားသည်သာမက အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဗမာပြည်နှင့် အိန္ဒိယဘုရင်အုပ်ချုပ်သော နိုင်ငံများကပင် အသိအမှတ်ပြုထားသော နိုင်ငံဖြစ်ပါသည်။ ချင်းလူမျိုးများသည် တခြားလူမျိုးများကြားတွင် နာဂ၊ ကူကီး၊ မျိုးနွယ်စုနှင့် တူညီသော ဂုဏ်အင်လက္ခဏာများစွာရှိသောကြောင့် လူမျိုးတခုဖြစ်ကြောင်း ပေါ်လွင်လျှက်ရှိသည်။ အာရှလူမျိုးများဖြစ်ကြသော

ကြောင့် ချင်းလူမျိုးများနှင့် ဗမာလူမျိုးများသည် တူညီသောအသားအရောင်ရှိသော်ငြားလည်း ၊ ကွဲပြားခြားနားသော ဘာသာစကားနှင့် ယဉ်ကျေးမှုများ ရှိခြင်းကြောင့် သီးခြားလူမျိုးများအဖြစ် သမိုင်းတလျှောက် ဆက်ဆံခံခဲ့ကြသည်။ ဗမာဘုရင်နိုင်ငံနယ်နမိတ်၏ ပြင်ပ၌သီးခြားလွတ်လပ်သော နိုင်ငံအနေဖြင့် တည်ရှိခြင်း၊ အင်္ဂလိပ်တို့က သီးခြားတိုက်ခိုက်သိမ်းပိုက်ခြင်းတို့ကြောင့် ချင်းလူမျိုးတို့သည် ပင်လုံစာချုပ်တွင် သီးခြားတိုင်းပြည်ပိုင်ဆိုင်သော လူမျိုးတခုအနေဖြင့် ပါဝင်လက်မှတ်ထိုးကာ ပြည်ထောင်စုကို ထူထောင်ရာ၌ ပါဝင်ခဲ့ခြင်းဖြစ်ပါသည်။

အင်္ဂလိပ်တို့သည် ချင်းလဲန်းကို စစ်မျက်နှာ (၃) ခုဖွင့်ကာ သုံးဆင့်ဖြင့်တိုက်ခိုက်သိမ်းပိုက်ခဲ့ကြသည်။ ယခု ဘင်္ဂလားဒေ့ရှ် မှ ၁၈၇၂ ခုနှစ်တွင် တကြိမ်၊ ယခုအာသံပြည်၊ အိန္ဒိယနိုင်ငံမှ ၁၈၈၈ ခုနှစ်တွင် တကြိမ်၊ ဗမာဘုရင်နိုင်ငံမှ ၁၈၈၈ မှ ၁၈၉၀ အထိတကြိမ် တိုက်ခိုက်သိမ်းပိုက်ခဲ့ကြသည်။ စစ်မျက်နှာတခုစီမှ သိမ်းပိုက်ထားသော ဒေသများကို အဆိုပါစစ်တပ်၏ အုပ်ချုပ်မှုအောက်တွင် ထားရှိခြင်းကြောင့် ယနေ့ ချင်းလဲန်းသည် နိုင်ငံတကာနယ်နမိတ်များ ပိုင်းခြားမှုကိုခံရပြီး နိုင်ငံ (၃) နိုင်ငံတွင် နေရာချထားခြင်း ခံနေရသည်။ ဘင်္ဂလားစစ်မျက်နှာမှ သိမ်းပိုက်ထားသော ချင်းလဲန်းနယ်ကို ဘင်္ဂလားအုပ်ချုပ်ရေးမှူး အုပ်ချုပ်နယ်မြေ၌ ထားရှိသဖြင့် ယနေ့ ဘင်္ဂလားဒေ့ရှ်၌၎င်း၊ အာသံစစ်မျက်နှာမှ သိမ်းပိုက်ထားသော နယ်မြေများကို အာသံအင်္ဂလိပ်အုပ်ချုပ်ရေးမှူး အုပ်ချုပ်နယ်မြေ၌ထားရှိသဖြင့် ယနေ့အိန္ဒိယနိုင်ငံ၌၎င်း၊ ဗမာဘုရင်စစ်မျက်နှာမှ သိမ်းပိုက်ထားသောနယ်မြေများကို ဗမာအင်္ဂလိပ်အုပ်ချုပ်ရေးမှူးနယ်မြေ၌၎င်း ထားရှိသောကြောင့် ယခင်က နိုင်ငံတနိုင်ငံ အဖြစ်တည်ရှိခဲ့သော ချင်းလဲန်းသည် ယနေ့နိုင်ငံ (၃) နိုင်ငံ၏ အစိတ်အပိုင်းအဖြစ် တည်ရှိနေခြင်းဖြစ်ပါသည်။ ချင်းအမျိုးသားများက နယ်ချဲ့အင်္ဂလိပ်တို့၏ တိုက်ခိုက်မှုများကို ပြင်းထန်းစွာခုခံကာကွယ်ခဲ့သော်လည်း လက်နက်နှင့် စစ်ရေးနည်းပရိယာယ် အားနဲမှုကြောင့် ချင်းလဲန်းသည် အင်္ဂလပ်ကိုလိုနီနယ် အဖြစ် ၁၈၉၅ တွင် ကျရောက်ခဲ့ရခြင်းဖြစ်သည်။

စစ်အုပ်ချုပ်ရေးနယ်မြေ (၃) ခုဖြင့်ခွဲခြားအုပ်ချုပ်သော နယ်မြေ (သို့) အင်္ဂလိပ်တို့၏အခေါ်အရ (ချင်း–လူရှိုင်းမြေ) ကို စုစည်းအုပ်ချုပ်ရန် ကလကတ္တားမြို့တွင် ၁၈၉၂ ခုနှစ်၌ ချင်း–လူရှိုင်းကွန်ဖရင့်ကို ခေါ်ယူဆွေးနွေးခဲ့ကြသည်။ အင်္ဂလိပ်နယ်ချဲ့တို့၏ ဆုံးဖြတ်ချက်များတွင် ချင်းလူမျိုးတို့၏ မိရိုးဖလား အုပ်ချုပ်ရေး အာဏာများကို အသိအမှတ်ပြုကြောင်း ပေါ်လွင်ထင်ရှားသဖြင့်၊ ဒေသခံချင်းခေါင်းဆောင်များက သဘောတူညီခဲ့ရာ ၁၈၉၆ ခုနှစ်တွင် ချင်းတောင်တန်းအက်ဥပဒေကို အင်္ဂလိပ်တို့က ပြဋ္ဌာန်းပေးလိုက်သည်။ ဤ ချင်းတောင်တန်းအက်ဥပဒေ ၁၉၈၆ သည် ချင်းလဲန်း အတွင်းသို့ နိုင်ငံခြားသားများဝင်ရောက် အခြေချနေထိုင်ခြင်းမပြုရန် တားဆီး

ပေးထားသည့်သာမက၊ သမိုင်းအဆက်ဆက်ကျင့်သုံးလာခဲ့သော ချင်းလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့် ကိုက်ညီသောအုပ်ချုပ်ရေးစနစ်များကို ကာကွယ်ပေးထားသည်။ ဤ ချင်းတောင်တန်းအက်ဥပဒေ၏ တစိတ်တဒေသသည် ယနေ့ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်၊ နာဂလဲန်းနှင့် မဏိပူရပြည်နယ်များတွင် ပြည်နယ်ဝင်ခွင့်လက်မှတ်ဥပဒေအဖြစ် တည်ရှိလျက်ရှိသည်။ အင်္ဂလိပ်တို့သည် ချင်းအမျိုးသားများ၏ ယခင်က လွတ်လပ်သော လူမျိုးဖြစ်မှုကို အသိအမှတ်ပြုကြောင်း ဤအက်ဥပဒေက ယနေ့တိုင်ဖော်ဆောင်လျှက် ရှိသည်။

၁၉၄၈ ခုနှစ်တွင် ထုတ်ပြန်သော ချင်းဝိသေသတိုင်း အက်ဥပဒေပုဒ်မ (၂) ပုဒ်မခွဲ (၄) အရ ချင်းလူမျိုးများကို အဓိပ္ပါယ်ဖွင့်ဆိုသောအခါ ချင်းလူမျိုးဆိုသည်မှာ (က) လူရှိုင်း (ခ) ကူကီး (ဂ) နာဂ (ဃ) ချင်းလဲန်း ၌ အစဉ်တစိုက် နေထိုင်ကြသော ဗမာလူမျိုးများနှင့် (င) ၎င်းနယ်မြေတို့ နှင့်ဆက်စပ်ထားသော နယ်မြေများ၌ နေထိုင်ကြသော ချင်းလူမျိုးများကို ခေါ်ဆိုသည့်ဟု အဓိပ္ပါယ်ဖွင့် ဆိုထားသည်။ ဤ အဓိပ္ပါယ်ဖွင့်ဆိုချက်သည် ချင်းတောင်တန်းများအက်ဥပဒေ ၁၈၉၆ ကိုအခြေခံပြီး အဓိပ္ပါယ်ဖွင့်ဆိုခြင်းဖြစ်ရာ အက်ဥပဒေ (၂) ခုစလုံးက ထိစပ်နေသော နယ်မြေရှိ လူမျိုးစုအားလုံး၏ တူညီသော လူမျိုးဂုဏ်အင်လက္ခဏာများကို အခြေပြု၍ လူမျိုးတခုအဖြစ် ဥပဒေအရ အသိအမှတ်ပြုထားခြင်းဖြစ်သည်။

ချင်းတောင်တန်းများ အက်ဥပဒေအရ အင်္ဂလိပ်တို့အုပ်ချုပ်မှုကာလ တလျှောက်လုံး ချင်းလူမျိုး များသည် မိမိကိုယ်ကို မိမိအုပ်ချုပ် ခဲ့ကြသည်။ သို့ရာတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများကြောင့် အင်္ဂလိပ်တို့သည် အရှေ့ချင်းတောင်နှင့် အနောက်ချင်းတောင်ကို တီယိုးမြစ်နှင့် ကုလားတန်မြစ်တို့ကို အခြေပြုလျှက် နယ်နမိတ် ချမှတ်ကာ အုပ်ချုပ်ရေးဒေသနှစ်ခုကို ဖန်တီးခဲ့ကြသည်။

## ချင်းလူမျိုးတို့၏လွတ်လပ်သော ချင်းလဲန်းထူထောင်ပိုင်ခွင့်

ချင်းတောင်ကို အင်္ဂလိပ်ကိုလိုနီလက်အောက်တွင်ရှိနေစဉ် ပထမကမ္ဘာစစ်အတွင်း၌ မြောက်များစွာသော ချင်းအမျိုးသားများကို ဉရောပရှေ့တန်း စစ်မျက်နှာများတွင် အလုပ်သမားများအဖြစ် အင်္ဂလိပ်တို့က ပို့ခဲ့ကြရာမှ ပုန်ကန်ထကြွမှုများ စတင်လာခဲ့သည်။ ဤပုန်ကန်ထကြွမှုများကို အင်္ဂလိပ်တို့က အိမ်ယာများမီးရှို့ခြင်း၊ ပုန်ကန်ထကြွသူများကို ဖမ်းဆီးသတ်ဖြတ်ခြင်းကြိုးမိန့်ပေးခြင်း၊ ထောင်ချခြင်းများဖြင့် တုန့်ပြန်နှိမ်နင်းခဲ့သည်။

အင်္ဂလိပ်တို့က ဗမာပြည်ကို လွတ်လပ်ရေးပေးရန် လုပ်ဆောင်မှုပြုလုပ်သောအခါ ချင်းလဲန်းကို ဗမာပြည်၌သော်၎င်း၊ အိန္ဒိယသော်၎င်း ပူးပေါင်းရန် စီမံမှု မရှိခဲ့ခြင်းမှာ ချင်းလူမျိုးတို့၏လွတ်လပ်မှုနှင့် သီးခြားလူမျိုးဖြစ်ခြင်းကို အသိအမှတ်ပြုကြောင်း ပေါ်လွင်စေသောအချက်ဖြစ်ပေသည်။ ထို့ကြောင့် ချင်းလူမျိုးများသည် အင်္ဂလိပ်တို့ ဗမာပြည်နှင့် အိန္ဒိယနိုင်ငံတို့မှ ထွက်ခွါသောအချိန်၌ လွတ်လပ်သောနိုင်ငံတခုအဖြစ် တည်ရှိနိုင်ကြောင်း ထင်ဟပ်ပေါ်လွင်လျှက်ရှိသည်။ ချင်းလဲန်း လူဦးရေနည်းပါးမှုများကြောင့် ၎င်းတို့သိမ်းပိုက်ထားသော လွတ်လပ်ရေးကို ပြန်လည်ပေးအပ်ရန် မသင့်လျှော်ပေ ဟုယူဆလျှင် ချင်းလဲန်းကို ကုလသမဂ္ဂချာတာ ပုဒ်မ ၂၂ (၁) (ဂ) အရ ကမ္ဘာကုလသမဂ္ဂ စောင့်ရှောက်မှု အောက်တွင်ထားရှိ တာဝန်ပေးသည်။

## ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းမှုအဖွဲ့ဝင်နိုင်ငံအဖြစ် ချင်းလူမျိုးများပါဝင်ခြင်း

ယနေ့ အရှေ့ချင်းလဲန်းဟု လူသိများသော ချင်းလဲန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ပြည်ထောင်စုတည်ထောင်သူ အဖွဲ့ဝင်တခု ဖြစ်လာခြင်းမှာ ချင်းအမျိုးသားခေါင်းဆောင်များက ပင်လုံစာချုပ်ကို ဖေဖော်ဝါရီလ (၁၂) ရက် ၁၉၄၇–ခုနှစ်တွင် လက်မှတ်ရေးထိုးကြသောကြောင့် ဖြစ်ပါသည်။ ပင်လုံစာချုပ်တွင် ရေးသားထားသည်မှာ ဤအစည်းအဝေး တက်ရောက်သူများက ယုံကြည်သည်မှာ ရှမ်း၊ ချင်း၊ ကရင်၊ ကချင်တို့က ဗမာယာယီအစိုးရနှင့် အဆောတလျှင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လွတ်လပ်ရေးကို ဆောလျင်စွာရရှိသည်ဟု ယုံကြည်သည်ဟု အတိတလင်းဖော်ပြသည်။ ဤစာချုပ်ပါ စာသားများအရ ဤ ပင်လုံစာချုပ်ကို ချုပ်ဆိုခြင်းဖြင့် ချင်းလူမျိုးများနှင့် ပင်လုံစာချုပ်ဆိုသော တခြားလူမျိုးများ ၎င်းတို့၏ လွတ်လပ်ရေး ကို ယာယီ ဗမာအစိုးရထံ (သို့) စာချုပ်ချုပ်ဆိုသော လူမျိုးတခုစီသို့ အပ်နှံသည်ဟု မပါရှိပေ။ ပင်လုံစာချုပ်၏ ရည်ရွယ်ချက်မှာ အင်္ဂလိပ်ကိုလိုနီစနစ်မှ အဆောတလျှင် လွတ်လပ်ရန် သာမက မည်သည့် ကိုလိုနီစနစ် အတွင်းသို့ ပြန်လည်မရောက်ကြရန် တို့ဖြစ်သည်။ စာချုပ်မချုပ်ဆိုခင် အကြိုဆွေးနွေးညှိနှိုင်းစဉ်တွင် ချင်းခေါင်းဆောင်တို့သည် ၎င်းတို့၏ ချင်းလဲန်း၌ ချင်းထုံးတမ်းဓလေ့အရ အုပ်ချုပ်ခွင့်ကို ထည့်သွင်းပြောဆိုခဲ့ကြခြင်းမှာ ၎င်းတို့၏ လွတ်လပ်မှုနှင့် သီးခြားလူမျိုးဂုဏ်အင်များ တည်ရှိခြင်းကို ပေါ်လွင်ထင်ဟပ်စေခြင်း ဖြစ်သည်။ ထို့ကြောင့် ပင်လုံစာချုပ်၏ အနှစ်သာရမှာ လွတ်လပ်သော တိုင်းပြည်များလွတ်လပ်ရေး မရှုံး

ဆုံးစေပဲ၊ လွတ်လပ်သော ပြည်ထောင်ပေါင်းစုတခုကို အင်္ဂလိပ်တို့ထံမှ သီးခြားစီ ရရှိနိုင်သော လွတ်လပ်ရေးများဖြင့်တည်ဆောက်ရန် သဘောတူခြင်း ပင်ဖြစ်ပါသည်။ ဤအချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ ၁၉၄၇ ၌ ခွဲထွက်ခွင့်အားဖြင့် ဖော်ပြခြင်းဖြစ်သည်။

ထို့ကြောင့် ပင်လုံစာချုပ်အရဖွဲ့စည်းထားသော ပြည်ထောင်စုဆိုသည်မှာ ယခင်ဗမာဘုရင် ပိုင်နက်နယ်မြေနှင့် သီးခြားလွတ်လပ်သော ချင်း၊ ကချင်၊ ရှမ်း နယ်မြေများပူးပေါင်းကာ တန်းတူသော လွတ်လပ်မှုကို အခြေခံအဖွဲ့စည်းထားသည့် ပြည်ထောင်စု ဖြစ်ပါသည်။ သို့ဖြစ်၍ ဖေဖော်ဝါရီလ (၁၂) ရက်နေ့ကို ပြည်ထောင်စု နေ့ ဟု သမိုင်းတလျှောက်ကျင်းပခြင်း ဖြစ်သည်။ ပင်လုံစာချုပ်၏ အနှစ်သာရကို နားမလည်၊ မလေးစားပဲ ပြည်ထောင်စုနေ့ကို ကျင်းပခြင်းမှာ အနှစ်အဓိပ္ပါယ်မရှိပေ။ အလွန်အရေးကြီးသော အချက်တခုမှာ ချင်း၊ ကချင်၊ ရှမ်း စသည့် ပင်လုံစာချုပ် ရေးထိုးသော လူမျိုးများသည် သမိုင်းတလျှောက် ဗမာဘုရင်၏လက်အောက်၌ ကျရောက်ခြင်း (သို့) အုပ်ချုပ်ခံရခြင်း မရှိခြင်း ဖြစ်သည်။ အလားတူစွာ ဗမာဘုရင် လက်အောက် ကျရောက်ခြင်းမရှိခဲ့သော လွတ်လပ်သည့် ကယားနှင့် ကရင်ပြည်တို့ သည်လည်း ပင်လုံစာချုပ်အရ ဖွဲ့စည်းထားသော ပြည်ထောင်စုသည် တန်းတူညီမျှမှု ကို အခြေခံကာ တည်ဆောက်ထားသဖြင့် ပြည်ထောင်စုအဖွဲ့ဝင် နိုင်ငံများအဖြစ် ၁၉၄၇ အခြေခံဥပဒေအရ ဖြစ်လာခဲ့ကြသည်။

ပင်လုံစာချုပ်၏ အနှစ်သာရများကို အခြေခံကာ ရေးဆွဲထားသော ၁၉၄၇ အခြေခံဥပဒေကို ဒီမိုကရေစီနည်းကျကျ တိုင်းပြုပြည်ပြုလွှတ်တော်က ဒီမိုကရေစီ နည်းကျကျ အသိအမှတ်ပြုခဲ့ကြသည်။ အဆိုပါ ဥပဒေတွင် ပြည်နယ်အသစ်များ ဖွဲ့ခွင့် (ပုဒ်မ–၁၉၉–၂၀၀) ခွဲထွက်ခွင့် (ပုဒ်မ–၂၀၀–၂၀၆) နှင့် ပြင်ဆင်ဖြည့်စွက်ခွင့် (ပုဒ်မ– ၂၀၇–၂၁၀) တို့ကို အတိတလင်း ပြဋ္ဌာန်းထားသည်။ ပင်လုံစာချုပ် ချုပ်ဆို ထားသော လူမျိုးများ၏ခွဲထွက်ခွင့်ကို ဆန့်ကျင့်ခြင်းသည် ပင်လုံစာချုပ်ကို မလေးစားခြင်းနှင့် ပြည်ထောင်စုတည်ရှိခြင်းကို ဆန့်ကျင်ခြင်းဖြစ်သည်။

၁၉၄၇ အခြေခံဥပဒေ၏ အားနည်းချက်များကို မညီမျှသော လွှတ်တော် (၂) ရပ်၏ အမတ်များဦးရေ သတ်မှတ်မှု၌ မြင်နိုင်သည်။ (၂၅၀) အမတ်နေရာရှိသော အောက်လွှတ်တော်၌ အမတ် (၁၉၀) ကို ဗမာလူမျိုးများအတွက် လျာထားသော အခါ ကျန်ရှိသော (၆၀) အမှတ်နေရာသာလျှင် ဗမာ မဟုတ်သော လူမျိုးအားလုံး အတွက် ကျန်ရှိလေသည်။ ပြည်ထောင်စုအစိုးရကို အောက်လွှတ်တော်မှ ဖွဲ့စည်း ရမည်ဟု အခြေဥပဒေ၌ ပြဋ္ဌာန်းထားသောကြောင့် ဗမာလူမျိုးများကသာလျှင် ပြည်ထောင်စု အစိုးရကို ကြိုးကိုင် ချယ်လှယ်ခဲ့ကြသည်။

ထို့အပြင် (ပုဒ်မ– ၈၈) အရ ပြည်ထောင်စုလွှတ်တော် ရုတ်သိမ်းသောအခါ လူမျိုးစုလွှတ်တော်ကို ရုတ်သိမ်းရမည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် လွှတ်တော်အမတ် သုံးပုံနှစ်ပုံရယူထားသော ဗမာလူမျိုးများက ပြည်ထောင်စုအခြေခံဥပဒေဖြစ်စေ၊ တခြားဥပဒေများဖြစ်စေ၊ ပင်လုံစာချုပ်ကိုလက်မှတ်ရေးထိုးထားသော လူမျိုးများ၏ ဆန္ဒမပါဝင်ပဲ ပြဋ္ဌာန်းနိုင်သည်။ ထို့ကြောင့် ဗမာမဟုတ်သော လူမျိုးများ လွှတ်တော်၌ ပါဝင်ခြင်းမှာ အဓိပ္ပါယ်မရှိသော ပါဝင်ခြင်းသာဖြစ်သည်။

လူမျိုးစုလွှတ်တော်သည် ဥပဒေပြုခွင့်အာဏာ မရှိသလောက်ဖြစ်နေသည့်အပြင် ဗမာလူမျိုး (၅၃) အမတ် အင်အားရှိစဉ်၌ ရှမ်း (၂၅) ဦး၊ ချင်း (၈) ဦး နှင့် ကရင်နီ (၃) ဦးသာရှိသောကြောင့် ဗမာ မဟုတ်သောလူမျိုးများ၏ အကျိုးစီးပွားအတွက် ဥပဒေပြုရန် မဖြစ်နိုင်ပေ။

ဤကဲ့သို့ ပါလီမန် (၂) ရပ်စလုံး၌ အမတ်အင်အား မမျှတခြင်းကြောင့် ဗမာလူမျိုးများသည် အခွင့်ထူးခံ၊ အုပ်ချုပ်သူ၊ အက်ဥပဒေပြုသူ လူမျိုးများဖြစ်လာပြီး၊ ဗမာမဟုတ်သော လူမျိုးများသည် အုပ်ချုပ်ခံရခြင်းလူမျိုးများဖြစ်လာကြသည်။ ထို့ကြောင့် ၁၉၄၇ အခြေခံဥပဒေအရ ဗမာလူမျိုးများသည် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးကြသော ဗမာမဟုတ်သည့်လူမျိုးများအပေါ် ဥပဒေအရ အနိုင်ကျင့်ခြင်းများ ပြုလုပ်လာကြသည်။

ဒေါက်တာမောင်မောင်က ပြည်ထောင်စုအလံတွင်ရှိသော ကြယ် (၅) လုံးသည် ကရင်၊ ရှမ်း၊ ကချင်နှင့် ချင်းကို အသီးသီးကိုကိုယ်စားပြုသော ကြယ် (၄) လုံးနှင့် (ဗမာဘုရင် နောက်ဆုံးပိုက်နက်နယ်မြေကို ရည်ညွှန်းသော) ဗမာ၊ ရခိုင်နှင့် မွန်တို့ကို စုပေါင်းကိုယ်စားပြုသည့် ကြယ်တလုံးတို့သည် ညီညွတ်မှုကို ဖေါ်ဆောင်ရန် ပြည်ထောင်စုကိုယ်စားပြု ဗဟိုကြယ်ကြီးကို ဝိုင်းရံထားကြခြင်းဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုခဲ့ခြင်း ဖြစ်သည်။

## အင်္ဂလိပ်အုပ်ချုပ်မှုမတိုင်ခင်
## လွတ်လပ်သော ချင်းလဲန်းနှင့် ယနေ့ချင်းလဲန်း

ပြည်ထောင်စု နိုင်ငံသားအားလုံး၏ ဆန္ဒကိုဆန့်ကျင်လျှက် စစ်ဗိုလ်တချို့က နိုင်ငံတော်အာဏာကို ၁၉၆၂–ခုနှစ်၊ မတ်လ (၂) ရက်နေ့တွင် သိမ်းပိုက်ကာ ပြည်ထောင်စုပါလီမန်ကို ဖျက်သိမ်းပြီး တော်လှန်ရေးကောင်စီကို ဖွဲ့စည်းလိုက်သည်။ ချင်း၊ ကချင်၊ ကရင်၊ ကယားနှင့် ရှမ်း ဟူ၍ စစ်ဒေသနယ် (၅) ခု ကိုဖွဲ့စည်းကာ တိုင်းပြည်ကို စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ခဲ့သည်။

မတ်လ (၉) ရက်နေ့ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီသည် အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေး အာဏာအားလုံး ဗိုလ်ချုပ်ကြီးနေဝင်း လက်သို့ တရားဝင်လွှဲလိုက်အပ်ခဲ့သည်။ ပြည်တွင်း ညီညွတ်ရေးအဖွဲ့ (ယာယီ) ကို ၁၉၆၈ ခုနှစ်တွင် အဖွဲ့ဝင် (၃၃) ဦးပါဝင်သော ယခင်လွှတ်တော် အမတ်ဟောင်း များဖြင့် ဖွဲ့စည်းသည်။ ချင်းပြည်နယ်မှ ဦးထပ်လိုင်းနှင့် ဦးလွှန်ပုံ တို့လည်း ပါဝင်ကြသည်။

ယခင် နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးနုသည် အဆိုပါအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး တိုင်းသူပြည်သားများအား အကြံဉာဏ်များပေးပို့ကြရန် သတင်းစာနယ်ဇင်းများမှ တဆင့်ဖြန့်ချီခဲ့သည်။ ရန်ကုန်သက္ကသိုလ်တွင် ချင်းကျောင်းသားများက ဦးဆောင်ပြီး ချင်းလူငယ်များက အကြံပေးတင်ပြချက်ကို ရေးသားပြုစုကာ ချင်းကိုယ်စားလှယ် (၂) ဦးထံမှ ပေးပို့ကြရာ ပြည်တွင်းညီညွတ်ရေး ကော်မရှင်က စာအမှတ် (၇၂) နှင့် (၇၇) ရက်စွဲ ၄–၆–၁၉၆၈ တော်လှန်ရေး ကောင်စီဥက္ကဋ္ဌ လက်မှတ်ဖြင့် လက်ခံရရှိကြောင်း အကြောင်းပြန်ခဲ့ကြသည်။

ချင်းလူငယ်များ အကြံပေးချက်တွင် ပါဝင်သည့်အချက်များအနက် အရေးကြီးသော အချက်ကြီး (၂) ခုမှာ ချင်းဝိသေသတိုင်းကို ပြည်ထောင်စုဖက်ဒရယ်နိုင်ငံတည်ဆောက်မှု တစိတ်တဒေသဖြစ်ကြောင်း အတိအလင်း အသိအမှတ်ပြုရန် နှင့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံထူထောင်ရန်တို့ ဖြစ်သည်။ သို့သော် တော်လှန်ရေး ကောင်စီသည် ချင်းလူငယ်များအကြံပေးချက်ကို ပစ်ပယ်ရုံသာမက၊ ပြည်တွင်း ညီညွတ်ရေး အကြံပေးအဖွဲ့ကို ဖျက်သိမ်းခဲ့သည်။ စက်တင်ဘာလ (၂၆) ရက်၊ ၁၉၇၂–ခုနှစ်တွင် အခြေခံဥပဒေရေးဆွဲရေးကော်မရှင်ကို မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီက ဦးစီးကာဖွဲ့စည်းခဲ့သည်။ တော်လှန်ရေးကောင်စီကလည်း လိုအပ်သည့်အထောက်အပံ့နှင့် လုံခြုံရေးများပေးခဲ့သာမက ပြည်သူ့ထံမှ အကြံပေးချက်များ ကန့်ကွက်ကြောင်း ထုတ်ပြန်ကြေညာ ခဲ့သည်။

ချင်းလူငယ်များအကြံပေးချက်နည်းတူ ချင်းပြည်သူများကလည်း အချက်အလက်ပေါင်း (၁၅၀) ထက်မနည်းသော အကြံပေးချက်များကို ရေးသားပေးပို့ခဲ့ကြသည်။ ၎င်းတို့၏ အကြံပေးချက်များတွင် ချင်းဝိသေသတိုင်းကိစ္စနှင့် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းရေးကိစ္စများကို ချင်းလူငယ်များအကြံပေးချက်နှင့် ထပ်တူအကြံပေးခဲ့ကြသည်။ တော်လှန်ရေးကောင်စီအစိုးရသည် ထိုသို့အကြံပေးကြသော ချင်းခေါင်းဆောင် (၅၀) ထက်မနည်းကို ဖမ်းဆီးပြီး တရားစီရင်ခြင်းမပြုပဲ ထောင်သွင်းအကျဉ်း ချခဲ့သည်။ ၎င်းတို့အနက် (၂) ဦးကိုသာ တရားစီရင်ပြီး ထောင်ချခဲ့သည်။

အဆိုပါအဖမ်းခံရသောပုဂ္ဂိုလ်များမှာ မတရားအသင်းကြေညာခံရသော ဖဆပလအဖွဲ့ဝင်များ၊ ချင်း အမျိုးသားအဖွဲ့ချုပ် အဖွဲ့ဝင်များ၊ ပြည်ထောင်စုပါတီဝင်

များနှင့် ချင်းဝိသေသတိုင်းနှင့် မကွေးတိုင်းအတွင်းရှိ မဆလ ချင်းအမျိုးသား ခေါင်းဆောင်များ ပါဝင်ကြသည်။ ဤအဖမ်းခံရသော ချင်းအမျိုးသားများမှာ စစ်ဗိုလ်ဟောင်းများ၊ အုပ်ချုပ်ရေးအရာရှိများ၊ ဆရာဝန်များ၊ ရှေ့နေများ ကျောင်းသားခေါင်းဆောင်များနှင့် နိုင်ငံရေးခေါင်းဆောင်များစသည်ဖြင့် လူတန်းစား အလွှာပေါင်းစုံ ပါဝင်ကြသည်။ မည်သို့ပင်ဖြစ်စေကာမူ ချင်းလူမျိုးများ၏ အခြေခံ ဥပဒေရေးသားရေးအကြံပြုချက်များသည် တော်လှန်ရေးကောင်စီကိုပင် အကြီး အကျယ်ဂရက်ရိုက်ခဲ့ကြောင်း၊ ချင်းအမျိုးသားများသည် ၎င်းတို့၏ နိုင်ငံရေး အဆင့်အတန်း အခြေခံဥပဒေဘောင်၌ မြှင့်မားရေးကို မနားမနေ လုပ်ဆောင်မည့် အမျိုးသားများဖြစ်ကြောင်း သိသာထင်ရှားသဖြင့် **"ချင်းဝိသေသတိုင်း"** ကို **"ချင်းပြည်နယ်"** ဟု အမည်ခံပြောင်လဲခြင်းများ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်ဟု ယူဆ နိုင်သည်။ ဒေါက်တာမောင်မောင်က "အငြိမ်မနေသော လူမျိုးစုများအတွက် ဆိုရှယ်လစ်ပြည်ထောင်စုတွင် ပြည်နယ်အသစ် (၃) ခုထပ်ဖွဲ့လိုက်သည်" ဟု ရေးသားခဲ့ သည်မှာ သာဓက တခုဖြစ်နေသည်။ ထို့ကြောင့် ၁၉၇၄ အခြေခံဥပဒေ အရ ချင်း၊ ရခိုင် နှင့် မွန် ဒေသများကို ပြည်နယ်များအဖြစ် ဖွဲ့ခဲ့ရသည်။

သို့ဖြစ်၍ ၁၉၄၇ အခြေခံဥပဒေကို ပြည်သူ့ဆန္ဒအရ တရားဝင်ဖျက်သိမ်းခြင်း မရှိသဖြင့် ၁၉၄၇ အခြေခံဥပဒေအရ ကမ္ဘာ့ကုလသမဂ္ဂ၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာ သော မြန်မာနိုင်ငံအတွက် ၁၉၄၇ အခြေခံဥပဒေသည် နိုင်ငံတကာဥပဒေအရ တရားဝင်အခြေခံဥပဒေတခု ဖြစ်သည်။ ပုဒ်မ (၃) အရ အချုပ်အခြာအာဏာသည် ပြည်သူလက်ထဲ၌ ရှိသည်ဟု ၁၉၄၇ အခြေခံဥပဒေက အတိအလင်းဖော်ပြထား သဖြင့် အချုပ်အခြာအာဏာကို ပိုင်ဆိုင်ထားသော ပြည်သူများက ၁၉၉၀ အထွေထွေရွေးကောက်ပွဲ၌ တရားဝင်ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များက ၁၉၄၇ အခြေခံဥပဒေအားဖြင့် ဒီမိုကရေစီနှင့် အချုပ်အခြာအာဏာကို ပြန်အသက်သွင်းရန် လိုအပ်သည်။ သို့ဖြစ်၍ ဗမာအစိုးရ အက်ဥပဒေ ၁၉၃၅ နှင့် အိန္ဒိယအစိုးရအက်ဥပဒေ ၁၉၃၅ တို့ကို ကိုလိုနီစနစ်မှ လွတ်လပ်ရေးသို့အသွင်ကူးပြောင်းချိန်ကာလ၌ အသုံးချ သည့် နည်းတူစွာ ၁၉၄၇ အခြေခံဥပဒေကိုလည်း စစ်အုပ်ချုပ်ရေးမှ ဒီမိုကရေစီသို့ အသွင်ကူးပြောင်းရာတွင် အသုံးချသင့်ပါသည်။

၁၉၄၇ အခြေခံဥပဒေကို အသိအမှတ်ပြုရန် ပျက်ကွက်ခြင်းသည် ၁၉၆၂ ၌ တရားမဝင်အာဏာသိမ်းထားသော စစ်အုပ်စုကို တရားဝင်ထောက်ခံခြင်းဖြစ် သည်။ သို့ဖြစ်၍ ပြည်သူထံ၌ရှိသော အချုပ်အခြာအာဏာဖြင့် ၁၉၉၀ ၌ ရွေး ကောက်တင်မြှောက်ခြင်းခံရသော အမတ်များက ၁၉၄၇ အခြေခံဥပဒေကို ပြင်ဆင် ကာ အစိုးရဖွဲ့သင့်သည်။

# ချင်းလူမှုရေးနှင့် ယဉ်ကျေးမှုနောက်ခံသမိုင်း

ချင်းလူမျိုးများ နေထိုင်ရာဒေသသည် အလွန်ကျယ်ပြန့်ရှိသာမက တောင်တန်းလျှိုမြောင်များပြားမှုနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများကြောင့် မိမိတို့ ချင်းအမျိုးသားများအကြား သီးခြားလူမျိုးများပမာ မှားယွင်းစွာ တွေးခေါ်ယူဆမှုများ ရှိခဲ့ခြင်းဖြစ်သည်။ သို့သော် ချင်းမျိုးနွယ်စုများသည် တခြားလူမျိုးများကြား၌ နေထိုင်ရစေကာမူ ၎င်းတို့၏ ထူးခြားသော ဂုဏ်အင်္ဂလက္ခဏာများကို မပျောက်မပျက် ထိန်းသိမ်းနိုင်ခြင်းက ချင်းအမျိုးသားများသည် သီးခြားလူမျိုးများဖြစ်ကြောင်းကို ထင်ဟပ်ပေါ်လွင်စေသည်။

တိုးတက်ကောင်းမွန်လာသော ဆက်သွယ်ရေးလမ်းကြောင်းများက ချင်းအမျိုးသားအချင်းချင်းထိတွေ့ဆက်ဆံမှုများ ဖန်တီးလာသောအခါ ၎င်းတို့၏ တူညီမှုများနှင့် ညီရင်းအစ်ကို တမျိုးသားများဖြစ်ကြောင်းကို တဖြည်းဖြည်းပေါ်လွင်လာစေခဲ့သည်။ ဆက်သွယ်ရေးလမ်းကြောင်းများ တိုးတက်ကောင်းမွန်လာသောအခါ (၄၄) မိုင်သာဝေးသော ဖလမ်းနှင့် ဟားခါးမြို့သည် မြို့တမြို့ကဲ့သို့ ဖြစ်လာနိုင်သည်။

သို့ဖြစ်၍ ချင်းလူမျိုးများသည် ၎င်းတို့၏ ကြွယ်ဝချမ်းသာသော ယဉ်ကျေးမှု၊ စာပေနှင့် အနုပညာများဖြင့် အခြေခံကာ စည်းလုံးညီညွတ်မှုကို တည်ဆောက်ရန် လိုအပ်သည်။ စစ်အစိုးရ အဆက်ဆက်၏ ဖိနှိပ်ချုပ်ချယ်မှုများကြားကပင် ချင်းအမျိုးသားများသည် ၎င်းတို့၏ ကြွယ်ဝချမ်းသာသော ဘာသာစကား၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ကြသည်။ ထို့ကြောင့် ချင်းလဲန်း ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသောအခါ ချင်းလူနေမှု အဆောက်အအုံ ဖွံ့ဖြိုး တိုးတက်မှုများကို အဟန့်အတားမဖြစ်စေမည့် အခြေခံဥပဒေဖြစ်ရန် အလွန်အရေး ကြီးပေသည်။ အလားတူစွာ ဒီမိုကရေစီထွန်းကားရေးနှင့် လူ့အခွင့်အရေးကို အားပေးကာကွယ်ပေးသော အခြေခံဥပဒေဖြစ်ရန် အလွန်အရေးကြီး ပေသည်။

ကျွန်ုပ်တို့ ချင်းအမျိုးသားအဆောက်အအုံ၏ အသေးငယ်ဆုံးသော အပိုင်းမှာ ပုဂ္ဂလိကဖြစ်ပြီး ထိုပုဂ္ဂိုလ်တို့ကို မိသားစုများဖြင့် ဖွဲ့စည်းထားသည်။ အဆိုပါ မိသားစုများသည် ချင်းမျိုးနွယ်စုများတွင် ပါဝင်ပြီး မျိုးနွယ်စုများကို ဘာသာစကားစုများဖြင့် ဖွဲ့စည်းထားသည်။ ထိုဘာသာစကားစုများကို တဖန် လူမျိုးစုများဖြင့် ဖွဲ့စည်းထားပြီး နောက်ဆုံး၌ လူမျိုးစုအားလုံးသည် ချင်းလူမျိုးအဖြင့် ခံယူနားလည်ခြင်း ဖြစ်သည်။

ထို့ကြောင့် ချင်းဟူသော အမျိုးသားနာမည်သည် ဘာသာစကားကြွယ်ဝသော လူမျိုးစုများစွာ တူညီသော ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာ သမိုင်း

ရှိသော လူမျိုးစုအားလုံးကို ရည်ညွှန်းထားခြင်း ဖြစ်ပါသည်။ ချင်းလူမျိုးနှင့် နယ်နိမိတ်ထိစပ်နေသော ကချင်လူမျိုးများက "ချင်း" လူမျိုးများကို "ခန်း" ဟုခေါ် ဆိုသကဲ့သို့ အိန္ဒိယကုလားတို့က "ကူကီး" ဟုခေါ်ဆိုကြသည်။ ချင်းဟူသော အမည် "ခလန်း" သို့ "ခန်း" မှာ တောင်ပိုင်းချင်းလူမျိုးတို့၏ အဆိုအရ "လူ" ဟူသော အဓိပ္ပါယ်သက်ရောက်ပြန်သည်။ ဘာသာစကားတိုးတက်ပြောင်းလဲမှု ကြောင့် အခေါ်အဝေါ်များ ပြောင်းလဲစေကာမူ တမူထူးခြားတူညီမှုများက ချင်းလူမျိုးများ လူမျိုးတခုဖြစ်ကြောင်းကို ပေါ်လွင်ထင်ရှားနေလျှက်ရှိသည်။ ချင်းလူမျိုးတို့က ၎င်းတို့က လူမျိုးတခုဖြစ်သည် ဟူသော နိုင်ငံရေးအတွေးအခေါ်သည် ချင်း အမျိုးသားရေး ဖြစ်လာသည်။

ဗြိတိသျှနှင့် အမေရိကန် (သို့) ဂျာမန်နှင့် ဩစတြီးယားတို့သည် အလွန် တူညီကြသော်လည်း နိုင်ငံရေးအရ တူညီမှုမရှိဟု တချို့က ပြောဆိုကြလိမ့်မည်၊ သို့သော် မိသားစုတခုအတွင်း၌ပင် မတူညီမှုများစွာ ရှိနေသည်ကို သတိပြုသင့် ပေသည်။ အလားတူစွာ ကမ္ဘာပေါ်ရှိလူသားအားလုံးသည် လူသားများဖြစ်ကြ စေကာမူ ကမ္ဘာ့အစိုးရဟူ၍ မရှိပေ။ လူမျိုးများ၊ လူမျိုးစုများဖြင့် အဆင့်ဆင့်ခွဲခြား ထားသော လူသားများကြား၌ တူညီမှုရှိသော သူများက တူညီမှုများကို အခြေခံ၍ ပူးပေါင်းနေထိုင်ခြင်းမှာ သဘာဝတရား ဖြစ်သည်ကို လက်ခံရမည်ဖြစ်ပေသည်။

အလွန်ရေးကျသော "ရွာတရွာသည်ဘုရင်နိုင်ငံတခု" ဆိုသည့်မှုကို လက်ခံ ခြင်းဖြင့် ကျွန်ုပ်တို့အတွက် အကျိုးစီးပွားဖြစ်ထွန်းစရာ မရှိပေ။ သို့ဖြစ်၍ တူညီမှု များကို အခြေခံလျှက် ချင်းလူမျိုးများအဖြစ် ဆက်လက်ရပ်တည်ရန် လိုအပ်ပေ သည်။ ဤကဲ့သို့ ညီရင်းအကို တအူတုံဆင်းလူမျိုးများ ဥပေက္ခာပြုခြင်း ဆိုးကျိုးကို သိက္ခာတော်ရ ဆရာတော် မာတင်နယ်မိုးလား၏ ကဗျာတပုဒ်က ထောက်ပြနေ ပေသည်။

> **ဂျူးလူမျိုးများကို ညှင်းဆဲရန် ၎င်းတို့ရောက်လာစဉ် ကျွန်ုပ်သည် ဆန့်ကျင်ပြောဆိုမှုမပြုခဲ့၊ အကြောင်းမှာ ကျွန်ုပ်သည် ဂျူးလူမျိုး မဟုတ်။**
>
> **ကွန်မြူနစ်များကို ဆန့်ကျင်ရန်၎င်းတို့ရောက်လာစဉ် ကျွန်ုပ်သည် ဆန့်ကျင်ပြောဆိုမှုမပြုခဲ့၊ အကြောင်းမှာ ကျွန်ုပ်သည် ကွန်မြူနစ် မဟုတ်၊**
>
> **ကုန်သွယ်ရေးအဖွဲ့များကို ဆန့်ကျင်ရန် ၎င်းတို့ရောက်လာစဉ် ကျွန်ုပ် သည် ဆန့်ကျင်ပြောဆိုမှုမပြုခဲ့၊ အကြောင်းမှာ ကျွန်ုပ်သည် ကုန်သွယ် ရေး အဖွဲ့ဝင်မဟုတ်။**

**သို့ရာတွင် ကျွန်ုပ်ကို ဖမ်းဆီးရန် ၎င်းတို့ရောက်လာသောအခါ ကျွန်ုပ် ကိုယ်စား ကာကွယ်ပြောဆိုမည့်သူ မရှိပြီ။**

သို့ဖြစ်၍ တူညီသောလူမျိုးစုအတွင်းမှ တချို့အနစ်နာခံနေချိန်၌ တချို့က ဝင်ရောက်ဟန့်တားကာ ကာကွယ်ပေးရန်အရေးကြီးလှပေသည်။ သို့မဟုတ် လျှင် နှစ်ဦးနှစ်ဖက် အကျိုးစီးပွားနစ်နာရန်သာရှိသည်ကို ချင်းလူမျိုးအားလုံးသိရှိ လက်ခံရန် အထူးလိုအပ်ပေသည်။ လူမျိုးငယ်လေးများအနေဖြင့် ကမ္ဘာ့သမိုင်းကို လေ့လာပြီး သင်ယူသင့်သော သင်ခန်းစာတခုမှာ စည်းလုံးညီညွတ်စွာ အတူတကွ စုပေါင်းလုပ်ဆောင် နေထိုင်ကြမည်လော (သို့) အတူတကွ ပျက်စီးပျောက်ကွယ် ကြမည်လော ဟူသော အချက်ပင်ဖြစ်ပါသည်။

ချင်းလူမျိုးများသည် လူမျိုးတခုမဟုတ်ဟု အနည်းငယ်ကွဲပြားခြားနားသော ဘာသာစကားကို အကြောင်းပြုပြီး ပြောဆိုရေးသားခြင်းမှာ ရာစုနှစ်များစွာကာလ တလျှောက် ဆက်သွယ်ကူးလူးဆက်ဆံရေးခက်ခဲမှု၏ ဆိုးကျိုးရလာဒ်ကို မသိရှိ နားမလည်ခြင်းသာ ဖြစ်ပါသည်။ ကျွန်ုပ်တို့ ချင်းလူမျိုးများ ညီရင်းအစ်ကို တအူတုံ ဆင်းဖြစ်ကြောင်းကို သိသာခိုင်မာစေကာ ယနေ့အထိ နာဂတောင်တန်းများနှင့် စစ်ကိုင်းတိုင်းတချို့ဒေသတွင် ဥပဒေအားဖြင့် အသက်ဝင်လျှက်ရှိသော ချင်းတောင် တန်းများ အက်ဥပဒေအား လည်းကောင်း၊ ထို ဥပဒေ ရှိ ချင်းဟူသော အနက် အဓိပ္ပါယ်အား ၁၉၄၈ ချင်းဝိသေသတိုင်း အက်ဥပဒေက ဖွင့်ဆိုချက်များကို အထူး သိရှိနားလည်လက်ခံရန် လိုအပ်ပေသည်။

သို့ဖြစ်၍ ချင်းလဲန်းအခြေခံဥပဒေသည် ချင်းလူမျိုးများ၏ ဘာသာစကား၊ ယဉ်ကျေးမှု၊ ထုံးတမ်းစဉ်လာ ကြွယ်ဝချမ်းသာမှုကိုဆက်လက် ဖွံ့ဖြိုးတိုးတက် စေခြင်းအလို့ငှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်များကို အခြေခံကျင့်သုံးရေးဆွဲ ထားခြင်းဖြစ်ပေသည်။ ဒေသန္တရ အသီးသီး၏ အကျိုးစီးပွားသာမက ချင်းတမျိုး သားလုံး၏ အမျိုးသားအကျိုးစီးပွားများကို ဖြည့်တင်းပေးနိုင်ရန် ဖက်ဒရယ် ပြည်ထောင်စုစနစ် တည်ထောင်နိုင်ရေးကို ရှေ့ရှု၍ ဤ ချင်းလဲန်းအခြေခံဥပဒေကို ရေးဆွဲထားခြင်းဖြစ်ပေသည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်မူဝါဒများကို အခြေခံထားကာ ရေးဆွဲထားသော ဤ ချင်းလဲန်းအခြေခံ ဥပဒေမူကြမ်းသည် ချင်းတမျိုးသားလုံး၏ တိုးတက်ရာ တိုးတက် ကြောင်း အမျိုးသားအကျိုးစီးပွားအောင်မြင်ရေး၏ အခြေခံအုတ်မြစ်တခု ဖြစ် ပေသည်။

## အပိုင်း (၂)

## ဖက်ဒရယ်ပြည်ထောင်စု ပြန်လည်တည်ဆောက်ရန် ချင်းအမျိုးသားများ၏ တောင်းဆိုချက်များ

## ဖက်ဒရယ်ပြည်ထောင်စု ပြန်လည်တည်ဆောက်ရန် ချင်းအမျိုးသားများ၏ တောင်းဆိုချက်များ

## ပြည်ထောင်စုမြန်မာနိုင်ငံအား ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ပြန်လည်ဖွဲ့စည်းခြင်း

ယခုလက်ရှိ ပြည်ထောင်စုအဖွဲ့ဝင်လူမျိုးများသည် ၁၉၄၇ အခြေခံဥပဒေနှင့် ပင်လုံစာချုပ်၏ အနှစ်သာရများကို အခြေခံပြီးၫင်းတို့၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း စဉ်လာနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရရှိစေမည့် ဖက်ဒရယ်ပြည်ထောင်စုကို ပြန်လည်ဖွဲ့စည်း ရန်လိုအပ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံရှိ ဒီမိုကရက်တစ်အင်အားစုဝင်များ အားလုံးက လည်း ပြည်ထောင်စု၏အနက်အဓိပ္ပါယ်မှာ သီးခြားလူမျိုးများအားလုံးက တန်းတူ ညီမျှမှုကို အခြေခံပြီး လွတ်လပ်စွာဖွဲ့စည်းထားသော နိုင်ငံပေါင်းစုဖြစ်သည်ကို လက်ခံယုံကြည်ရန် လိုအပ်သည်။ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု ဆိုသည်မှာ အင်အားဖြင့်ဖြစ်စေ၊ အတင်းအကြပ်လုပ်ဆောင်ခြင်းအားဖြင့် ဖွဲ့စည်း၍မရပေ။ အတူတကွစုပေါင်းနေထိုင်ခြင်းအားဖြင့် အကျိုးစီးပွားရှိသည်ကို လက်ခံ၍ လွတ်လပ် စွာ ဖွဲ့စည်းထားမှုသာ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု ဖြစ်နိုင်သည်။ သို့ဖြစ်၍ စစ်အစိုးရက လက်နက်ဖြင့်ဖြစ်စေ၊ အကြပ်ကိုင်ခြိမ်းခြောက်၍ဖြစ်စေ ပြည်ထောင်စု တည်မြဲရေးကို ဆောင်ရွက်နေခြင်းမှာ မှားယွင်းပေသည်။

စစ်အစိုးရက လက်နက်အားဖြင့် ပြည်ထောင်စုကို အတင်းအကြပ် ထိန်းချုပ် နေသရွေ့ ငြိမ်းချမ်းမှု ရှိနိုင်မည်မဟုတ်။ မည်သည့်တိုင်းပြည်၌ မဆို လက်နက်ဖြင့် အတင်းအကြပ်ထိန်းချုပ်ထားသရွေ့ တိုင်းပြည်သည် ဆူပူမှုများဖြင့် ပြည့်နှက်နေမည် ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံသည်လည်း ဆယ်စုနှစ်ပေါင်းများစွာ စစ်အစိုးရ၏ အတင်းအဓမ္မအုပ်ချုပ်မှုကြောင့် ငြိမ်းချမ်းတိုးတက်မှု ဆုတ်ယုတ်ကာ ဆူပူပုန်ကန်မှု များဖြင့် ပြည့်နှက်ခဲ့သည်ကို တွေ့ရသည်။ အလားတူ ပြည်ထောင်စုကို လွတ်လပ်စွာ ပြည်ထောင်စုအဖွဲ့ဝင်များက မဖွဲ့စည်းသဖြင့် စစ်အသုံးစရိတ် အကုန်အကျများပြား ကာ အဆင်းရဲဆုံး နိုင်ငံအနေအထားသို့ ရောက်ရှိခြင်းလည်း ဖြစ်ပေသည်။

သို့ဖြစ်၍ ပြည်ထောင်စုပြဿနာကို ဖြေရှင်းရန် အကောင်းဆုံးနည်းလမ်းမှာ ဒီမိုကရေစီနှင့် တရားဥပဒေနည်းကျကျ လွတ်လပ်စွာ ပြန်လည်ဖွဲ့စည်းတည် ထောင်ခြင်းဖြစ်သည်။ ထိုသို့ ငြိမ်းချမ်းစွာ အဖြေရှာနိုင်ရန် ၁၉၄၇ ခု အခြေခံ ဥပဒေနှင့် ပင်လုံစာချုပ်အနှစ်သာရများ လက်ခံဖြည့်စွက်မှုပြုပြီး ၁၉၉၀ အထွေထွေ

ရွေးကောက်ပွဲအနိုင်ရ ပြည်သူ့ကိုယ်စားလှယ်များအား အာဏာပေးအပ်ရန် လိုအပ်ပေသည်။

ထိုသို့ ဒီမိုကရေစီ သဘောသဘာဝနှင့် ဖက်ဒရယ်စနစ်ကျင့်သုံးကာ ပြည်ထောင်စု၏ပြဿနာကို ချဉ်းကပ်အဖြေရှာမှသာ စစ်မှန်သော ပြည်ထောင်စုပြန်လည်ရှင်သန်ပြီး လူ့ဘုံလောကသစ်ကို ပြန်လည်တည်ဆောက် ရောက်ရှိနိုင်မည် ဖြစ်ပေသည်။

## ဖက်ဒရယ်ပြည်ထောင်စု ပြန်လည်ဖွဲ့စည်းရန် အခြေခံသဘောတရားများ

ဒီမိုကရေစီနှင့် တန်းတူမှုကို နိုင်ငံအားလုံးလိုလိုက ဆန္ဒမဲပေးခြင်းဖြင့် အကောင်အထည်ဖေါ်ကြသည်။ တသီးပုဂ္ဂလများသည် အရွယ်အစား၊ အဆင့်အတန်း၊ ကျား၊ မ စသည်ဖြင့် အမျိုးမျိုးကွဲပြားစေကာမူ မဲတမဲပိုင်ဆိုင်ခြင်း၌ တူညီကြသည်။ ဤသဘောတရားသည်လည်း နိုင်ငံများ စုပေါင်းကာ အသင်းအဖွဲ့ဖွဲ့စည်းသောအခါ ကျင့်သုံးကြသည်ကို ကမ္ဘာ့ကုလသမဂ္ဂ၌ နိုင်ငံ ကြီးသည်၊ ငယ်သည် ဖြစ်စေ၊ ဆင်းရဲသည်ချမ်းသာသည်ဖြစ်စေ၊ မဲတမဲ စီပေးပိုင်ခွင့်ရှိခြင်း၌ တူညီကြသည်။

ဝီလျံပီတာဆင် ဆိုသော နယူးဂျာဆီ ပြည်နယ်အမတ် စကားအရဆိုလျှင် “ကိုယ်စားပြုခွင့်ကို ကိန်းဂဏန်းများအပေါ် အခြေခံ၍ ဖွဲ့စည်းသင့်သလော။ နယူးဂျာဆီပြည်နယ်က မဲ (၅) မဲသာ ပေးခွင့်ရရှိချိန် ၌ ဗာဂျီးနီးယားပြည်နယ်က မဲ (၁၆) မဲ ပေးခွင့်ရှိသော ကောင်စီ၌ နယူးဂျာဆီပြည်နယ်၏ လွတ်လပ်ခွင့်ကို ကျွန်ုပ်တို့ ချုပ်ချယ်ခံရမည်လော” ဟု တန်းတူညီမျှမှု ကာကွယ်ကာ အမေရိကန်ပြည်ထောင်စု အခြေခံဥပဒေညှိနှိုင်းဆွေးနွေးစဉ် ခါးသီးစွာပြောဆိုခဲ့သည်မှာ သင်ခန်းစာတခု ဖြစ်ပေသည်။ ဆက်လက်၍ ပြောကြားရာတွင် ထိုသို့မညီမျှစွာ မဲပေးခွင့်ပေးခြင်းကို ဆက်လက်ကျင့်သုံးပါက အာဏာရှင်စနစ်ကို ရောက်ရှိမည်ဖြစ်၍ ၎င်းနှင့် ၎င်း၏ ပြည်နယ်သားများအနေဖြင့် ၎င်းတို့၏ဘဝကို အာဏာရှင်၏ လက်ထဲသို့ မည်သည့်နည်းနဲ့မျှ မအပ်နိုင်ဟုပြောဆိုခဲ့သည်။

ပင်လုံစာချုပ်ကို ချုပ်ဆိုကြသော လူမျိုးအသီးသီး၏ ခေါင်းဆောင်တို့ကလည်း ဒီမိုကရေစီနှင့် တန်းတူညီမျှမှုကို အခြေခံကာ နိုင်ငံကြီးသည် ငယ်သည်မရွေး၊ လူဦးရေ အနည်းအများကို အခြေမခံဘဲ တန်းတူညီမျှစွာဖြင့် အားလုံး၏အကျိုးစီးပွားကို ဆောင်ရွက် အကောင်အထည်ဖော်ရန် သဘောတူခဲ့ကြခြင်း ဖြစ်သည်။

သို့ဖြစ်၍ ပြည်ထောင်စုအမျိုးသားပြည်နယ်များသည် လူဦးရေအနည်းအများနှင့် နယ်မြေအကျယ်အဝန်းကို အခြေမခံဘဲ တူညီသော ဦးရေနှင့် ကိုယ်စားပြုခွင့်၊ မဲပေးခွင့်များကို ကျင့်သုံးကာ အမျိုးသားညီလာခံနှင့် အခြေခံဥပဒေညီလာခံတို့တွင် မဲပေးပိုင်ခွင့်ရှိစေရမည့်အပြင် အနည်းဆုံးလွှတ်တော် တခုသည် အခြားလွှတ်တော်ထက် အာဏာပိုရှိရမည်။ သို့မှသာ လွတ်လပ်စွာနှင့် တန်းတူစွာဖွဲ့စည်းထားသော စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု ဖြစ်နိုင်မည် ဖြစ်သည်။

အခြေခံဥပဒေဆိုသည်မှာ ပြည်သူ့လွှတ်တော်မှ ပြဋ္ဌာန်းသည့် အက်ဥပဒေမျိုးမဟုတ်၊ ၎င်းသည် မြင့်မြတ်လေးနက်၍ တန်ဖိုးကြီးမားသော ဥပဒေတို့၏ အရင်းအမြစ်ဖြစ်သည့်အပြင် အတူတကွ ပူးပေါင်းနေထိုင်ကာ အများအကျိုးစီးပွားဆောင်ရွက် အကောင်အထည်ဖော်လုပ်ဆောင်ကြရန် သဘောတူထားသည့် ပဋိညာဉ်လည်း ဖြစ်သည်။ သို့ဖြစ်၍ အခြေခံဥပဒေအား လူမျိုးစုတခု၏ ဆန္ဒကိုအခြေခံ၍ အတည်ပြုခြင်းသည် လူမျိုးစုများစွာ ဖွဲ့စည်းထားသော ပြည်ထောင်စု၌ မသင့်တော်ပေ။ ညီတူညီမျှသော ကိုယ်စားလှယ်များဖြင့် အတည်ပြုချက်ကိုရယူပြဋ္ဌာန်းကျင့်သုံးမှသာလျှင် ဒီမိုကရေစီစနစ်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံသော ဖက်ဒရယ်စနစ်ရှင်သန်ကာ ချင်းလဲန်းသည် ပြည်ထောင်စုအဖွဲ့ဝင်တခုအဖြစ် အခြားပြည်ထောင်စုအဖွဲ့ဝင်များနှင့် ပါဝင်လာနိုင်မည် ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် ဖက်ဒရယ်ပြည်ထောင်စု၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြည်ထောင်စုအဖွဲ့ဝင်အသီးသီး၏ ညီမျှသော ကိုယ်စားပြုကိုယ်စားလှယ်အများဆန္ဒအရ အတည်ပြုကြရန်ဖြစ်ပြီး၊ ပြည်ထောင်စုပြည်သား အများဆန္ဒအရ အသိအမှတ်ပြုရန် မဖြစ်နိုင်ပေ။ ဤနည်းအားဖြင့်သာလျှင် ဖက်ဒရယ်ပြည်ထောင်စုကို ပြန်လည် ဖွဲ့စည်းသင့်ပေသည်။

## ချင်းလဲန်းဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် အစိုးရဖွဲ့စည်းပုံများ

လွတ်လပ်သောတိုင်းပြည် (သို့) ပြည်နယ်တခုဖွဲ့စည်းရာတွင် အခြေခံဥပဒေသည် အခရာကျသော အရာဖြစ်ပေသည်။ ထိုသို့သော အခြေခံဥပဒေ၏အနက်အဓိပ္ပါယ်ကို ဖွင့်ဆိုသောအခါ "အခြေခံဥပဒေဆိုသည် အစိုးရ၏အာဏာနှင့် လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းခြင်းနှင့် ထိုအချက်နှစ်ချက်တို့ အပြန်အလှန်ဆက်ဆံခြင်း" ဟူ၍ အကြမ်းအားဖြင့် ဖွင့်ဆိုကြသည်။ သို့ဖြစ်၍ အခြေခံဥပဒေ၏ သဘောတရားများကို တည်ဆောက်သောအခါ ဥပဒေပြုအဖွဲ့ဖွဲ့စည်းခြင်း၊ အုပ်ချုပ်ရေးအဖွဲ့ဖွဲ့စည်းခြင်းနှင့် တရားစီရင်ရေးအဖွဲ့ ဖွဲ့စည်းခြင်းတို့ပါဝင်ပေသည်။ အက်ဥပဒေများကို ဥပဒေပြုအဖွဲ့ကရေးသားပြီး အုပ်ချုပ်ရေးအဖွဲ့များက အသုံးချကာ အဆိုပါ

ဥပဒေရေးသားချက်များနှင့် အသုံးပြုချက်များ အခြေခံဥပဒေနှင့်အညီဖြစ်မဖြစ် တရားစီရင်ရေးအဖွဲ့က စီစစ်ရပေသည်။

အခြေခံဥပဒေများကို တပြည်ထောင်ဥပဒေနှင့် ပြည်ထောင်စုဥပဒေဟူ၍ အကြမ်းအားဖြင့် ခွဲခြားထားသည်။ လူမျိုး၊ ဘာသာစကား၊ ဓလေ့ထုံးစံတူညီသောနိုင်ငံများတွင် တပြည်ထောင်အခြေခံဥပဒေကို ကျင့်သုံးကြပြီး၊ လူမျိုးပေါင်းစုံ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုများပြားသော နိုင်ငံများ၌ ပြည်ထောင်စုအခြေခံဥပဒေ (သို့) ဖက်ဒရယ်ဥပဒေများကို ရေးဆွဲအသုံးပြုကြသည်။

ပြည်ထောင်စု (သို့) ဖက်ဒရယ်အခြေခံဥပဒေများတွင် ဥပဒေပြုခွင့်၊ အုပ်ချုပ်ခွင့်၊ တရားစီရင်ခွင့်အာဏာများကို ဗဟိုနှင့်ပြည်နယ်များအကြား ခွဲခြားပေးအပ်ထားလေ့ရှိသည်။ တပြည်ထောင်စနစ်တွင်မူ ဗဟိုက ဥပဒေပြုခွင့်၊ အုပ်ချုပ်ခွင့်နှင့် တရားစီရင်ခွင့်အားလုံးတို့ကို ချုပ်ကိုင်ထားသည်။

သမ္မတစနစ်၊ ပါလီမန်စနစ်ဟူ၍ စနစ်နှစ်မျိုးနှစ်စားရှိသည့်အနက် ချင်းအမျိုးသားများစုရပ်၏ အများဆန္ဒမှာ ပြည်ထောင်စုဖက်ဒရယ်မြန်မာနိုင်ငံတွင် အဆိုပါ စနစ်နှစ်ခုကို ရောထွေးကာ ကျင့်သုံးသင့်သည်ဟု ယူဆသည်။ အကြောင်းမှာ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအကြား၌ လူဦးရေနှင့် ပထဝီနယ်မြေပိုင်ဆိုင်မှုကွာခြားချက် အလွန်မမျှမတ တည်ရှိနေသောကြောင့်ဖြစ်သည်။

ထို့ကြောင့်ပြည်ထောင်စု၏ အခြေခံဥပဒေကို ဖက်ဒရယ်စနစ်၌ အခြေခံသင့်ပေသည်။ သို့ဖြစ်၍ ချင်းလဲန်း၏ အခြေခံဥပဒေကိုလည်း တပြည်ထောင်နှင့် ဖက်ဒရယ်စနစ်ကို ရောထွေးကာ ရေးဆွဲထားခြင်း ဖြစ်သည်။

ပြည်ထောင်စု ဖက်ဒရယ်နိုင်ငံ၌ သမတစနစ်ကို ကျင့်သုံးခြင်းဖြင့် ဆိုးကျိုးများ ရှိနေသောကြောင့် ပါလီမန်စနစ်ကို ကျင့်သုံးကာ ဖက်ဒရယ်စနစ် ထွန်းကားစေရန် ရည်ရွယ်ချက်ဖြင့် ပါလီမန်ဒီမိုကရေစီစနစ်ကို အခြေခံကာ သမ္မတစနစ်ကိုလည်း ကျင့်သုံးနိုင်ရန် တင်ပြထားခြင်းဖြစ်ပေသည်။

အကယ်၍ ချင်းလဲန်း၌ သမ္မတစနစ်ကို ကျင့်သုံးလျှင် ချင်းလဲန်းအကြီးအကဲ၊ (ဦးသျှောင်) ချင်းလဲန်းအုပ်ချုပ်ရေးမှူးကို ချင်းပြည်သူများက တိုက်ရိုက်မဲပေးပြီး ရွေးချယ်ရမည်ဖြစ်ပြီး ချင်းလဲန်းအုပ်ချုပ်ရေးမှူးက ၎င်း၏ ကက်ဘိနက် အဖွဲ့ဝင်များကို ချင်းလဲန်း ဥပဒေပြုအဖွဲ့၏ သဘောတူညီချက်ဖြင့် ရွေးချယ်ရမည် ဖြစ်ပေသည်။

ချင်းလဲန်းအုပ်ချုပ်ရေးမှူးအား တိုက်ရိုက်ပြည်သူက ရွေးချယ်ခြင်းဖြင့် အရည်အချင်းပြည့်မီသူကို ရွေးချယ်ရန် အလားအလာများပေသည်။ ထိုသို့ တိုက်ရိုက်ရွေးချယ်ခြင်းဖြင့် ချင်းလဲန်းအုပ်ချုပ်ရေးမှူးသည် မျိုးနွယ်စုအားလုံးကို တိုက်ရိုက်ကိုယ်စား

ပြုလာမည်ဖြစ်ပြီး၊ ၎င်းတို့၏ ယုံကြည်လက်ခံအားကိုးမှုကို အကျိုးရှိရှိအသုံးချနိုင်မည် ဖြစ်ပေသည်။

သို့သော် တာဝန်မဲ့သော တာဝန်မလေးစားသော ချင်းလဲန်းအုပ်ချုပ်ရေးမှူးကို ရွေးချယ်မိပါက အန္တရာယ်များစွာရှိနိုင်သည်ကို သတိမူသင့်ပေသည်။ ကျဉ်းမြောင်းသော ဒေသစွဲရှိသည်ဟု စွပ်စွဲခံရသူများ၊ ပြည်သူ့ကိုယ်စားမပြုသူများ၊ ချင်းသမိုင်း၌ ပြောဆိုစရာရှိခဲ့သည်ကို မမေ့သင့်ပေ။

ထိုသို့အားဖြင့် အငြင်းအခုံဖြစ်စရာ အချက်အလက် အထောက်အထားများကို သတိမူလျှက် ဤစာတမ်းအားဖြင့် ချင်းပြည်သူပြည်သားအားလုံး ချင်းအမျိုးသားအကျိုးစီးပွား၏ အရင်းခံဖြစ်မည့် ချင်းလဲန်းဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးတွင် ကိုယ်ထိလက်ရောက် တတပ်တအားပါဝင်လာစေရန် ဖိတ်ခေါ်အပ်ပါသည်။ အချုပ်အားဖြင့် ဆိုရသော်

(၁) ချင်းလဲန်းအခြေခံဥပဒေသည် မတင်းမာလျှက် ပြုပြင်ရလွယ်သော အခြေခံဥပဒေ ဖြစ်သင့်ကြောင်း။

(၂) ချင်းလဲန်းအခြေခံဥပဒေသည် ဒီမိုကရေစီနှင့် လွတ်လပ်ခွင့်ကို အားပေးအားမြှောက်ပြုသော အခြေခံဥပဒေဖြစ်သင့်ကြောင်း။

(၃) ချင်းလဲန်း၏ ဒေသန္တရအုပ်ချုပ်ရေးနယ်မြေခွဲဝေမှုကို ဘာသာစကား၊ သဘာဝရေမြေအနေအထားနှင့် မိရိုးဖလာအုပ်ချုပ်ရေးနယ်မြေတို့ကို အခြေခံရေးဆွဲသင့်ကြောင်း။

(၄) ချင်းလဲန်းသည် ၎င်း၏ ကိုယ်ပိုင်အခြေခံဥပဒေနှင့်အညီ ဖက်ဒရယ်ပြည်ထောင်စု၏ အဖွဲ့ဝင်ဖြစ်ကြောင်းနှင့် အဆိုပါ ဖက်ဒရယ်ဒရယ်ပြည်ထောင်စုကို မြန်မာဖက်ဒရယ်ပြည်ထောင်စုဟုခေါ်ဆိုသင့်ကြောင်း။

(၅) ချင်းလဲန်း၏ အခြေခံဥပဒေသည် ဖက်ဒရယ်ဝါဒကို အခြေခံရေးဆွဲထားရာ ဒေသန္တရနယ်အသီးသီးသည် ၎င်းတို့ရေးရာကို ၎င်းတို့ စိတ်တိုင်းကျလုပ်ဆောင်ခွင့် ရှိသင့်ကြောင်းနှင့်

(၆) သမ္မတစနစ်နှင့် ပါလီမန်စနစ်တခုခုကို ရောနှောထားသောစနစ်ကို ကျင့်သုံးသင့်ကြောင်း (သို့) ဤမူကြမ်း၌ သမ္မတစနစ်ကို အလေးပေး ရေးသားထားကြောင်း။

**ချင်းအမျိုးသားများစုရပ်၊**
**အလုပ်အဖွဲ့ (၁)**
**ချင်းလဲန်းဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေး**

# အပိုင်း (၃)

## ချင်းလဲန်းဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်း

# PREAMBLE OF CHINLAND CONSTITUTION

## ချင်းလဲန်းဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနိဒါန်း

Considering the many conspicuous similarities of the various dialectal and cultural groups of the Chin people, which make us closer to each other than to people outside our common frontiers, the technical differences that we have, which some people might try to emphasize, are outweighed by the similarities that we have in our common society.

နည်းနိသာယကွဲပြားခြားနားမှုများကြောင့် ကျွန်ုပ်တို့ချင်းလူမှုအဖွဲ့အစည်းတွင် ကွဲပြားခြားနားမှုများရှိသည်ဟု တချို့သောပုဂ္ဂိုလ်များက မှတ်ယူကြသော်ငြားလည်း၊ ကျွန်ုပ်တို့ချင်းလူမျိုးများ၏ ဘာသာစကားစုများနှင့် ယဉ်ကျေးမှုဓလေ့ ထုံးတမ်းစဉ်လာများ သိသာထင်ရှားတမူထူးခြားစွာ တူညီနေခြင်းက ကျွန်ုပ်တို့နှင့် နယ်နမိတ်ခြင်း ဆက်စပ်နေသော တခြားလူမျိုးများထက်ပိုမိုသွေးစည်းညီညွတ်စေမှုကို စဉ်းစားအောက်မေ့၍သော်ဇင်း။

Contemplating the fact that when modern communication is improved in our region, the different dialectal groups or tribes of the Chins will have more and more contact with each other, leading to greater mutual intelligibility of the different dialects of Chin society, so that we will be able to increase our sense of oneness;

ချင်းလဲန်း၌ ခေတ်မီဆက်သွယ်ရေး စက်ယန္တရားများ တိုးတက်ကောင်းမွန်လာပြီး ချင်းလူမျိုးစုများ၏ မသိမသာကွဲပြားသော ကျွန်ုပ်တို့၏ဘာသာစကားနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ ပိုမိုထိတွေ့ဆက်ဆံလာသောအခါ ရရှိသိမြင်လက်ခံလာမည့် သိရှိနားလည်မှုများက ကျွန်ုပ်တို့ချင်းလူမျိုးများ တလုံးတဝဖြစ်ခြင်းသို့ ဦးဆောင်သွားမည်ကို မျှော်လင့်ယုံကြည်၍သော်ဇင်း။

Giving deep respect to the fact that we should not lose our sense of brotherhood in the affinities shared by all people who fall under the definition of Chin in the

Chin Hills Regulation Act 1896, a definition which is still in force in the Naga Hills of Sagaing Division in the Union of Burma, and which was adopted in the Chin Special Division Act of 1948 with the support of the Chin representatives to the Union of Burma;

ကျွန်ုပ်တို့ချင်းအမျိုးသားများသည် ညီရင်းအစ်ကိုတစ်အုတုံဆင်း ဖြစ်ကြောင်း ဥပဒေသက်သေအထောက်အထားဖြစ်သည့် ချင်းတောင်တန်းများ အက်ဥပဒေ ၁၈၉၆ နှင့် ၁၉၄၇ ခုနှစ်၌ ချင်းဝိသေသတိုင်းအက်ဥပဒေများအဖြစ် ချင်းအမျိုးသား ကိုယ်စားလှယ်များက ပြဋ္ဌာန်းကာ ယနေ့အထိတိုင် နာဂတောင်တန်းများနှင့် စစ်ကိုင်းတိုင်းတစိတ်တဒေသတို့တွင် ဥပဒေအဖြစ် အကျုံးဝင်လျှက်ရှိသော အက်ဥပဒေများကို လေးစားလိုက်နာ၍သော်ငင်း။

Believing that what were once thought to be fundamental differences in our dialects and cultures have now been revealed to be merely minor differences arising from our different environments, and accepting those differences as important contributions to the richness of our literature and culture, so that they do not block every closer relations among Chin people;

ယခင်က ဘာသာစကားနှင့်ယဉ်ကျေးမှုများ နက်ရှိုင်းစွာကွဲပြားသည်ဟု ယူဆခဲ့ကြသည်များမှာ သဘာဝပါတ်ဝန်းကျင်အနေအထား ခြားနားကွဲပြားမှုများ ကြောင့် လွဲမှားထင်မြင်ယူဆမှုများသာဖြစ်ကြောင်း တဖြည်းဖြည်းပေါ်လွင်လာသော အခါ ထိုသို့သော ပေါ်လွင်ထင်ရှားမှုများက ကျွန်ုပ်တို့ချင်းအမျိုးသားများ၏ ဘာသာ၊ စကား၊ စာပေနှင့်ယဉ်ကျေးမှု နက်ရှိုင်းကြွယ်ဝမှုများ ပေါ်လွင်ထင်ရှား လာစေမည်ကို ယုံကြည်၍သော်ငင်း။

Considering that this idea of brotherhood should be enshrined, together with democracy and self-determination, in the Constitution of Chinland, as a constituent unit of the Federal Union of Burma, to guide us in freedom toward striving for ever-increasing prosperity and development for Chinland and its people;

ဒီမိုကရေစီ နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို အခြေခံလျှက် ရေးဆွဲထားသော ဤချင်းလဲန်းဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ချင်းလူမျိုးအားလုံးညီအစ်ကို

အမျိုးတူဖြစ်ကြောင်းကို ပေါ်လွှင်ထင်ဟပ်စေပြီး ချင်းလူမျိုးများ၏ လွတ်လပ်ရေး ဖွံ့ဖြိုးတိုးတက်ရေးအလို့ငှာ ဤအခြေခံဥပဒေအရ ချင်းလဲန်းသည် ဖက်ဒရယ်ပြည်ထောင်စု၏ တစိတ်တဒေသဖြစ်ကြောင်းကို လက်ခံထင်ရှား၍သော်ငင်း။

Paying heed to the fact that our forefathers once worshiped the hills and dales, not only because they believed that spirits lived there, but also because in a remote region of their consciousness rooted in their deep devotion to protect our land, heritage and society forever, they realized that the hills and dales protected them from invasion by alien peoples from the outside world; and

ကျွန်ုပ်တို့၏ ဘိုးဘွားဘီဘင်တို့သည် ၎င်းတို့၏ပိုင်နက်နယ်မြေများ အမျိုးသား အမွေအနှစ်များနှင့် အမျိုးသားရေးဆိုင်ရာ ဂုဏ်အင်လက္ခဏာများကို တိုင်းတပါး နိုင်ငံခြားသားများ၏ ကျူးကျော်ဝင်ရောက် သိမ်းပိုက်ဖျက်ဆီးခြင်းမှ တောင်တန်း များ၊ လျှိုမြောင်များရှိ ဝိဥာဏ်တန်ခိုးရှင်များက ကာကွယ်နိုင်သည်ဟု ၎င်းတို့၏ အသိတရား၌ စွဲမြဲစွာယုံကြည်လက်ခံခဲ့ ခြင်းကို လေးစားကြည်ညို၍သော်ငင်း။

Seeing clearly that our hills and dales, which have so long protected our national identity, are no longer enough to preserve us, so that we must turn to constitutional means to sustain our continued self-determination; therefore, WE THE CHIN PEOPLE solemnly declare that in exercising our inherent sovereignty, we hereby establish this Constitution of Chinland, and with this Constitution we affirm our common wish to live together in peace and harmony to preserve the heritage of the past and to protect the promise of the future; To make one nation out of the many dialectal and cultural groups of the Chin people living in our hills and dales, we respect that affinities that we share, as well as the diversity of dialects and cultures that enriches us.

ကျွန်ုပ်တို့၏ အမျိုးသားဂုဏ်အင်လက္ခဏာများကို တောင်းတန်းလျှိုမြောင် များရှိ တန်ခိုးရှင်ဝိဥာဏ်များက ထိရောက်စွာ မကာကွယ်နိုင်တော့ကြောင်း ရှင်းလင်းစွာနားလည်သိရှိသောကြောင့် ကျွန်ုပ်တို့ဆန္ဒအမှန်ကို အခြေခံလျှက် ရေးသားပြဋ္ဌာန်းသော ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအားဖြင့် ကျွန်ုပ်တို့

၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နှင့် အမျိုးသားဂုဏ်အင်လက္ခဏာများကို ရှင်သန်ဖွံ့ဖြိုးစေရန်၊ ကျွန်ုပ်တို့ချင်းအမျိုးသားများသည် လေးနက်တည်ကြည်စွာဖြင့် ကျွန်ုပ်တို့၏ မွေးရာပါ အခွင့်အရေးအားလုံးကို လွတ်လပ်စွာအသုံးချပြီး အတူတကွ အစဉ်အမြဲပူးပေါင်း နေထိုင်လိုသောဆန္ဒ၊ ချင်းအမျိုးသားဂုဏ်အင်လက္ခဏာအားလုံး ထိမ်းသိမ်းစောင့်ရှောက်လိုသောအာသီတနှင့် ကျွန်ုပ်တို့၏အနာဂတ် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက် တိုးတက်ထွန်းကားစေလိုသော သံဓိဋ္ဌာန်များဖြင့် ချင်းလဲန်းကို ဘာသာစကားနှင့် ယဉ်ကျေးမှုကြွယ်ဝသော တောင်တန်းနှင့်လျှိုမြောင်ကြား နေထိုင်ကြသည့် ချင်းလူမျိုးအားလုံး၏ ညီညွတ်မှု၊ အပြန်အလှန်လေးစားမှု နှင့် နားလည်မှုများဖြင့် တည်ဆောက်ရန် ဆုံးဖြတ်ကြသည်။

The many hills and dales of our common heritage bring us together, sustain and enlarge us, and make us stronger; they no longer separate us.

မြောက်မြားစွာသော တောင်တန်းများနှင့်လျှိုမြောင်များသည် ကျွန်ုပ်တို့၏ အမျိုးသားဂုဏ်အင်လက္ခဏာများနှင့် ကျွန်ုပ်တို့ကို မကွဲအတူ အစဉ်ကြီးထွားစေလျှက်ရှိ၏။

Our ancestors, who made their homes in these highlands, displaced no other people. We who remain have no home other than this one.  Having known war, we hope for peace. Having been divided, we wish unity.  Having been ruled, we seek freedom.

ဤတောင်တန်း နှင့် လျှိုမြောင်များ၌ အိမ်ယာတိုင်းပြည်ထူထောင်လာခဲ့ကြသော ကျွန်ုပ်တို့၏ဘိုးဘွားဘီဘင်တို့သည် မည်သူ့ကိုမှမနှင်ထုတ်ခဲ့ကြ၊ ကျွန်ုပ်တို့သည် ဤမြေမှလွဲ၍ တခြားအိမ်ယာတိုင်းပြည်မရှိ၊ သမိုင်းမတင်မှီကာလမှစ၍ ချင်းလဲန်းသည် အင်္ဂလိပ်တို့သိမ်းပိုက်သည့်အထိ လွတ်လပ်၍အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်ခဲ့၏။ ဤမြေနေရာ တိုင်းပြည်၌ စစ်မက်ဖြစ်ပွားခြင်း ကြုံတွေ့ခဲ့ကြ၍ ငြိမ်းချမ်းရေးကို ငံ့လင့်ကြ၏။ ခွဲခြားပိုင်းဖြတ်ခြင်း ခံခဲ့ကြ၍ စည်းလုံးမှုကို တောင့်တကြ၏။ တခြားလူမျိုးများ၏ အုပ်ချုပ်မှုဒဏ်ကို ခံခဲ့ကြ၍ လွတ်လပ်မှုကို တောင်းဆိုကြ၏။

Recognizing that from time immemorial, our Chinland remained independent and free from outside force until British annexation in the nineteenth century.

သမိုင်းမတင်မီကာလမှစ၍ (၁၉) ရာစု၌ အင်္ဂလိပ်တို့က ပြင်ပမှကျူးကျော် သိမ်းပိုက်သည်အထိ ချင်းလဲန်းသည် လွတ်လပ်သောနိုင်ငံအဖြစ် တည်ရှိခဲ့သည်ကို အသိအမှတ်ပြုအောက်မေ့၍ သော်ငင်း။

We extend to all nations that which we seek from each: peace, friendship, cooperation, and love in our common humanity.  With this Constitution, we who have been the ward of other nations, become the proud guardian of our highland country, now and forever.

ကျွန်ုပ်တို့သည် နိုင်ငံအားလုံးနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ခြင်းကို လိုလားတောင်းဆို၏။ ဤအခြေခံဥပဒေအားဖြင့် ကျွန်ုပ်တို့နှင့် နယ်နမိတ်ခြင်း ထိစပ်လာသောနိုင်ငံများကို ကျွန်ုပ်တို့၏နယ်နမိတ် ထိမ်းသိမ်းစောင့်ရှောက်သော နိုင်ငံများ များအဖြစ် လေးစားဆက်ဆံနေကြမည် ဖြစ်၏။

We are one as a people in language, tradition, common habitation and love of this highland.

ကျွန်ုပ်တို့၏ တူညီသောဘာသာစကား ထုံးထမ်းဓလေ့ယဉ်ကျေးမှုများနှင့် ဤတောင်တန်းလျှိုမြောင်များအားချစ်မြတ်နိုးခြင်းဖြင့် အတူတကွယှဉ်တွဲ နေထိုင်လာမှုတို့က လူမျိုးတခုဖြစ်ကြောင်း ထင်ဟာပ်ပေါ်လွင်စေ၏။

We are proud of our way of life, which has survived the assaults of colonizers and the ravages of time, and we are proud of the wisdom of our aged people and the vigor of our youth.

ကျွန်ုပ်တို့၏တိုင်းပြည်နှင့် လူမျိုးဂုဏ်အင်လက္ခဏာများ မပြောက်ပျက်ရေး သိစ္စာရှိရှိသတ္တိအပြည့်ဖြင့် နယ်ချဲ့ကျူးကျော်ရန်ကို ခုခံကာကွယ်တွန်းလှန်ခဲ့ကြသော ဘိုးဘွားဘီဘင်များ နှင့် တွန်းလှန်ဆဲ မျိုးချစ်လူငယ်များကို လေးစား၏။

We are strong in our faith in our communal capacity for compromise and flexible growth and in our emerging democratic institutions.

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ပင်ကိုယ်စွမ်းအားများအပေါ် ယုံကြည်မှုအပြည့် အဝရှိလျှက် ညှိနှိုင်းလက်ခံတတ်သော စိတ်ဓါတ်ကောင်းများဖြင့် ဒီမိုကရေတစ် လူ့ဘောင်သစ်ဆီသို့ အရောက်ချီတက်ရန် အဓိဌာန်ပြုကြ၏။

As we together forge a new and higher destiny, we recognize that our traditions, our communal spirit, and the natural resources of our highland will be tested by the tasks ahead of us.

ကျွန်ုပ်တို့အားလုံးလက်တွဲ၍ ဒီမိုကရေတစ်လူ့ဘောင်သစ်ဆီသို့ ချီတက်နေစဉ်တွင် ကျွန်ုပ်တို့ရိုးရာယဉ်ကျေးမှု၊ ဒေသန္တရစိတ်ဓါတ်၊ တောင်တန်းမြေ၏ သဘာဝအမွေအနှစ်များသည် အစမ်းသပ်ခံရမည်ကို လက်ခံ၏။

Therefore, to celebrate our oneness, preserve our natural riches, renew our pride, fortify our strength, meet our concerns, guard our aspirations, and enable our determinations, WE THE PEOPLE of CHINLAND establish and give our life to this Constitution as the supreme law of our land on (month/date/year).

ထို့ကြောင့် ကျွန်ုပ်တို့၏ တလုံးတစည်းတည်းဖြစ်ခြင်းကို ဂုဏ်ပြုရန်၊ ကျွန်ုပ်တို့၏သဘာဝအမွေအနှစ်များကို ထိမ်းသိမ်းရန်၊ ကျွန်ုပ်တို့၏ အမျိုးဂုဏ်သိက္ခာကို ပြန်လည်ဆန်းစစ်ရန်၊ ကျွန်ုပ်တို့၏ အင်အားကိုခိုင်ခန့်စေရန်၊ ကျွန်ုပ်တို့၏ အရေးကိစ္စများ ပြည့်ဝလာစေရန်၊ ကျွန်ုပ်တို့၏ ဆန္ဒအာသီတများ ကာကွယ်ရန်နှင့် ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်များ ပြည့်စုံလာစေရန်၊ ကျွန်ုပ်တို့ချင်းအမျိုးသားများသည် (ရက်၊ လ၊ နှစ်) တွင် ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌ ကျွန်ုပ်တို့၏ အသက်ကို အပ်နှင်း၍ ဤအခြေခံဥပဒေအား ကျွန်ုပ်တို့တိုင်းပြည်၏ အမြင့်မြတ်ဆုံးသော ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

## TERRITORY OF CHINLAND

## ချင်းလဲန်း၏ပိုင်နက်နယ်မြေ

1. The territory of Chinland shall center on the region known as the Chin Special Division and the Chin State, with the exact boundaries of Chinland to be determined in the future.

၁။ ချင်းလဲန်း၏ ပိုင်နက်နယ်မြေဆိုသည်မှာ ယခင်က ချင်းဝိသေသတိုင်း နှင့် ချင်းပြည်နယ်ဟု သိရှိရသော နယ်မြေများကို ဗဟိုပြုသည့် နယ်မြေများပါဝင်စေလျှက် တိကျသော နယ်နမိတ်များကို အနာဂတ်တွင် ညှိနှိုင်းဆုံးဖြတ်ရမည်။

## PRESIDING IDEALS

## ချင်းပြည်သူတို့၏ဆန္ဒ

2. This section proclaims the presiding ideals of the Chinland Constitution. This section is intended as a guide to all citizens and officers of Chinland, particularly legislators and other policymakers, as they strive to make the norms of this Constitution a reality. Judges should not directly enforce these provisions as part of their judicial review power, but they may consult these ideals as interpretive guides to the parts of this Constitution that are judicially reviewable.

၂။ ဤဥပဒေပုဒ်မများသည် ချင်းလဲန်းဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအပေါ် ၌ ထားရှိသော ချင်းပြည်သူတို့၏ ဆန္ဒသဘောထားကို ဖေါ်ညွှန်းသည်။ ဤဥပဒေပုဒ်မများသည် ချင်းပြည်သူပြည်သားများနှင့် တာဝန်ရှိအုပ်ချုပ်သူများအတွက် လမ်းညွှန်ဖြစ်ပြီး အထူးသဖြင့်ဥပဒေပြုအဖွဲ့ဝင်များနှင့် ပေါ်လစီရေးဆွဲသူတို့က ဤအခြေခံဥပဒေများအား လက်တွေ့ကျင့်သုံးသောအခါ လမ်းညွှန်လက်စွဲအဖြစ် အသုံးပြုရမည်။ တရားသူကြီးများသည် ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ဤဥပဒေပုဒ်မများကို မသုံးသပ်ရ။ သို့သော် ဥပဒေအရ ချမှတ်ထားသည့်

ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန်တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာကို အသုံးချပြီး ဥပဒေအနက်များ ဖွင့်ဆိုသောအခါ ဤဥပဒေပုဒ်မများကို ချင်းပြည်သူတို့၏ ဆန္ဒသဘောထားစံများအဖြစ် အသုံးပြုရမည်။

3. The blessings of a free government can be maintained only by a firm adherence to justice, moderation, temperance, and virtue, and by frequent recurrence to fundamental principles.

၃။ လွတ်လပ်သော အစိုးရ၏ သုခချမ်းသာခြင်းများသည် တရားမျှတမှု၊ သင့်တင့်မျှတမှု၊ အလယ်အလတ်ဖြစ်မှုနှင့် မြင့်မြတ်သော ဂုဏ်အင်္ဂါများအပေါ် မဖောက်မပြန် မြဲမြဲစောင့်ထိန်းခြင်းဖြင့် တည်တံ့စေနိုင်သောကြောင့် အခြေခံကျသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ သဘောတရားများကို မကြာမကြာ ပြန်လည်ပြုပြင်ရမည်။

4. The Chinland Constitution rests on five fundamental principles: individual rights, limited government, individual duties, the obligation of government, and Chin self-determination.

၄။ ချင်းလဲန်း ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မများသည် အခြေခံသဘောတရားကြီး ငါးခုဖြစ်သည့် တသီးပုဂ္ဂလလွတ်လပ်မှု၊ အစိုးရအာဏာ ကန့်သတ်ထားမှု၊ တသီးပုဂ္ဂလတို့၏ တာဝန်ဝတ္တရားများကျေပြွန်မှု၊ အစိုးရတို့၏ တာဝန်ဝတ္တရားကျေပြွန်မှုနှင့် ချင်းလူမျိုးများ၏ ကိုယ့်ကြမ္မာကိုယ် ဖန်တီးပိုင်ခွင့်တို့တွင် အခြေခံသည်။

5. INDIVIDUAL RIGHTS: All citizens and residents of Chinland are by nature free and independent and have certain inherent and inalienable rights; among these are life, liberty and the pursuit of happiness. The section of this Constitution on Individual Rights lists those rights that shall be enforced by judges within their judicial review power.

၅။ **တသီးပုဂ္ဂလ၏ အခွင့်အရေးများ။** ချင်းလဲန်း၌နေထိုင်သူ နိုင်ငံသားပြည်သူအားလုံးသည် သဘာဝအရ လွတ်လပ်ပြီး သူတပါးသြဇာလွှမ်းမိုးမှုမှ ကင်းလွတ်၍ တချို့သော ငြင်းပယ်မရသည့်အခွင့်အရေးများ မွေးရာပါပိုင်ဆိုင်ကြရာ ၎င်းတို့မှာ အသက်ရှင်ခွင့်၊ လွတ်လပ်ခွင့်၊ သုခကိုရှာဖွေနိုင်ခွင့်တို့ ဖြစ်ကြသည်။

ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မများ၌ ဖော်ပြထားသော တသီးပုဂ္ဂလဆိုင်ရာ အခွင့်အရေးများကို တရားသူကြီးများက ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်လည်သုံးသပ်ပိုင်ခွင့်ရှိသည်။

6. LIMITED GOVERNMENT: To secure these rights, governments are instituted, deriving their just powers from the consent of the people. The Chinland government shall never attempt to rule the people of Chinland without their consent or in derogation of their rights.

၆။ **ကန့်သတ်ထားသော အစိုးရအာဏာ။** တသီးပုဂ္ဂလ၏ အခွင့်အရေးများ လုံခြုံကာကွယ်စေရန် အစိုးများကို ဖွဲ့စည်းထားသောကြောင့် ၎င်းတို့၏လုပ်ပိုင်ခွင့်အာဏာများသည် ပြည်သူ့ထံမှ သက်ဆင်းသည်နှင့်အညီ မည်သည့်အချိန်အခါ၌မဆို ချင်းလဲန်းအစိုးရသည် ပြည်သူများ၏ဆန္ဒကို ဆန့်ကျင်ပြီး (သို့မဟုတ်) ၎င်းတို့၏အခွင့်အရေးများ ယိုးယွင်းပျက်ပြားစေပြီး အုပ်ချုပ်ခြင်း မပြုရ။

7. INDIVIDUAL DUTIES: All citizens and residents of Chinland also have duties to each other, to create a free, just and compassionate political and social order. These include but are not limited to duties to family, society, and state. Individuals should not use their rights in derogation of their duties.

၇။ **တသီးပုဂ္ဂလတို့၏ တာဝန်ဝတ္တရားများ။** ချင်းအမျိုးသားအားလုံးနှင့် ချင်းလဲန်းတွင် နေထိုင်ကြသူပြည်သူအားလုံးသည် တဦးအပေါ်တဦး လွတ်လပ်၍ တရားမျှတသော နိုင်ငံရေးနှင့်လူမှုရေး တည်တံ့မြဲမြံရေးအတွက် တာဝန်ရှိကြရာ၎င်းတာဝန်ဝတ္တရားများမှာ မိသားစု၊ လူမှုရေးနှင့် ချင်းလဲန်းတို့ဖြစ်သည်။ တသီးပုဂ္ဂလများသည် ၎င်းတို့၏ အခွင့်အရေးများကိုအသုံးချခြင်းဖြင့် ၎င်းတို့၏ တာဝန်ဝတ္တရားများအား လစ်ဟင်းယိုယွင်းခြင်း မဖြစ်စေရ။

8. THE OBLIGATION OF GOVERNMENT: The government of Chinland has positive obligations to create a free, just and compassionate social order, to protect individual rights and promote individual

duties, and to provide for the general welfare of the people of Chinland.

၈။ **အစိုးရတို့၏ တာဝန်ဝတ္တရားများ။** ချင်းလဲန်းအစိုးရသည် လွတ်လပ်မျှတ၍ စာနာထောက်ထားတတ်သော လူ့ဘောင်တည်ဆောင်နိုင်ရေးအတွက် တသီးပုဂ္ဂလများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊ တသီးပုဂ္ဂလများ၏ တာဝန်များမြှင့်တင်ပေးရန်နှင့် ချင်းအမျိုးသားများ၏ အထွေထွေလူမှုဖူလုံရေးများကို ဖြည့်စည်းပေးရန် တာဝန်ဝတ္တရားရှိသည်။

9. CHIN SELF-DETERMINATION: This Constitution establishes the right of the Chins people to rule themselves. Chins have always welcomed others to live among them, to share their culture, and to pledge themselves to the Chin future. Accordingly, Chinland shall be a home for Chins, but it should also strive for the inclusion and equal treatment of those who are not Chin. For that reason, this Constitution guarantees equal rights to all citizens and residents of Chinland, regardless of ethnicity, but it also allows the government of Chinland to protect and promote Chin culture and to control immigration to Chinland.

၉။ **ချင်းအမျိုးသားများ၏ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်။** ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ချင်းအမျိုးသားများ၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီး အုပ်ချုပ်ပိုင်ခွင့်ကို ကာကွယ်ပြဋ္ဌာန်းပေးသည်။ ချင်းအမျိုးသားများသည် တခြားအမျိုးသားများ၏ မိမိတို့နှင့် အတူတကွယှဉ်တွဲနေထိုင်လိုခြင်း၊ မိမိတို့၏ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ ဝေမျှကျင့်သုံးလိုခြင်း၊ ချင်းပြည်အနာဂတ်အတွက် ကတိဂဝတ်ပြုဆောင်ရွက်လိုခြင်းများကို ကြိုဆိုလက်ခံသည်။ ထို့ကြောင့် ချင်းလဲန်းသည် ချင်းလူမျိုးများ၏ ဘူမိနက်သန်ပိုင်နက်မြေဖြစ်စေကာမူ ချင်းလဲန်း၌နေထိုင်ကြသော ချင်းအမျိုးသားများ မဟုတ်သူများကို တန်းတူညီမျှဆက်ဆံရန် သံဓိဋ္ဌာန်ချပေသည်။ ထို့ကြောင့် ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မများအရ ချင်းအမျိုးသား မဟုတ်သော်လည်း ချင်းပြည်တွင်နေထိုင်ကြသည့် တခြားအမျိုးသားများကို တန်းတူအခွင့်အရေးများ ပေးထားစဉ်တွင် ချင်းလဲန်းအစိုးရက ချင်းအမျိုးသား ယဉ်ကျေးမှုများ ကာကွယ်စောင့်ရှောက်တိုးတက်ဖွံ့ဖြိုးစေရန် ချင်းလဲန်းအတွင်း လူဝင်မှုကို ကန့်သတ်ထားရသည်။

## တသီးပုဂ္ဂလ အခွင့်အရေးများ

10. The courts of Chinland shall have the power of judicial review to enforce the provisions of this section; the courts of Chinland shall therefore review the actions of all departments of government and government officials for conformity to these provisions. Any decision of the High Court in the interpretation of these provisions shall be final and binding on the parties to that decision and on all of the people of Chinland, including departments of the government and government officials.

၁၀။ ချင်းလဲန်းတရားရုံးများသည် ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မများအား ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်လည်သုံးသပ်ပိုင်ခွင့်ရှိသည်။ ချင်းလဲန်းတရားရုံးများသည် အစိုးရဌာနများနှင့် ဝန်ထမ်းများ၏ လုပ်ဆောင်မှုများအပေါ် ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မများ အရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်လည်သုံးသပ်ပိုင်ခွင့်ရှိသည်။ ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မများ အပေါ် ချင်းလဲန်းတရားရုံးများ၏ ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြန်လည်သုံးသပ် အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် နောက်ဆုံးဖြစ်ပြီး သက်ဆိုင်သော အဖွဲ့အစည်း၊ ချင်းပြည်သူအားလုံး၊ အစိုးရဌာနများနှင့် ပြည်သူ့ဝန်ထမ်းများအပေါ် ဥပဒေကဲ့သို့ အာဏာသက်ရောက်သည်။

11. Slavery shall not exist in the territory of Chinland.

၁၁။ ချင်းလဲန်း၌ ကျေးကျွန်ပြုခြင်း မရှိစေရ။

12. Involuntary servitude shall not exist in the territory of Chinland except as punishment of a crime whereof the party shall have been duly convicted.

၁၂။ တရားဥပဒေအရ အပြစ်ဒဏ်ပေးခြင်းကိုခံရသဖြင့် အလုပ်ဒါဏ်ကိုထမ်း

ဆောင်ခိုင်းခြင်းမှတပါး အလိုဆန္ဒမပါဘဲ နိုင်ထက်စီးနင်း စေခိုင်းခြင်း ချင်းလဲန်း၌ မရှိစေရ။

13. No person shall be deprived of life, liberty, or prop erty, without due process of law, nor be denied equal protection of the laws.

၁၃။ တရားဥပဒေအရမဟုတ်လျှင် မည်သူမျှ မိမိ၏အသက်၊ လွတ်လပ်မှု၊ ဥစ္စာဓနေ၊ ဆုံးရှုံးမှု မရှိစေရသည့်အပြင် ဥပဒေ၏ တန်းတူကာကွယ်မှုမှ ငြင်းဆိုခြင်း မရှိစေရ။

14. Every person shall have rights of political expression and organization. These rights include but are not limited to the right to speak, write, and publish, the right to form political parties, the right peaceably to assemble and consult, the right to petition the government, and the right to vote as detailed in the section of this Constitution on suffrage. These rights specifically include the right, without reprisal, to dissent publicly from government policies, to criticize government officials, to organize to change government policy, and to agitate for constitutional change, except that the government may control speech designed to incite racial, religious, or ethnic violence or the imminent overthrow of the government.

၁၄။ လူတိုင်းသည် နိုင်ငံရေးထုတ်ဖော်ခွင့်နှင့် ဖွဲ့စည်းခွင့်ရှိရာ အောက်ပါအခွင့်အရေးများတွင် ကန့်သတ်မှုမရှိစေရ။ လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားခွင့်၊ ပုံနှိပ်ခွင့်၊ အဖွဲ့အသင်းများ ဖွဲ့စည်းပိုင်ခွင့်၊ ငြိမ်းချမ်းစွာစုဝေးနိုင်ခွင့်နှင့် တိုင်ပင်နှီးနှော်ခွင့်၊ အစိုးရထံသို့ လျှောက်လဲခွင့်နှင့် မဲပေးခြင်းဆိုင်ရာပုဒ်မများ၌ ပြဋ္ဌာန်းထားသည့်အတိုင်း မဲပေးပိုင်ခွင့်များအပါအဝင် ရှင်းလင်းစွာပြဋ္ဌာန်းထားသော အခွင့်အရေးများမှာ လက်တုန့် ပြန် ကလဲ့စားချေခြင်းမဟုတ်ဘဲ အများပြည်သူအသိ အစိုးရပေါ်လစီများအား ကန့်သတ်ပိုင်ခွင့်၊ ပြည်သူ့ဝန်ထမ်းများအား ဝေဖန်ပိုင်ခွင့်၊ အစိုးရပေါ်လစီများပြောင်းလဲရန် စည်းရုံးပိုင်ခွင့်နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရန် လှုံ့ဆော်ပိုင်ခွင့်တို့ဖြစ်သည်။ သို့သော် လူမျိုးရေးအရေးအခင်း၊ ဘာသာရေးပဋိပက္ခ (သို့မဟုတ်)

အမျိုးသားအရေးအခင်း ဖြစ်ပွားလာစေရန် ရည်ရွယ်ပြောဆိုခြင်းများကိုမူ အစိုးရက ကြီးကြပ်ကိုင်တွယ်ရပေလိမ့်မည်။

15. Every person shall have the right freely to speak, write, and publish on all subjects, political and non-political alike.

၁၅။ လူတိုင်းသည် မည်သည့်ကိစ္စ၌မဆို နိုင်ငံရေးနှင့်ဆိုင်သည် မဆိုင်သည်ဖြစ်စေ လွတ်လပ်စွာ ပြောဆို၊ ရေးသား၊ ပုံနှိပ်ထုတ်ဝေ ပိုင်ခွင့် ရှိကြသည်။

16. In all trials for libel, both civil and criminal, the truth shall be a sufficient defense.

၁၆။ အသရေဖျက်မှုနှင့် တရားမ မှု၊ ရာဇဝတ်မှုနှင့်ဆိုင်သော တရားစွဲဆိုမှုအားလုံး၌ အမှန်တရားဟူသည့် လုံလောက်သော ချေပချက်များ ရှိရမည်။

17. Martial law shall never be declared in Chinland except in the event of genuine foreign invasion or widespread insurrection against constitutional authority.

၁၇။ နိုင်ငံခြားမှ ကျူးကျော်ဝင်ရောက်ခြင်း (သို့မဟုတ်) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ အခွင့်အာဏာများကို ဆိုးဝါးစွာ ဆန့်ကျင်တော်လှန်ခြင်းတို့မှတပါး ချင်းလဲန်းတွင် စစ်ဥပဒေလုံးဝ မပြဋ္ဌာန်းရ။

18. No standing army shall be kept up without the consent of the legislature, and the military shall, in all cases, and at all times, be in strict subornation to the civil power.

၁၈။ ချင်းလဲန့် ဥပဒေပြုလွှတ်တော်၏ ခွင့်ပြုချက်မရှိဘဲ အမြဲတန်းစစ်တပ်များ မထားရှိရ။ မည်သည့်အနေအထား၊ အခြေအနေ၌မဆို စစ်တပ်သည် အရပ်သားအာဏာအောက်တွင် ရှိရမည်။

19. Every person shall have an individual right to keep and bear personal arms for self-defense, hunting, recreation or any other lawful purpose. This right shall be subject to reasonable regulation, and it shall not extend to military-style arms or to the possession of arms for the purpose of insurrection against constitutional authority.

၁၉။ လူတိုင်းသည် မိမိကိုယ်ကိုမိမိကာကွယ်ရန်၊ အမဲလိုက်ရန်၊ အပန်းဖြေရန် (သို့မဟုတ်) တရားဥပဒေက ခွင့်ပြုသော ကိစ္စများ ဆောင်ရွက်ရန်တို့အတွက် လက်နက်ကိုင်ဆောင် ပိုင်ဆိုင်ခွင့်ရှိသည်။ သို့သော် ဤအခွင့်အရေးကို အကြောင်းတရားခိုင်လုံမှုပေါ် မူတည်၍ ချင်းလဲန်းဥပဒေပြုအဖွဲ့ကပြုပြင် ပြောင်းလဲနိုင်သည်။ စစ်လက်နက်နှင့်ဆိုင်သော လက်နက်များ ပိုင်ဆိုင်ခြင်း မဖြစ်စေရ။ သို့မဟုတ် ဥပဒေအာဏာကို ဆန့်ကျင်ရန် ပိုင်ဆိုင်ခြင်း မဖြစ်စေရ။

20. No bill of attainder or ex post facto law shall ever be passed.

၂၀။ ပြစ်မှုများကျူးလွန်ပြီးနောက် ပြစ်ဒဏ်ပေးရန် ဥပဒေပြဌာန်းခြင်းလုံး၀ မပြုရ။

21. No law or government action shall provide for the impairment of the government's pre-existing contractual obligations.

၂၁။ အစိုးရ၏တည်ရှိပြီး ပဋိညာဉ်နှင့်ဆိုင်သော တာဝန်ဝတ္တရားများကို အားနည်းစေမည့် ဥပဒေပြုခြင်း သို့မဟုတ် အစိုးရကလုပ်ဆောင်ခြင်း မပြုရ။

22. The government of Chinland shall never take private property except for a bona-fide public use and with payment of just compensation.

၂၂။ အမှန်တကယ်ပြည်သူ့အတွက် အသုံးချရန် ထိုက်တန်သော တန်ဖိုးနှင့်လျော် ကြေးပေးခြင်းမှတပါး ချင်းလဲန်းအစိုးရသည် တသီးပုဂ္ဂလပိုင်ဆိုင်မှုများကို သိမ်းယူခြင်း မပြုရ။

23. No person shall ever be imprisoned for debt.

၂၃။ မည်သူမဆို အကြွေးကြောင့် ထောင်ဒဏ်ကျခံခြင်း မရှိစေရ။

24. All lands within the Chinland are declared to be alldial, and feudal tenures are prohibited. Leases and grants of agricultural land for a longer term than fifteen years in which rent or service of any kind shall be reserved.

၂၄။ ချင်းလဲန်းရှိ မြေအားလုံးသည် လွတ်လပ်သော မြေများဖြစ်ပြီး မြေပိုင်ရှင်စနစ်ကို တားမြစ်ထားသည်။ ဆယ့်ငါးနှစ်ထက် ပိုကြာမည့် စိုက်ပျိုးရေးနှင့်ဆိုင်သော မြေများ ငှားရမ်းခြင်း၊ ခွင့်ပြုခြင်း၊ သုံးစွဲခြင်း၊ သို့မဟုတ် အမျိုးမျိုးသော လုပ်ဆောင်ခြင်းများကို လျာထားရမည်။

25. The right of every person to worship according to the dictates of conscience shall never be infringed; nor shall any person be compelled to attend, erect or support any place of worship, or to maintain any ministry; nor shall any control of, or interference with, the rights of conscience be permitted, or any preference be given by law to any religious establishments or modes of worships; nor shall any money be drawn from the treasury for the benefit of religious societies, or religious or theological seminaries.

၂၅။ လူတိုင်းသည်၎င်းတို့ အသိတရား၏ လမ်းညွှန်ချက်အတိုင်း လွတ်လပ်စွာဝတ်ပြုကိုးကွယ်ပိုင်ခွင့်ကို လုံးဝမချိုးဖောက်ရ သည့်အပြင် တဦးတယောက်အားအတင်းအဓမ္မဝတ်ပြုကိုးကွယ်စေခြင်း၊ ဝတ်ပြုစည်းဝေးစေခြင်း၊ တည်ဆောက်စေခြင်း၊ အားပေးစေခြင်း သို့မဟုတ် သာသနာအားထိန်းသိမ်းစေခြင်း မပြုစေရ။

26. No religious test shall be ever be required as a qualification for any office of public trust under the state, and no person shall be rendered incompetent to give evidence in any court of law or equity in consequence of his opinions on the subject of religion.

၂၆။ ချင်းလဲန်းအတွင်းရှိ ပြည်သူ့ဝန်ထမ်းအရည်အချင်းပြည့်မှီကြောင်းကို ဘာသာရေးအားအခြေခံပြီး စမ်းသပ်ခြင်းမပြုရ။ မည်သူမဆို ၎င်း၏ဘာသာရေးကိုးကွယ်ယုံကြည်မှုများကြောင့် တရားရုံးများ၌ သက်သေထွက်ဆိုနိုင်ခွင့်ကို မတားမြစ်ရ။

27. Every person is entitled to a certain legal remedy for all legal injuries or wrongs which he or she may receive in his or her person, property, or character; he or she has a right to obtain justice freely, without being obliged to purchase it, and he or she ought to obtain it completely and without denial, promptly and without delay.

၂၇။ လူတိုင်းသည် ဥပဒေအရ ထိုက်သင့်သောပြုပြင်သက်သာစေကြောင်းကို မိမိကိုယ်တိုင်ဖြစ်စေ၊ ပစ္စည်းဥစ္စာအားဖြင့်ဖြစ်စေ၊ ဂုဏ်အင်္ဂါအားဖြင့်ဖြစ်စေ ဥပဒေ၏ ကာကွယ်မှုကို အခကြေးငွေမဲ့ လွပ်လပ်စွာနှင့် အချိန်တိကျစွာငြင်းပယ်ခြင်းမရှိ ရရှိစေရမည်။

28. Every citizen or resident of the Chinland shall have the right to sue the government of Chinland, the Township governments, and their delegatees, conformably to the laws, for all legal injuries or wrongs which he or she may receive in her person, property, or character. This Constitution of Chinland waives any claim of sovereign immunity that the government of Chinland, the Township governments, or their delegatees might interpose against suits by its citizens or residents. The Chinland Legislative Assembly may provide by law in what manner and in what courts such suits may be brought.

၂၈။ ချင်းအမျိုးသားတိုင်းနှင့် ချင်းလဲန်း၌ တရားဝင်နေထိုင်ကြသူများသည် ချင်းလဲန်းအစိုးရ၊ မြို့နယ်အစိုးရ၊ ၎င်းတို့၏ကိုယ်စားလှယ်များကို ဥပဒေဘောင်အတွင်း၌ ၎င်းတို့၏ ဥပဒေအရ လူပုဂ္ဂိုလ်၊ ဥစ္စာနေ၊ သို့မဟုတ် အကျင့်စာရိတ္တအပေါ် နစ်နာမှုများအတွက် တရားစွဲဆိုပိုင်ခွင့်ရှိသည်။ ဤအခြေခံဥပဒေက ချင်းလဲန်းအစိုးရ၊ မြို့နယ်အစိုးရများ သို့မဟုတ် ၎င်းတို့၏ ကိုယ်စားလှယ်များက အချုပ်အချာအာဏာကို အကြောင်းပြု၍ ချင်းပြည်သူများနှင့် တရားဝင်နေထိုင်သူတို့၏ တရားစွဲဆိုခွင့်အား ဟန့်တားခြင်းကို တားမြစ်သည်။

29. Treason against Chinland shall consist only in levying war against it, adhering to its enemies, giving them aid and comfort. No person shall be convicted of treason unless on the testimony of two witness to the same overt act, or on confession in open court.

၂၉။ ချင်းလဲန်းအား ပုန်ကန်ခြင်းအမှုတွင် ချင်းလဲန်းအား စစ်ကြေညာခြင်း၊ ချင်းလဲန်း၏ ရန်သူများအားထောက်ခံခြင်းနှင့် ၎င်းတို့အားကူညီခြင်း၊ နှစ်သိမ့်ခြင်းတို့သာလျှင် ချင်းလဲန်းအား ပုန်ကန်ခြင်းအမှုမည်သည်။ မည်သူမဆို မျက်မြင်သက်သေနှစ်ဦးက မလျှို့မဝှက်သော ပြုမှုမှု သို့မဟုတ် အများပြည်သူသိရှိနိုင်

သော တရားရုံး၌ ဝန်ခံခြင်းဖြင့်သာ ချင်းလဲန်းအား ပုန်ကန်ခြင်းကို ပြစ်ဒဏ်ချမှတ်ရမည်။

30. Excessive bail shall not be required, nor shall excesive fines be imposed, nor cruel and unusual punishments inflicted.

၃၀။ အလွန်အကျူးတန်ဖိုးဖြင့် အာမခံစေခြင်း၊ ဒဏ်ငွေပေးဆောင်စေခြင်းနှင့် ကြမ်းတမ်းပြီး သာမန်မဟုတ်သော ပြစ်ဒဏ်ပေး နာကျင်စေခြင်း မရှိစေရ။

31. The people shall be secure in their persons, houses, papers, and possessions from all warrantless searches and from all unreasonable searches. No warrant to search any place or seize any person or thing shall issue without a special designation of the place to be searched and the person or thing to be seized. No warrant shall issue without probable cause, supported by oath or affirmation.

၃၁။ ဝရမ်းမပါသော ရှာဖွေခြင်းနှင့် ကျိုးကြောင်းညီညွတ်မှုမရှိသော ရှာဖွေမှုမှ ပြည်သူအားလုံးသည် ၎င်းတို့၏ ပုဂ္ဂိုလ်များ၊ အိမ်များ၊ စာရွက်စာတမ်းများနှင့် ပိုင်ဆိုင်မှုများအားလုံးအပေါ် လုံခြုံမှုရှိစေရမည်။ တိကျသောနေရာ၊ လူပုဂ္ဂိုလ်သို့မဟုတ် အရာဝတ္ထုကို ရှာဖွေဖမ်းဆီးရန်ဟု မသေချာပဲ ဝရမ်းမထုတ်ရ။ အကြောင်းရင်းခိုင်လုံကြောင်း ကျမ်းကျိန်ထွက်ဆိုခြင်းမရှိလျှင် မည်သည့် ဝရမ်းမှ မထုတ်ရ။

32. The right of trial by jury shall remain inviolate, and shall extend to all cases as the Chinland Legislative Assembly may prescribe from time to time.

၃၂။ ခုံသမာဓိလူကြီးများဖြင့် အမှုစီရင်ခြင်းကို တားမြစ်ရုတ်သိမ်းခြင်း မပြုရ။ မည်သည့်အမှု၌မဆို ခုံသမာဓိလူကြီးများဖြင့် အမှုစီရင်နိုင်ရန် ချင်းလဲန်းဥပဒေပြုအဖွဲ့သည် လိုအပ်လျှင်လိုအပ်သလို အက်ဥပဒေ ပြုပြဋ္ဌာန်းရမည်။

33. In all criminal prosecutions the accused shall enjoy the right:

i. To be heard by himself or herself and counsel;
ii. To demand the nature and cause of the accusation against him and have a copy thereof;

iii. To meet the witnesses against him or her face to face;

iv. To have compulsory process to compel the attendance of witnesses in his or her behalf;

v. To a speed, public, and impartial trial;

vi. To trial by an impartial jury of the local administration units wherein the offense shall have been committed; which administrative unit shall have been previously ascertained by law, except in cases of martial law or impeachment.

vii. The accused shall not be compelled to furnish or give evidence against himself or herself, nor be deprived of life, liberty, property or privileges, but by judgment of that person's peers or the law of the Chinland.

၃၃။ ရာဇဝတ်မှုကျူးလွန်သူ တရားစွဲဆိုရာတွင် စွပ်စွဲခံရသူများသည် အောက်ပါ အခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိသည်။

(က) မိမိကိုယ်တိုင် (သို့မဟုတ်) အကျိုးဆောင်ရှေ့နေနှင့်အမှုကို ရင်ဆိုင်ခြင်း။

(ခ) မိမိအား စွပ်စွဲရသည့်အကြောင်းရင်းကို တောင်းဆိုပိုင်ခွင့်နှင့်မိတ္တူကို ရရှိပိုင်ခွင့်ရှိခြင်း။

(ဂ) မိမိကို ဆန့်ကျင်ထွက်ဆိုသော တရားမျက်မြင်များကို မျက်နှာချင်းဆိုင် တွေ့နိုင်ခွင့်ရှိခြင်း။

(ဃ) ၎င်း၏ ကိုယ်စားပြုမျက်မြင်သက်သေများအား မလုပ်မနေရ လုပ်နည်း အစဉ်ဖြင့် တရားရုံးတက်ထွက်ဆိုစေခြင်း။

(င) မြန်ဆန်၍ အများပြည်သူပါဝင်သော ဘက်မလိုက်သည့် တရားစီရင်မှု ခံစားရရှိနိုင်ခြင်း။

(စ) ဘက်မလိုက်သော ဒေသန္တရအုပ်ချုပ်ရေးယူနစ် ခုံသမာဓိလူကြီးများဖြင့် အမှုကျူးလွန်ရာဒေသ၌ အမှုစီရင်ရန်၊ ၎င်းဒေသန္တရအုပ်ချုပ်ရေးယူနစ် သည် ဥပဒေအရ ယခင်က အဖြစ်အပျက်မှန်မမှန် သေချာအောင်၊ အကယ်၍ စစ်ဥပဒေ (သို့မဟုတ်) ရာထူးမှ ဖယ်ရှားခြင်းအမှု မဖြစ်ခြင်း။

(ဆ) စွပ်စွဲခံရသူသည် အကြပ်ကိုင်ခံရခြင်းကြောင့် မိမိကို မိမိဆန့်ကျင်၍ သက်သေထွက်ဆိုခြင်းမပြုရ၊ ၎င်း၏ အသက်၊ လွပ်လပ်ခွင့်နှင့် အခွင့် အရေးများကို ၎င်း၏ အကျိုးဆောင်များ သို့မဟုတ် ချင်းလဲန်း၏ ဥပဒေ အရ မဟုတ်လျှင်ဆုံးရှုံးခြင်း မရှိစေရ။

34. No person shall be held to answer for a criminal offense without due process of law, and no person for the same offense shall be put twice in jeopardy of punishment, nor may any person be compelled in any criminal case to be a witness against himself or herself.

၃၄။ ရာဇဝတ်မှုကျူးလွန်သူ မည်သူမဆိုဥပဒေကာကွယ်မှု စည်းဘောင်ကျော်၍ စစ်ဆေးဖြေကြားစေခြင်း၊ ပြစ်မှုတခုကြောင့် ပြစ်ဒါဏ် နှစ်ကြိမ်ကျခံစေခြင်း၊ အကြပ်ကိုင်ခြင်းဖြင့် မိမိကို မိမိဆန့်ကျင်၍သက်သေထွက်ဆိုခြင်းမပြုစေရ။

## INDIVIDUAL DUTIES

## တသီးပုဂ္ဂလ တာဝန်များ

35. The Legislative Assembly of Chinland shall have the power and responsibility to execute this section in appropriate ways. This section shall not be judicially reviewable by the courts of Chinland, but this section may provide interpretive guidance for the provisions of this constitution that are judicially reviewable.

၃၅။ ချင်းလဲန်းပြည်သူ့လွှတ်တော်သည် ဤပုဒ်မများကို သင့်တော်သလို ဥပဒေအရ အတည်ဖြစ်စေရန် အာဏာနှင့်ဝတ္တရား ရှိသည်။ ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မများကို ဥပဒေအရ တရားရုံးများက ပြန်လည်သုံးသပ်ခြင်းမပြုရ။ သို့သော် ဥပဒေအရ တရားရုံးများကို ပြန်လည်သုံးသပ်နိုင်သော ပုဒ်မများကို သုံးသပ်သောအခါ ဤပုဒ်မများကို ဘာသာပြန် လမ်းညွှန်အဖြစ် အသုံးပြု နိုင်သည်။

36. Every citizen or resident of Chinland shall have duties towards his or her family, the society of Chinland, and the state of Chinland.

၃၆။ ချင်းလဲန်းပြည်သူများနှင့် နေထိုင်သူများသည် ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအရ မိမိတို့၏မိသားစု၊ ချင်းလူမှုအဖွဲ့အစည်းနှင့် ချင်းပြည်အပေါ် တာဝန်ရှိကြသည်။

37. The rights and freedoms of each individual shall be exercised with due regard to the rights of others, collective security, common interests and common benefits.

၃၇။ မိမိ၏အခြေခံလွတ်လပ်ခွင့်များကို တခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ၊ အများပြည်သူလုံခြုံရေး၊ ဆန္ဒနှင့် အကျိုးစီးပွားကို ဆန့်ကျင်ပြီး အသုံးမပြုရ။

38. Every citizen or resident of Chinland national shall have the duty to respect and consider his or her fellow citizens and residents of Chinland without discrimination, and to maintain relations aimed at promoting, safeguarding and reinforcing mutual respect and tolerance.

၃၈။ ချင်းလဲန်းပြည်သူများနှင့် ချင်းလဲန်းတွင် နေထိုင်ကြသူများသည် ၎င်းတို့၏ ပြည်သူများနှင့် တရားဝင်နေထိုင်ကြသူများကို လေးလေးစားစား ဆက်ဆံရန်နှင့် အပြန်အလှန်လေးစားဆက်ဆံခြင်း၊ သီးခံခွင့်လွှတ်ခြင်းစိတ်ဓါတ်များ တိုးတက်၊ လုံခြုံထွန်းကားရေး တာဝန်ရှိကြသည်။

39. Every citizen or resident of Chinland shall have the duty:

i. To preserve and respect the value of family and parents, and to maintain them in case of need;
ii. To serve his or her community by placing his or her physical, moral, and intellectual capacities at its services;
iii. To preserve and strengthen social and national solidarity, particularly when the latter is threatened;
iv. To preserve and strengthen the Chin national self-determination right and the territorial integrity of his or her country, and to contribute to its defense in accordance with this Constitution and the law;
v. To work with the best of his or her abilities and competence, and to pay taxes imposed by law in the interest of the society;

vi. To preserve and strengthen positive Chin cultural values in his or her relations with other members of the society, in the spirit of tolerance, dialogue, and consultation and, in general, to contribute to the promotion of the moral well being of society; and

vii. To contribute to the best of his or her abilities, at all times and at all levels, to the promotion and achievement of the unity of Chinland.

၃၉။ ချင်းပြည်သူများနှင့်ချင်းလဲန်း၌ နေထိုင်ကြသူများသည် –

(က) မိသားစုတန်ဖိုးကိုလေးစားရန်နှင့်မိဘများကို လိုအပ်သောအချိန်၌ ပြုစုကာကွယ်စောင့်ရှောက်ရန်။

(ခ) မိမိ၏ ကာယ၊ ဉာဏနှင့် အသိပညာစွမ်းအားများကို မိမိ၏ပတ်ဝန်းကျင်ကောင်းမွန်ရေးအတွက် အသုံးချရန်။

(ဂ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် လူမှုရေးထိပါးနိုင်သည့် အခြေအနေတွင် အစွမ်းကုန်ကာကွယ်ရန်။

(ဃ) ချင်းအမျိုးသား ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ကို ကာကွယ်စောင့်ရှောက်ရန်၊ မိမိတို့ ပိုင်နက်နယ်မြေများ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသော ဥပဒေများအတိုင်းချင်းလဲန်းကိုကာကွယ်စောင့်ရှောက်ရန်။

(င) လူ့ဘောင်လောက အကျိုးစီးပွားထွန်းကားရေးအတွက် မိမိ၏အဆုံးစွန်းသော စွမ်းအားများဖြင့် လုပ်ဆောင်ရန်နှင့် ဥပဒေကပြဋ္ဌာန်းသည့်အတိုင်းအခွန်များ ပေးဆောင်ရန်။

(စ) ချင်းအမျိုးသားယဉ်ကျေးမှုများကို ကာကွယ်အားပေးရင်း တခြားအမျိုးသားများနှင့် ဆက်ဆံသောအခါ သည်းခံနိုင်ခြင်းစိတ်ဓါတ်၊ အပြန်အလှန်ဝေဖန်ဆွေးနွေးတုန့်ပြန်ဖလှယ်ခြင်းစိတ်ဓါတ်များ ထားရှိရန်၊ အကြမ်းအားဖြင့်ဆိုသော် လူသားအားလုံး၏ စိတ်ဓါတ်တန်ဖိုးမြင့်မားလာရေးလုပ်ဆောင်ရန်။

(ဆ) ချင်းအမျိုးသားစည်းလုံးညီညွတ်ရေးအတွက် မိမိ၏အရည်အချင်း၊ အစွမ်းအစ အားလုံးကို အသုံးချရန်။

40. The courts shall have the power of judicial review to enforce the provisions of this section; the courts of Chinland shall therefore review the actions of all departments of government and government officials for conformity to these provisions. Any decision of the High Court in the interpretation of these provisions shall be final and binding on the parties to that decision and on all of the people of Chinland, including departments of the government and government officials.

၄၀။ ချင်းလဲန်း၏ တရားရုံးများသည် ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မများ အပေါ် ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်လည်သုံးသပ်ပိုင်ခွင့်ရှိသည်။ ချင်းလဲန်း၏ တရားရုံးများသည် အစိုးရဌာနများနှင့် ဝန်ထမ်းများ၏ လုပ်ဆောင်မှုများ အပေါ် ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်လည်သုံးသပ်ပိုင်ခွင့်ရှိသည်။ ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မများ အပေါ် ချင်းလဲန်းတရားရုံးများ၏ ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြန်လည်သုံးသပ် အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် နောက်ဆုံးဖြစ်ပြီး သက်ဆိုင်သော အဖွဲ့အစည်း၊ ချင်းပြည်သူအားလုံး၊ အစိုးရဌာနများ နှင့် ပြည်သူ့ဝန်ထမ်းများအပေါ် ဥပဒေကဲ့သို့ အာဏာသက် ရောက်သည်။

41. An ethnic Chin shall be defined as any person born in Chinland or overseas, at least one of whose parents belonged to any of the Chin tribes. The Chinland legislative assembly shall have the power to create procedures and evidentiary standards to implement this provision.

၄၁။ ချင်းလူမျိုးဆိုသည်မှာ ချင်းလဲန်း၌ မွေးဖွားသူ (သို့မဟုတ်) နိုင်ငံရပ်ခြား၌

မွေးဖွားစေကာမူ မိဘနှစ်ပါးအနက် တပါးသည် ချင်းအနွယ်စုဝင်ဖြစ်ရမည်။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မများနှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်း၊ သက်သေအထောက်အထားဆိုင်ရာ ဥပဒေပြုခွင့် အာဏာရှိသည်။

42. Every ethnic Chin shall have the right to become a citizen of Chinland, subject to reasonable regulation by the Chinland legislative assembly. Other persons may become citizens according to the laws of immigration and naturalization prescribed by the Chin Legislative Assembly.

၄၂။ ချင်းအနွယ်စုဝင်အားလုံးသည် ချင်းနိုင်ငံသားဖြစ်နိုင်ခွင့်ကို ချင်းလဲန်းဥပဒေပြုအဖွဲ့မှ လက်ခံဖွယ်နိုင်ရှိဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်။ အခြားလူများသည်လည်း လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ချင်းလဲန်းဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းထားသည့်ဥပဒေနှင့်အညီ "ချင်း" နိုင်ငံသားဖြစ်နိုင်သည်။

43. In making law on the subject of immigration and naturalization, the Chinland legislative assembly may distinguish between ethnic Chins and others.

၄၃။ လူဝင်မှုကြီးကြပ်ထိမ်းသိမ်းရေးနှင့်ဆိုင်သော ဥပဒေများကို ချင်းလဲန်းဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းသောအခါ ချင်းအမျိုးသားများနှင့် ချင်းမဟုတ်သူများကို ခွဲခြားရလိမ့်မည်။

44. The Chinland legislative assembly may adopt measures to protect and promote Chin culture, even though such measures may in practice result in different effects on ethnic Chins and others.

၄၄။ ချင်းအမျိုးသားယဉ်ကျေးမှုကို မြှင့်တင်ကာကွယ်မည့် အရေးယူဆောင်ရွက်မှုများ ပြဋ္ဌာန်းကျင့်သုံးခြင်းကြောင့် ချင်းအမျိုးသားများနှင့် တခြားအမျိုးသားများအကြား ကွဲပြားသောအကျိုးဆက်များ ရှိစေကာမူ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ချင်းအမျိုးသားယဉ်ကျေးမှုကို မြှင့်တင်ကာကွယ်မည့် အရေးယူဆောင်ရွက်မှုများ ပြဋ္ဌာန်းရလိမ့်မည်။

45. Although the legislature may distinguish between Chin culture and other cultures, distinctions between eth-

nic Chin people and other people should generally be disfavored.

၄၅။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ချင်းအမျိုးသားများနှင့် တခြားအမျိုးသားများ၏ ယဉ်ကျေးမှုကို ခွဲခြားရစေကာမူ၊ ချင်းအမျိုးသားများနှင့် တခြားအမျိုးသားများအား ခွဲခြားမှုကိုအများအားဖြင့် ဆန့်ကျင်ရမည်။

46. The Chinland government may otherwise distinguish between ethnic Chins and others only when such distinction is reasonably necessary for

  i. Long-term harmony between ethnic Chins and others;
  ii. The protection and promotion of Chin culture;
  iii. The remediation of past injustice against one or more ethnic groups;
  iv. Long-term realization of the ideals of equal treatment of all individuals regardless of ethnicity.

၄၆။ အကျိုးအကြောင်းခိုင်လုံ လိုအပ်လျှင် ချင်းလဲန်းအစိုးရသည် အောက်ပါကိစ္စရပ်များတွင် ချင်းအမျိုးသားများနှင့် ချင်းအမျိုးသားမဟုတ်သူများအကြား ခွဲခြားမှုပြုရလိမ့်မည်။

(က) ချင်းအမျိုးသားများနှင့်တခြားအမျိုးသားများအကြား ရေရှည်အကျိုးစီးပွားအဆင်ပြေမှု။

(ခ) ချင်းအမျိုးသားများ၏ ယဉ်ကျေးမှုမြှင့်တင်ရေး။

(ဂ) ယခင်ကာလများက မတရားသဖြင့် လူမျိုးတမျိုး သို့မဟုတ် လူမျိုးများအပေါ် ဆက်ဆံမှုများ ပြည်လည်ကုစားရေး။

(ဃ) လူသားတိုင်းတန်းတူညီမျှရေရှည်တွင် ဆက်ဆံနိုင်ရေး စံထားများနားလည်နိုင်ရေး၊

47. The Chinland government shall never distinguish between ethnic Chins and others in the protection of the individual rights specified in this Constitution under the sections entitled Individual Rights and Suffrage, nor shall it distinguish between ethnic Chins and others in the right to hold any public office.

၄၇။ ချင်းလဲန်းအစိုးရသည် ချင်းအမျိုးသားများနှင့်တခြားအမျိုးသားများအကြား

ဤဥပဒေ၌ ပြဋ္ဌာန်းထားသည့် တသီးပုဂ္ဂလ အခွင့်အရေးများအရ မဲပေးပိုင်ခွင့် နှင့် ရွေးချယ်တင်မြှောက် ပါဝင်ပိုင်ခွင့်များတွင် ခွဲခြားမှုမပြုရ။

48. The Chinland legislative assembly may reserve to citizens of Chinland the right to vote or hold responsible public office, excluding non-citizen residents therefrom but always treating alike those citizens who are ethnic Chins and those who are not ethic Chins. The Chinland legislative assembly may also distinguish between citizens of Chinland and non-citizen residents when reasonably necessary for the execution of its powers over immigration and naturalization. The legislature may not otherwise distinguish between citizens of Chinland and non-citizen legal residents.

၄၈။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် တခြားအမျိုးသားများအား တန်းတူဆက်ဆံစေကာမူ မဲပေးပိုင်ခွင့်၊ အရွေးကောက်ခံပိုင်ခွင့်တို့ကို ချင်းအမျိုးသားများအတွက် ရာထားပေးရမည်။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ချင်းအမျိုးသားများနှင့် တခြားအမျိုးသားများအကြား လူဝင်မှုနှင့်နိုင်ငံသားဖြစ်မှု ဆိုင်ရာလုပ်ပိုင်ခွင့် များကျင့်သုံးရာတွင် ခွဲခြားမှုများ ပြုရလိမ်မည်။ သို့သော် ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ချင်းအမျိုးသားများ နှင့် ချင်းလဲန်းအတွင်း တရားဝင်နေထိုင်သူများကို ခွဲခြားခြင်းမပြုရ။

## SUFFRAGE

## ရွေးကောက်တင်မြှောက်ခြင်း

49. The courts of Chinland shall have the power of judicial review to enforce the provisions of this section; the courts of Chinland shall therefore review the actions of all departments of government and government officials for conformity to these provisions. Any decision of the High Court in the interpretation of these provisions shall be final and binding on the parties to that decision and on all of the people of

Chinland, including departments of the government and government officials.

၄၉။ ချင်းလဲန်း၏ တရားရုံးများသည် ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မများ အပေါ် ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်လည်သုံးသပ်ပိုင်ခွင့် ရှိသည်။ ချင်းလဲန်း၏ တရားရုံးများသည် အစိုးရဌာနများနှင့် ဝန်ထမ်းများ၏ လုပ်ဆောင်မှုများ အပေါ် ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်လည်သုံးသပ်ပိုင်ခွင့်ရှိသည်။ ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မများအပေါ် ချင်းလဲန်းတရားရုံးများ၏ ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြန်လည်သုံးသပ် အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် နောက်ဆုံးဖြစ်ပြီး သက်ဆိုင်သော အဖွဲ့အစည်း၊ "ချင်း" ပြည်သူအားလုံး၊ အစိုးရဌာနများနှင့် ပြည်သူ့ဝန်ထမ်းများအပေါ် ဥပဒေ ကဲ့သို့ အာဏာသက်ရောက်သည်။

50. Every citizen of Chinland who has attained the age of eighteen years and who has established his or her residence in the territory of Chinland, except as otherwise provided in this section, shall be an elector of Governors, Senators, members of the House of Representatives, and members of the Township Council, in the city, town, village, block, or plantation where his or her residence has been established.

၅၀။ အသက် ၁၈နှစ်ပြည့် ချင်းလဲန်း၌ တရားဝင်နေထိုင်သော ချင်းအမျိုးသားများ သည် ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မများနှင့် ငြိစွန်းမှုမရှိလျှင် ချင်းလဲန်းအုပ်ချုပ်ရေးမှူး၊ အထက်လွှတ်တော်အမတ်၊ အောက်လွှတ်တော် အမတ်များ၊ မြို့နယ်ကောင်စီဝင်များ၊ မြို့၊ ရွာ၊ ရပ်ကွက်၊ မိမိနေထိုင်ရာ သို့မဟုတ် စိုက်ကွင်းနယ်မြေများ၏ ကိုယ်စားလှယ်များ ရွေးချယ်သူများ ဖြစ်ရမည်။

51. Every citizen of Chinland who has once established his right to vote by virtue of his residency within Chinland and who then relocates to another country, whether within or outside of the Federal Union of

Burma, shall retain the right to vote by absentee ballot, so long as he or she remains a citizen of Chinland. [only national elections or township elections as well?] In such cases, for voting purposes, the voter's place of residence shall be considered to be his or her last established place of residence within Chinland.

၅၁။ ၎င်း၏ တရားဝင်နေထိုင်ခြင်းဖြင့် ချင်းလဲန်း၌ မဲပေးခွင့်ရရှိထားပြီးသော ချင်းအမျိုးသား မည်သူမဆို ဖက်ဒရယ် ပြည်ထောင်စုအတွင်း (သို့မဟုတ်) ပြင်ပသို့ ပြောင်းရွှေ့စေကာမူ နိုင်ငံသားဖြစ်ခြင်းမှ မစွန့်လွှတ်လျှင် အဝေးရောက် မဲပေးပိုင်ခွင့်ရှိသည်။ ထိုသို့သောအခြေနေတွင် မဲပေးမည့် သူ၏ ချင်းလဲန်းအတွင်း နောက်ဆုံးနေထိုင်ရာဒေသသည် ၎င်း၏မဲဆန္ဒနယ် ဖြစ်ရမည်။

52. No citizen of Chinland shall be deemed to have lost residence by reason of the person's absence from the territory of Chinland in the military service of the Federal Union or of Chinland.

၅၂။ ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်တွင် အမှုထမ်းဆောင်သောကြောင့် ချင်းလဲန်းပြင်ပရောက်နေသော ချင်းအမျိုးသားများသည် ၎င်းတို့၏ ချင်းပြည်၌ တရားဝင်နေထိုင်ခွင့် ဆုံးရှုံးခြင်း မရှိစေရ။

53. Except as otherwise provided by the Chinland Legislative Assembly, only citizens of Chinland may vote in any election for government of Chinland and its divisions. Except as otherwise provided by the Chinland Legislative Assembly, no-one who is not a citizen of Chinland may vote in any election for the government of Chinland and its divisions, including but not limited to persons in the military service of the Federal Union of Burma stationed in Chinland, or students attending an educational institution of learning in Chinland.

၅၃။ ချင်းလဲန်းဥပဒေပြုအဖွဲ့က ဥပဒေပြုမပြဋ္ဌာန်းထားလျှင် ချင်းအမျိုးသားများ

သာလျှင် ချင်းလဲန်းအစိုးရနှင့် ၎င်း၏ဌာနခွဲများ ရွေးကောက်ရာတွင် မဲပေးရမည်။ ချင်းလဲန်းဥပဒေပြုအဖွဲ့က ဥပဒေပြု မပြဋ္ဌာန်းထားလျှင် ချင်းလဲန်း အတတ်သင်ကျောင်းများ၌ စာသင်နေသော ကျောင်းသားများ၊ ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်သားများမှလွဲ၍ ချင်းအမျိုးသားမဟုတ်သော သူများ ချင်းလဲန်းအစိုးရနှင့် ၎င်း၏ဌာနခွဲများ ရွေးကောက်ရာတွင် မဲမပေးရ။

54. The Chinland legislative assembly may, by law, determine the voting residence of those classes of persons who relocate on a regular basis, such as members of the military or students.

၅၄။ ပုံမှန်ရွှေ့ပြောင်းနေထိုင်ကြသော ကျောင်းသားများနှင့်စစ်တပ်များ၏ နေထိုင် မဲပေးပိုင်ခွင့်နှင့်ပါတ်သက်၍ ချင်းလဲန်းဥပဒေပြုအဖွဲ့က လိုအပ်သော ဥပဒေပြုရလိမ့်မည်။

55. No person shall be qualified to vote who is non compos mentis, or who is under guardianship for reasons of mental illness, or who has been convicted of treason or felony under the laws of the Chinland or of the Federal Union of Burma, except that the Chinland Legislative Assembly may provide for the restoration of voting rights to those convicted of treason or felony.

၅၅။ ချင်းလဲန်းဥပဒေပြုအဖွဲ့က နိုင်ငံတော်ပုန်ကန်မှုနှင့်ရာဇဝတ်မှုများ ကျူးလွန်ထားသူများ၏ မဲပေးပိုင်ခွင့်ကို ဥပဒေအရ မပေးအပ်လျှင် စိတ်ဓါတ်ရူးသွတ်သူ သို့မဟုတ် စိတ်ရောဂါကြောင့် စောင့်ရှောက်ခံရသူ သို့မဟုတ် ချင်းလဲန်းနှင့် ဖက်ဒရယ်ဥပဒေအရ နိုင်ငံတော်ပုန်ကန်မှု သို့မဟုတ် ရာဇဝတ်မှုကျူးလွန်သူများ မဲပေးပိုင်ခွင့်မရှိစေရ။

56. All votes shall be by ballot or by other means authorized by the Chinland Legislature, provided that the secrecy of the elector's vote must be preserved and the vote must be accurately recorded.

၅၆။ ချင်းလဲန်းဥပဒေပြုအဖွဲ့က မပြဋ္ဌာန်းထားလျှင် မဲပေးခြင်းများကို မဲပုံး သို့မဟုတ် တခြားမဲပေးစနစ်များ ကျင့်သုံးရမည်။ လျှို့ဝှက်မဲပေးစနစ်ကို ကျင့်သုံးစေပြီး မဲများကို တိကျစွာရေတွက်မှတ်တမ်းတင် ရမည်။

57. The Chinland Legislature shall have the power to prescribe by statute any and all needful rules governing the conduct of elections, including but not limited to voting practices and procedures, constituencies and districting, provided, however, that no electoral law may contravene any provision of this Constitution.

၅၇။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ရွေးကောက်ခြင်းဆိုင်ရာ နည်းစနစ်များ၊ မဲဆန္ဒနယ်များ ခွဲခြားသတ်မှတ်ခြင်းများကို ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအား မဆန့်ကျင်လျှင် အက်ဥပဒေပြုပြဋ္ဌာန်း ပိုင်ခွင့်ရှိသည်။

## LEGISLATURE

## ဥပဒေပြုရေး

58. The courts of Chinland shall have the power of judicial review to enforce the provisions of this section; the courts of Chinland shall therefore review the actions of all departments of government and government officials for conformity to these provisions. Any decision of the High Court in the interpretation of these provisions shall be final and binding on the parties to that decision and on all of the people of Chinland, including departments of the government and government officials.

၅၈။ ချင်းလဲန်း၏ တရားရုံးများသည် ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မများ အပေါ် ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်လည်သုံးသပ်ပိုင်ခွင့်ရှိသည်။ ချင်းလဲန်း၏ တရားရုံးများသည် အစိုးရဌာနများနှင့် ဝန်ထမ်းများ၏ လုပ်ဆောင်မှုများ အပေါ် ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်လည်သုံးသပ်ပိုင်ခွင့်ရှိသည်။ ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မများအပေါ် ချင်းလဲန်းတရားရုံးများ၏ ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏

လုပ်ပိုင်ခွင့်အာဏာဖြင့် ပြန်လည်သုံးသပ် အစိုပ္ပါယ်ဖွင့်ဆိုချက်များသည် နောက်ဆုံးဖြစ်ပြီး သက်ဆိုင်သောအဖွဲ့အစည်း၊ ချင်းပြည်သူအားလုံး၊ အစိုးရဌာနများနှင့် ပြည်သူ့ဝန်ထမ်းများအပေါ် ဥပဒေကဲ့သို့ အာဏာသက်ရောက်သည်။

59. All legislative power shall be vested in the Legislative Assembly of the Chinland. The legislative assembly shall have the power to legislate for the public health and welfare, the defense of Chinland, and such other matters as shall seem appropriate to the assembly. This grant of power shall include but not be limited to the powers to:

i. Protect, maintain, revise, or eliminate Chin customary law regarding inheritance and family law, notwithstanding any other provision of this Constitution;
ii. Control immigration to, and travel through, Chinland, from foreign countries and other parts of the Federal Union of Burma, notwithstanding any other provision of this Constitution;
iii. Control the admission to citizenship in Chinland of those from foreign countries or other parts of the Federal Union of Burma;
iv. Protect and promote traditional Chin custom, culture, and literature, notwithstanding any other provision of this Constitution;
v. Protect the individual rights of the people of Chinland;
vi. Encourage or require the performance of the individual duties of the people of Chinland;
vii. Provide for and regulate public finance, taxation, and revenue, public education, public health and welfare, and the state armed forces;
viii. Make such laws as are provided for in the section of this Constitution on Media and Culture.

ix. Determine what persons shall constitute the militia of the Chinland, and provide for organizing and disciplining the same by law.

x. Direct in what manner and in what courts suits may be brought against  Chinland.

၅၉။ ဥပဒေပြုခွင့်နှင့်ဆိုင်သော အာဏာအားလုံးသည် ချင်းလဲန်းဥပဒေပြုအဖွဲ့တွင်ရှိသည်။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ပြည်သူ့ကျန်းမာရေး၊ ပြည်သူ့ဖူလုံရေး၊ ချင်းလဲန်းကာကွယ်ရေးနှင့် တခြားသင့်လျော်သော ကိစ္စရပ်များပေါ်တွင် ဥပဒေပြုခွင့်ရှိသည်။ ဤဥပဒေပြုခြင်းအာဏာတွင် ကန့်သတ်ချက်မရှိ ပါဝင်သော အာဏာများမှာ–

(က) ချင်းရိုးရာယဉ်ကျေးမှုဥပဒေများ၊ အမွေဆက်ခံပိုင်ခွင့်၊ မိသားစုဆိုင်ရာဥပဒေတို့ကို ကာကွယ်စောင့်ရှောက်ခြင်း၊ ထိမ်းသိမ်းခြင်း၊ ပြန်လည်စီစစ်ခြင်း၊ ရုတ်သိမ်းခြင်းများကို ဤအခန်းပါပြဌာန်းထားသော ဥပဒေများနှင့်အညီ ဥပဒေပြုခွင့်ရှိသည်။

(ခ) ချင်းလဲန်းအတွင်းသို့ နိုင်ငံခြားမှသော်လည်းကောင်း၊ ဖက်ဒရယ်ပြည်ထောင်စု အစိတ်အပိုင်းများမှသော်လည်းကောင်း အလည်အပတ်လာခွင့်၊ လူဝင်ခွင့်နှင့်သက်ဆိုင်သောအရာများတွင် ဤအခန်းပါပြဌာန်းထားသော ဥပဒေများအပြင် ဥပဒေပြုခွင့်ရှိသည်။

(ဂ) နိုင်ငံခြားတိုင်းပြည်များမှသော်လည်းကောင်း၊ ဖက်ဒရယ်ပြည်ထောင်စု၏ အစိတ်အပိုင်းများမှသော်လည်းကောင်း ချင်းအမျိုးသားဖြစ်ခြင်းများကို ကြီးကြပ်ပိုင်ခွင့်ရှိသည်။

(ဃ) ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌ ပြဌာန်းထားသည့် ဥပဒေများအပြင် ချင်းအမျိုးသားများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာ၊ စာပေများကို ကာကွယ်ဖွံ့ဖြိုးတိုးတက်စေရန်။

(င) ချင်းပြည်သူများ၏ တသီးပုဂ္ဂလအခွင့်အရေးများကို ကာကွယ်ရန်။

(စ) တသီးပုဂ္ဂလတာဝန်များကို လုပ်ဆောင်ကျေပြွန်စေရန် အားပေးခြင်းသို့မဟုတ် တောင်းဆိုခြင်းများပြုရန်။

(ဆ) ပြည်သူ့ဘဏ္ဍာငွေ၊ အကောက်ခွန်၊ ဝင်ငွေ၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေးနှင့် ချင်းလဲန်းကာကွယ်ရေးတပ်များဆိုင်ရာ။

(ဇ) ချင်းလဲန်းကာကွယ်ရေးတပ်များတွင် မည့်သည့်ပုဂ္ဂိုလ်များ ပါဝင်ရမည်ဆိုသည့်ကိစ္စများနှင့်၎င်းတို့၏ ဖွဲ့စည်းပုံစည်းမျဉ်းစည်းကမ်းများ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အညီ ပြဌာန်းပေးရန်။

(ဈ) ချင်းလဲန်းအား တရားစွဲဆိုမှုများကို မည်သည့်တရားရုံးများ၌ ဖြေရှင်းရန်နှင့် မည်သို့မည်ပုံ ကိုင်တွယ်ရန်။

60. The Chinland Legislative Assembly shall consist of two Houses, to be known as the Senate and the House of Representatives.

၆၀။ ချင်းလဲန်းဥပဒေပြုအဖွဲ့ကို အထက်လွှတ်တော် (ဆီးနိတ်)နှင့် အောက်လွှတ်တော် (ပြည်သူ့လွှတ်တော်) နှစ်ရပ်ဖြင့် ဖွဲ့စည်းရမည်။

61. Election to the House of Representatives shall be based on the principle of one person, one vote, such that the ratio between voters and representatives remains uniform in all constituencies.

၆၁။ အောက်လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ခြင်းသည် လူတဦး မဲတမဲစနစ်ပေါ်တွင် မူတည်ပြီး မဲဆန္ဒနယ်မြေကိုယ်စားလှယ်များနှင့် မဲပေးသူများ အချိုးသည် တပြေးညီဖြစ်စေရမည်။

62. The Chinland Legislative Assembly shall have power to determine the number of members of the House of Representatives. The assembly shall have power to determine the number, location, and boundaries of districts electing members to the House of Representatives. The Chinland legislative assembly shall have power to prescribe the method of election to membership in the House of Representatives.

၆၂။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် အောက်လွှတ်တော်အမတ်ဦးရေ သတ်မှတ်ပြဌာန်းပိုင်ခွင့်ရှိသည်။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် အမတ်ဦးရေ၊ မဲဆန္ဒနယ်မြေ၊ ဒေသ၊ မဲဆန္ဒနယ်နမိတ်တို့ ကိုသတ်မှတ်ပိုင်ခွင့်ရှိသည်။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် အောက်လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ပုံနည်းဥပဒေများ ပြဌာန်းပိုင်ခွင့်ရှိသည်။

63. The Senate shall consist of one member from each of the following cultural and dialectal areas, regardless of population: TO BE DETERMINED--

၆၃။ အထက်လွှတ်တော်သည် လူဦးရေအနည်းအများပေါ် အခြေမခံပဲ ယဉ်ကျေးမှု၊

ဘာသာစကားကို အခြေခံ၍ အမတ်တဦးစီ ရွေးကောက်တင်မြှောက် ဖွဲ့စည်းရမည်။ (နောင်တွင် ဆွေးနွေးဆုံးဖြတ်ရန်)

64. Election to the Senate shall be based on the principle of one person, one vote within each Senate constituency, and all elections to the Senate shall be at large within the respective constituencies.

၆၄။ အထက်လွှတ်တော်အမတ် ရွေးကောက်ရာတွင် လူတဦး မဲတမဲစနစ်ကို ကျင့်သုံးပြီး အထက်လွှတ်တော်အမတ် မဲဆန္ဒနယ်မြေများတွင် လွတ်လပ်စွာ ရွေးကောက်တင်မြှောက်ရမည်။

65. The Chinland Legislative Assembly shall have power to prescribe electoral law for Senate elections, consistent with the provisions of this Constitution. The Chinland Legislative Assembly may not change the boundaries of existing Senate districts, except through constitutional amendment. The Chinland Legislative Assembly may increase the number of Senate seats only to include new territory acquired by Chinland. It may decrease the number of Senate seats only to exclude territory lost to the territory of Chinland.

၆၅။ ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ နှင့်လိုက်လျောညီထွေစွာ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် အထက်လွှတ်တော် ရွေးကောက်ခြင်းဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် တည်ဆဲဖြစ်သော အထက်လွှတ်တော်မဲဆန္ဒနယ်မြေများကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြုပြင်ပြောင်းလဲမှု မရှိလျှင် မပြောင်းလဲရ၊ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် အထက်လွှတ်တော်အမတ်ဦးရေကို နယ်မြေသစ်များ လက်ခံရရှိမှုပေါ် အခြေခံပြီးမှသာ ဥပဒေပြုနိုင်သည်။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် နယ်မြေဆုံးရှုံးမှု ရှိမှသာ အထက်လွှတ်တော်အမတ်ဦးရေကို လျှော့ချနိုင်သည်။

66. In addition to the Senators elected from Senate constituencies, the Governor of Chinland shall appoint, with the consent of the sitting representatives, an additional number of Senators that equals ten percent

(rounded up) of the number of Senators elected from geographical areas. In his or her own discretion, the Governor shall appoint experts in the subjects of Economics, Health, Law, Science and similar areas relevant to the formulation of public policy. The rights, privileges, powers, and duties of these appointed Senators shall be the same as elected Senators of the Chinland Legislative Assembly.

၆၆။ ဒေသအရ ရွေးကောက်ထားသော အထက်လွှတ်တော်အမတ်များအပြင် ချင်းလဲန်းအုပ်ချုပ်ရေးမှူးသည် တည်ဆဲအောက်လွှတ်တော်အမတ်များ၏ လက်ခံအတည်ပြုချက်ဖြင့် လက်ရှိအထက်လွှတ်တော်အမတ်ဦးရေ၏ တဆယ်ရာခိုင်နှုန်းနှင့် အကြမ်းဖျင်းညီမျှသော အထက်လွှတ်တော်အမတ်များကို ခန့်အပ်ရမည်။ ချင်းလဲန်းအုပ်ချုပ်ရေးမှူးသည် ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအားဖြင့် ပေးအပ်သော လုပ်ပိုင်ခွင့်အရ ဘောဂဗေဒ၊ ကျန်းမာရေး၊ ဥပဒေ၊ သိပ္ပံနှင့် တခြားဘာသာရပ်များ၌ ကျွမ်းကျင်သူများအား ပြည်သူ့ပေါ်လစီများ ရေးဆွဲနိုင်ရန် ရွေးချယ် ရမည်။ ရွေးကောက်ခံသော အထက်လွှတ်တော်အမတ်နှင့် ခန့်အပ်ခံရသော အထက်လွှတ်တော်အမတ်တို့၏ လုပ်ပိုင်ခွင့်၊ အခွင့်အရေး၊ အာဏာနှင့် တာဝန်များသည် တူညီသည်။

67. A person shall be disqualified for being chosen as, and for being, a member of the House of Representatives or Senate:
    i. If he or she holds any office of profit under the Government of Chinland, the government of the Federal Union of Burma, or any Government of a foreign state, other than an office declared by the Chinland Legislative Assembly by law not to disqualify its holders;
    ii. If he or she is of unsound mind and stands so declared by a competent court;
    iii. If he or she is an un-discharged insolvent;
    iv. If he or she is not a citizen of Chinland, or has voluntarily acquired the citizenship of a foreign State, or is under any acknowledgement of allegiance or adherence to a foreign state;

v. If he or she has not live in Chinland for at least ten years; or if he or she is not a qualified elector in the election unit which he or she may be chosen to represent.

၆၇။ မည်သူမဆို အောက်ပါအချက်နှင့် ညီစွန်းလျှင် အထက်လွှတ်တော်၊ အောက်လွှတ်တော်အမတ်အဖြစ် အရွေးမခံရ။

(က) ချင်းလဲန်းအစိုးရ၊ ဖက်ဒရယ်အစိုးရ၊ နိုင်ငံခြားအစိုးရများတွင် အကျိုးခံစားခွင့်ရရှိသူ၊ ရာထူးလက်ဝယ်ရှိထားသူ၊ သို့မဟုတ် ချင်းလဲန်း ဥပဒေပြုအဖွဲ့က ဥပဒေအရ တားမြစ်ပြဋ္ဌာန်းထားခြင်းမှလွတ်ကင်းသူ။

(ခ) တရားရုံးတခုခုက စိတ်မနှံ့သူဟု သတ်မှတ်ခံရသူ။

(ဂ) မပြီးပြတ်သေးသော အမှုအခင်းရှိသူ သို့မဟုတ် ညီစွန်းနေသူ။

(ဃ) ချင်းအမျိုးသားမဟုတ်သူများ၊ သို့မဟုတ် မိမိဆန္ဒအလျှောက် နိုင်ငံခြားသားအဖြစ် ခံယူသူ၊ သို့မဟုတ် နိုင်ငံခြားတိုင်းပြည် တခုခုအားသိစွာစောင့်သိသူ သို့မဟုတ် ထောက်ခံအားပေးသူ။

(င) ချင်းလဲန်း၌ ဆယ်နှစ်ဆက်တိုက်မနေထိုင်သူ၊ သို့မဟုတ် မိမိဝင်ရောက်အရွေးခံမည့် မဲဆန္ဒနယ်၏ ရွေးကောက်တင်မြှောက်ခြင်း ဥပဒေအရ အရည်အချင်းမပြည့်သူ။

68. If a question arises as to whether a member of the House of Representatives of the Senate has become subject to any of the disqualifications prescribed in this Constitution, the question shall be referred to the Chinland High Court for final decision.

၆၈။ ဤအခြေခံဥပဒေအရ အထက်နှင့်အောက်လွှတ်တော်အမတ်များ၏ ရွေးကောက်တင်မြှောက်ခြင်းနှင့်ပါတ်သက်၍ အငြင်းအပွား ဖြစ်ပွားခဲ့လျှင် ချင်းလဲန်းတရားရုံးချုပ်က စီရင်ဆုံးဖြတ်ရန်ဖြစ်ပြီး တရားရုံးချုပ်၏ဆုံးဖြတ်ချက်သည် နောက်ဆုံးဖြစ်စေရမည်။

69. Every Legislator shall hold his or her office for a term of four years, provided, however: Immediately after the first election, the members of each House shall be divided by random lot as equally as possible into two classes. The term in office of the first class shall expire at the close of the second year, and the term of the second class at the close of the fourth year.

၆၉။ ဥပဒေပြုအဖွဲ့ဝင်တိုင်း၏ သက်တမ်းသည် (၄) နှစ်ဖြစ်ရမည်။ သို့သော်ပထမဦးဆုံးရွေးကောက်ပွဲပြီးသည်နှင့် ရွေးကောက်ခံရသော ဥပဒေပြုအဖွဲ့ဝင်များကို အုပ်စု နှစ်ခုခွဲရမည်။ ပထမအုပ်စု၏ သက်တမ်းသည် (၂) နှစ်ဖြစ်ပြီး ဒုတိယ အုပ်စု၏ သက်တမ်းသည် (၄) နှစ် ဖြစ်သည်။

70. In any district of either House of the legislative assembly, the voters may recall their representatives by referendum or initiative. The voting method in such case shall be the same voting method by which the representative was initially elected. No representative shall be subject to a recall process more often than once a year. The High Court of Chinland shall specify other needful procedures for the referendum and initiative processes for this purpose.

၇၀။ မည်သည့် မဲဆန္ဒနယ်မှမဆို ရွေးကောက်ခံရသော ဥပဒေပြုအဖွဲ့ဝင်တဦးစီ ရွေးကောက်ခံခြင်းကို ပြည်သူ့ဆန္ဒခံယူခြင်း သို့မဟုတ် စီစဉ်ဆောင်ရွက်မှုများ ပြုခြင်းဖြင့် ပြန်လည်ရုတ်သိမ်းနိုင်သည်။ ပြန်လည်ရုတ်သိမ်းခြင်းဆိုင်ရာ မဲပေးခြင်းစနစ်သည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ မဲပေးခြင်းစနစ်နှင့် ထပ်တူထပ်မျှ ဖြစ်စေရမည်။ မည်သည့်အမတ်အပေါ် ၌မဆို တနှစ်တွင် တကြိမ်ထက်ပို၍ ရုတ်သိမ်းခြင်းဆိုင်ရာ မဲခွဲခြင်း မပြုရ။ ချင်းလဲန်းတရားရုံးချုပ်သည် ပြည်သူ့ဆန္ဒခံယူခြင်း သို့မဟုတ် စီစဉ်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ လိုအပ်သော စည်းမျဉ်းနည်းနာများကို ပြဋ္ဌာန်းပိုင်ခွင့်ရှိသည်။

71. The Governor of Chinland shall issue writs of election to full such vacancies as may occur in either house of the legislature.

၇၁။ ချင်းလဲန်းအုပ်ချုပ်ရေးမှူးသည် ဥပဒေပြုအဖွဲ့အတွင်း နေရာလစ်လပ်မှု ဖြစ်သောအခါ ရွေးကောက်ပွဲကျင်းပရန် လိုအပ်သော စာချွန်တော်ကို ထုတ်ပြန်ပိုင်ခွင့်ရှိသည်။

72. Every Member of the House of Representatives, Speakers, and Deputy Speakers shall before taking his or her seat, make and subscribe, before a judge of the Chinland High Court, an oath or affirmation to support the Constitution of the Federal Union and the

Constitution of Chinland, and faithfully to discharge the duties of their respective offices to the best of their ability.

၇၂။ ဥပဒေပြုအဖွဲ့ဝင်များ၊ သဘာပတိနှင့် ဒုတိယသဘာပတိတို့သည် ၎င်းတို့၏ ရာထူးကို လက်မခံမီ ချင်းလဲန်းတရားရုံးချုပ်တရားသူကြီး တဦး၏ ရှေ့မှောက်တွင် ဖက်ဒရယ်ပြည်ထောင်စုနှင့် ချင်းလဲန်းအခြေခံဥပဒေများကို သိစွာရှိစွာ ၎င်းတို့၏ အစွမ်းအစအားလုံးဖြင့် စောင့်ထိန်းပါမည့်အကြောင်း ဂတိကျမ်းကျိန် ထွက်ဆိုခြင်းကို ပြုရမည်။

73. No law shall be enacted except by bill. No law shall be in force until published. The Chinland Legislature shall provide by law for the speedy publication of all laws.

၇၃။ မည်သည့် ဥပဒေမဆို မူကြမ်းမဟုတ်ပဲ ဥပဒေအဖြစ်မပြဋ္ဌာန်းရ။ မည်သည့် ဥပဒေမဆို ပုံနှိပ်ခြင်းမပြုမီ အာဏာမသက်ရောက်စေရ။ ချင်းလဲန်းဥပဒေပြု အဖွဲ့သည် ပြဋ္ဌာန်းထားသော ဥပဒေများလျင်မြန်စွာ ပုံနှိပ်ထုတ်ဝေရေး ဥပဒေ ပြုပြဋ္ဌာန်းရမည်။

74. No bill shall become law unless and until it has been passed by both houses of the Chinland legislative assembly in identical form.

၇၄။ မည်သည့်ဥပဒေကြမ်းမဆို လွှတ်တော် (၂) ရပ်စလုံးက တူညီသော ပုံစံများဖြင့် အသိအမှတ်မပြုလျှင် ဥပဒေမဖြစ်စေရ။

75. Except a bill for raising revenue, any bill may originate in either house of the Chinland legislature.

၇၅။ ဘဏ္ဍာတော်ငွေဥပဒေကြမ်းမှအပ အခြားဥပဒေကြမ်းအားလုံးကို လွှတ်တော် (၂) ရပ်စလုံးက တင်သွင်းနိုင်သည်။

76. All bills for raising revenue shall originate in the House of Representatives; but revenue bills must pass the Senate before becoming law.

၇၆။ ဘဏ္ဍာတော်ငွေနှင့်ဆိုင်သော ဥပဒေကြမ်းများသည် အောက်လွှတ်တော်တွင် အစပြုရမည်။ သို့သော် အထက်လွှတ်တော်အမတ်အများစုက ထောက်ခံ အသိအမှတ်ပြုမှသာ ဥပဒေဖြစ်ရမည်။

77. Every bill which shall have passed both houses of the Chinland Legislature, shall be presented to the Governor of Chinland before it becomes law. If the Governor approves and signs the bill, the bill shall become a law.

၇၇။ လွှတ်တော် (၂) ရပ်စလုံးမှ အတည်ပြုပြီးသော ဥပဒေကြမ်းများကို ပြည်နယ်အုပ်ချုပ်ရေးမှူးထံသို့ တင်သွင်းရမည်။ အကယ်၍ ပြည်နယ်အုပ်ချုပ်ရေးမှူးက အသိအမှတ်ပြုပြီး လက်မှတ်ရေးထိုးလျှင် အဆိုပါဥပဒေကြမ်းသည် ဥပဒေဖြစ်ရမည်။

78. The Governor of Chinland may approve an appropriation bill in whole or in part, and the part approved shall become law. In approving an appropriation bill in part, the Governor may not create a new word by rejecting individual letters in the words of the enrolled bill.

၇၈။ ချင်းလဲန်းအုပ်ချုပ်ရေးမှူးသည် ဥပဒေမူကြမ်း၏ တဝက် သို့မဟုတ် အားလုံးကို အတည်ပြုနိုင်ပြီး အတည်ပြုပြီးသော ဥပဒေမူကြမ်းများသည် ဥပဒေဖြစ်ရမည်။ ဥပဒေမူကြမ်းတဝက်တပျက်ကို အတည်ပြုသောအခါ ပြည်နယ်အုပ်ချုပ်ရေးမှူးသည် မူကြမ်း၏ စာသားများအား ပြင်ဆင်ဖြည့်စွက်ခြင်း မပြုရ။

79. If the Governor rejects a bill, the Governor shall return the bill, together with his or her objections in writing, to the house in which the bill originated. The House of origin shall enter the objections at large upon the journal and proceed to reconsider the bill. If, after such reconsideration, two-thirds of the members present agree to pass the bill notwithstanding the objections of the governor, it shall be sent, together with the objections, to the other house, by which it shall likewise be reconsidered, and if approved by two-thirds of the members present it shall become law.

၇၉။ အကယ်၍ ပြည်နယ်အုပ်ချုပ်ရေးမှူးသည် ဥပဒေမူကြမ်းကို ကန့်ကွက်လျှင် ၎င်း၏ကန့်ကွက်စာနှင့်အတူ မူကြမ်းကို စတင်တင်သွင်းသော လွှတ်တော်သို့

ပြန်ပို့ရမည်။ မူကြမ်းကို ရေးဆွဲတင်သွင်းသောလွှတ်တော်သည် ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ပယ်ချခံရသော မူကြမ်းကို လွှတ်လပ်စွာ လွှတ်တော်မှတ်တမ်းတွင် မှတ်တမ်းတင်ပြီးလျှင် ပြန်လည်တင်သွင်းရမည်။ အကယ်၍ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ပယ်ချချက်ကို လွှတ်တော်တက်ရောက်သော သုံးပုံ နှစ်ပုံက မူကြမ်းကို လက်ခံရန်သဘောတူလျှင် ၎င်းတို့၏ ကန့်ကွက်စာနှင့်အတူ မူကြမ်းကို တခြားလွှတ်တော်သို့ ပြန်လည်သုံးသပ်ရန် တင်သွင်းရမည်။ အကယ်၍ တက်ရောက်သော အမတ်သုံးပုံ နှစ်ပုံက သဘောတူလျှင် အဆိုပါမူကြမ်းသည် ဥပဒေဖြစ်ရမည်။

80. The rejected part of an appropriation bill, together with the Governor's objections in writing, shall be returned to the house in which the bill originated. The house of origin shall enter the objections at large upon the journal and proceed to reconsider the bill. If, after such reconsideration, two-thirds of the members present agree to pass the rejected part notwithstanding the objections of the governor, it shall be sent, together with the objections, to the other house, by which it shall likewise be reconsidered, and if approved by two-thirds of the members present the rejected part shall become law.

၈၀။ ပယ်ချခံရသော ဥပဒေမူကြမ်း တပိုင်းတစကို ချင်းလဲန်းအုပ်ချုပ်ရေးမှူး၏ ကန့်ကွက်စာနှင့်အတူ မူကြမ်းကို စတင်တင်သွင်းသော လွှတ်တော်သို့ ပြန်ပို့ရမည်။ မူကြမ်းကို ရေးဆွဲတင်သွင်းသောလွှတ်တော်သည် ချင်းလဲန်းအုပ်ချုပ်ရေးမှူး၏ ပယ်ချခံရသော မူကြမ်းကို လွှတ်လပ်စွာ လွှတ်တော်မှတ်တမ်းတွင် မှတ်တမ်းတင်ပြီးလျှင် ပြန်လည်တင်သွင်းရမည်။ အကယ်၍ ချင်းလဲန်းအုပ်ချုပ်ရေးမှူး၏ ပယ်ချချက်ကို လွှတ်တော်တက်ရောက်သော သုံးပုံ နှစ်ပုံက မူကြမ်းကိုလက်ခံရန် သဘောတူလျှင် ၎င်းတို့၏ ကန့်ကွက်စာနှင့်အတူ မူကြမ်းကို တခြားလွှတ်တော်သို့ ပြန်လည်သုံးသပ်ရန် တင်သွင်းရမည်။ အကယ်၍ တက်ရောက်သော အမတ်သုံးပုံ နှစ်ပုံက သဘောတူလျှင် အဆိုပါမူကြမ်းသည် ဥပဒေဖြစ်ရမည်။

81. In all such cases the votes of both houses shall be determined by "yes" and "no", and the names of the members voting for or against passage of the bill or

the rejected part of the bill notwithstanding the objections of the Governor of Chinland shall be entered on the journal of each house respectively.

၈၁။ လွှတ်တော်သည် ဆုံးဖြတ်ချက်ချရာတွင် "ထောက်ခံ" နှင့် "ကန့်ကွက်" မဲများဖြင့် ချမှတ်ရမည်။ မူကြမ်းကို ထောက်ခံ သို့မဟုတ် ကန့်ကွက်မဲပေးသူ အမတ်အားလုံး၏ အမည်စာရင်းနှင့် အုပ်ချုပ်ရေးမှူး၏ "ထောက်ခံခြင်း" သို့မဟုတ် "ကန့်ကွက်ခြင်း" အားလုံးကို လွှတ်တော်အသီးသီး၏ လွှတ်တော်မှတ်တမ်းတွင် မှတ်တမ်းတင်ရမည်။

82. Any bill not returned by the Governor of Chinland within 14 days (Sunday excepted) after it shall have been presented to the Governor of Chinland shall become law unless the legislature, by final adjournment, prevents the bill's return, in which case it shall not become law.

၈၂။ မည်သည့် ဥပဒေမူကြမ်းမဆို ချင်းလန်းအုပ်ချုပ်ရေးမှူးထံသို့ တင်သွင်းပြီး တဆယ့်လေးရက် (တနင်္ဂနွေနေ့မပါဝင်စေရ) အတွင်း လွှတ်တော်သို့ပြည်လည် မတင်သွင်းလျှင် ဥပဒေဖြစ်စေရမည်။

83. The style of all laws of the state shall be "The people of the Chinland, represented in Senate and Assembly, do enact as follows: "............".

၈၃။ အက်ဥပဒေများရေးသားပုံမှာ "ချင်းလန်းရှိ ချင်းပြည်သူများ ကိုယ်စားပြုသော အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်က အောက်ပါအတိုင်း အက်ဥပဒေကို ပြဋ္ဌာန်းလိုက်သည် .........."။

84. Each House shall determine the rules of its own proceedings, punish for contempt and disorderly behavior, and with the concurrence of two thirds of all the member may adjourn from day to day, and may compel the attendance of absent members in such manner and under such penalties as each house may provide.

၈၄။ လွှတ်တော်တခုစီသည် ၎င်းတို့လွှတ်တော်အသီးသီး၏ စည်းမျဉ်းလုပ်ထုံးများကို ရေးဆွဲပြီး လွှတ်တော်အမတ်များ၏ မထီ မဲ့မြင်ပြုခြင်းနှင့်မသင့်လျော်သော

အပြုအမူများကို နေ့စဉ်နှင့်အမျှ သုံးပုံနှစ်ပုံသဘောတူညီချက်အရ ပြစ်ဒါဏ်ပေးရမည်။ လွှတ်တော်အစည်းအဝေးတက်ရောက်ရန် ပျက်ကွက်သောအမတ်များကို အစည်းအဝေးတက်ရောက်စေလျှက် တည်ဆဲစည်းမျဉ်းလုပ်ထုံးများဖြင့် အရေးယူရမည်။

85. Each house shall keep a journal of its proceedings and publish the same, except such parts as require secrecy. The doors of each house shall be kept open except when the public welfare shall require secrecy. Neither house shall, without consent of the other, adjourn for more than three days.

၈၅။ လွှတ်တော်အသီးသီးသည် ၎င်းတို့လွှတ်တော်၏ လုပ်ဆောင်ချက်အားလုံးကို လွှတ်တော်မှတ်တမ်းတွင် မှတ်တမ်းတင်ရမည်။ ပြည်သူ့လုံခြုံရေးနှင့် သက်ဆိုင်သောအချိန်အခါမှလွဲ၍ လွှတ်တော်၏စည်းဝေးခန်းများကို ပြည်သူအတွက်ဖွင့်ပေးရမည်။ မည်သည့်လွှတ်တော်မဆို တခြားလွှတ်တော်၏ သဘောတူညီချက်မရှိလျှင် သုံးရက်ထက်ပို၍ လွှတ်တော်၏ လုပ်ဆောင်ချက်များကို ရပ်နားခြင်းမပြု။

86. The legislature shall meet at the seat of government at such time as shall be provided by law, unless convened by the Governor in special session, and when so convened no business shall be transacted except as shall be necessary to accomplish the special purposes for which it was convened.

၈၆။ ဥပဒေအရပြဋ္ဌာန်းထားခြင်း မရှိလျှင် သို့မဟုတ် ချင်းလဲန်းအုပ်ချုပ်ရေးမှူးက အရေးပေါ်အစည်းအဝေး မခေါ်ယူလျှင်၊ ချင်းလဲန်းအစိုးရရုံးစိုက်ရာနေရာ၌ လွှတ်တော်၏ အစည်းအဝေးများကိုခေါ်ယူရမည်။ ချင်းလဲန်းအစိုးရရုံးစိုက်ရာနေရာပြင်ပ၌ လွှတ်တော်၏ အစည်းအဝေးများကိုခေါ်ယူလျှင် ထို အစည်းအဝေးခေါ်ယူခြင်းကိစ္စကိုသာ ဆွေးနွေးရမည်။

87. The yes and no of the members of either house on any question shall be entered on the journal as a matter of public record.

၈၇။ လွှတ်တော်၏ အစည်းအဝေးများ၏ မည်သည့်ကိစ္စ ဆွေးနွေးမှု၌မဆို လွှတ်

တော်အမတ်များ အသီးသီး၏ ထောက်ခံကန့်ကွက်မှု အားလုံးကို မှတ်တမ်းတင် ထားရှိရမည်။

88. For as long as they remain sitting legislators, all members of the Chinland legislative Assembly shall be privileged from arrest, legal penalty, or civil suit for all acts within the scope of their legislative duties, except treason, felony and breach of the peace; provided, that they may be arrested, penalized, or sued for those acts after the end of their time in office.

၈၈။ ချင်းလဲန်းဥပဒေပြုအဖွဲ့ဝင်အားလုံးသည် လွှတ်တော်အမတ်ဖြစ်နေစဉ်တွင် ၎င်းတို့၏ ဥပဒေပြုခြင်းတာဝန်နှင့် ဆိုင်သော တာဝန်ထမ်းဆောင်ခြင်းကြောင့် ဖမ်းဆီးခြင်း၊ ဥပဒေအရ အရေးယူခြင်း၊ တရားမမှုဖြင့် တရားစွဲဆိုခြင်းတို့နှင့် နိုင်ငံတော်ပုန်ကန်မှု၊ ရာဇဝတ်မှု၊ ငြိမ်းချမ်းရေး ဖျက်ဆီးမှုတို့အတွက် အဖမ်း မခံရစေကာမူ ၎င်းတို့၏ သက်တမ်းကုန်ဆုံးသောအခါ ဖမ်းဆီးခြင်း၊ ပြစ်ဒါဏ် ပေးခြင်း၊ တရားစွဲဆိုခံခြင်းများ ခံနိုင်ရမည်။

89. There shall be a Council of Ministers with the Chief Minister at its head to aid and advise the Governor in the exercise of his or her functions as prescribed in this Constitution. The Council of Ministers shall have power only to advise the Governor, not to control any part of his conduct of office. From time to time, the Governor must formally receive the advice of the Council of Ministers, but he or she is not required to heed this advice.

၈၉။ ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့်အတိုင်း ချင်းလဲန်း အုပ်ချုပ်ရေးမှူး၏ တာဝန်လုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး အကြံပေး ရန် ချင်းလဲန်းဝန်ကြီးချုပ်ဦးဆောင်သော ချင်းလဲန်းဝန်ကြီးများကို ဖွဲ့စည်းရမည်။ ချင်းလဲန်းအုပ်ချုပ်ရေးမှူးသည် ချင်းလဲန်း ဝန်ကြီးအဖွဲ့၏ အကြံပေးချက်များကို လိုအပ်တိုင်း တောင်းခံရမည်။ သို့သော် ၎င်းတို့၏ အကြံပေးချက်များကို လိုက်နာဆောင်ရွက်စေခြင်း မရှိစေရ။

90. The Governor shall nominate the Chief Minister, by and with the consent and approval of a majority of the members of the House of Representatives.

၉၀။ ချင်းလဲန်းအုပ်ချုပ်ရေးမှူးသည် အောက်လွှတ်တော်၊ အမတ်အများစု၏ဆန္ဒနှင့် သဘောတူညီချက်အရ ချင်းလဲန်းဝန်ကြီးချုပ်ကို ခန့်အပ်ရမည်။

90. On the advice of the Chief Minister, the Governor shall appoint the Ministers and Deputy Ministers, by and with the consent and approval of the Chief Minister and a majority of the members of the House of Representatives.

၉၁။ ချင်းလဲန်းအုပ်ချုပ်ရေးမှူးသည် ချင်းလဲန်းဝန်ကြီးချုပ်၏ အကြံပေးချက်နှင့် အောက်လွှတ်တော်အမတ်အများစု၏ ဆန္ဒနှင့် သဘောတူညီချက်အရ ချင်းလဲန်းဝန်ကြီးများကို ခန့်အပ်ရမည်။

92. The Governor shall appoint all other executive officers of Chinland by and with the approval and consent of the Senate.

၉၂။ ချင်းလဲန်းအုပ်ချုပ်ရေးမှူးသည် အထက်လွှတ်တော် အမတ်အများစု၏ဆန္ဒနှင့်သဘောတူညီချက်ဖြင့် ချင်းလဲန်းအုပ်ချုပ်ရေး ဆိုင်ရာဝန်ထမ်းများကို ခန့်အပ်နိုင်သည်။

92. Until the Chinland Legislative Assembly otherwise specifies, the Council of Ministers shall include one Minister and one Deputy Minister for each of the following ministries:

i. Ministry of Home Affairs
ii. Ministry of Finance
iii. Ministry of Revenue and Taxation
iv. Ministry of Judiciary
v. Ministry of Local Governmental Affairs
vi. Ministry of Public Works
vii. Ministry of Education
viii. Ministry of Forestry
ix. Ministry of Welfare
x. Ministry of Cultural and Media
xi. Ministry of Planning
xii. Ministry of State Defense and
xiii. Ministry of Federal Affairs

၉၃။ ချင်းလဲန်းဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းချက်ဥပဒေမပြုမချင်း ဝန်ကြီးအဖွဲ့များသည် ဌာနဝန်ကြီးတဦးနှင့် ဒုတိယဝန်ကြီးတဦးဖြင့် အောက်ပါဌာနများကို ဖွဲ့စည်းရမည်။

(၁) ပြည်ထဲရေး ဝန်ကြီးဌာန
(၂) ဘဏ္ဍာရေး ဝန်ကြီးဌာန
(၃) အကောက်ခွန် ဝန်ကြီးဌာန
(၄) တရားဥပဒေ ဝန်ကြီးဌာန
(၅) ဒေသန္တရအုပ်ချုပ်ရေး ဝန်ကြီးဌာန
(၆) ပြည်သူ့ဆောက်လုပ်ရေး ဝန်ကြီးဌာန
(၇) ပညာရေး ဝန်ကြီးဌာန
(၈) သစ်တော ဝန်ကြီးဌာန
(၉) လူမှုဖူလုံရေးနှင့်ကျန်းမာရေး ဝန်ကြီးဌာန
(၁၀) ယဉ်ကျေးမှုနှင့်လူထုဆက်သွယ်ရေး ဝန်ကြီးဌာန
(၁၁) စီမံကိန်းရေးဆွဲရေး ဝန်ကြီးဌာန
(၁၂) ချင်းလဲန်းကာကွယ်ရေး ဝန်ကြီးဌာန
(၁၃) ဖက်ဒရယ်ရေးရာ ဝန်ကြီးဌာန

94. The Chinland Legislature may by law expand or contract the number of ministries, combine or divide their functions, or otherwise modify their portfolios.

၉၄။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် အက်ဥပဒေများပြဋ္ဌာန်းကာ ဝန်ကြီးဌာနများ တိုးချဲ့ခြင်း၊ လျှော့ချခြင်း၊ ၎င်းတို့၏ လုပ်ငန်းများ စုပေါင်းခြင်း၊ ခွဲခြားခြင်း သို့မဟုတ် ရာထူးများအား ပြုပြင်ပြောင်းလဲခြင်းများ ပြုလုပ်နိုင်သည်။

95. The Senate shall form a Sub Committee for each Ministry composed of at least three Senators from different Constituencies.

၉၅။ အထက်လွှတ်တော်သည် ဝန်ကြီးဌာနအရည်အတွက်နှင့်အညီ သီးခြားမဲဆန္ဒနယ်အသီးသီးမှ အမတ် (၃) ဦးကျပါဝင်သော ရေးရာကော်မီတီကို ဖွဲ့စည်းရမည်။

96. Each Senate Sub Committee shall oversee the activity of its respective Ministry. It may conduct public hearings upon the conduct of its Ministry and

upon the need for legislation in its area, and it may recommend legislation, as it deems appropriate.

၉၆။ အထက်လွှတ်တော်ရေးရာကော်မီတီအသီးသီးသည် ၎င်းတို့၏ရေးရာကော်မီတီဝန်ကြီးဌာန၏ လုပ်ဆောင်မှုများကို လေ့လာစုံစမ်းရမည်။ ၎င်းသည် လိုအပ်သည်ဟု ယူဆလျှင် ပြည်သူ့ကြားနာစစ်ဆေးမှုများကို ဝန်ကြီးဌာနများ၏ လုပ်ဆောင်ချက်အပေါ် ပြုလုပ်ပြီး လိုအပ်သည်ဟုယူဆသည်များကို ရေးသားတင်သွင်းနိုင်သည်။

97. The Senate shall make rules to prescribe the power, duties, responsibilities and code of conduct of the Senate Sub Committees.

၉၇။ အထက်လွှတ်တော် (ဆီးနိတ်) သည် ရေးရာကော်မီတီများ၏ အာဏာ၊ တာဝန်၏ ဝတ္တရားနှင့်လမ်းညွှန်မှုများကို ပြဋ္ဌာန်း ရမည်။

98. By majority vote, the House of Representative shall choose two of its members to be its Speaker and Deputy Speaker. So often as the office of Speaker or Deputy Speaker becomes vacant, the House of Representatives shall choose another member to fill the vacant office.

၉၈။ အောက်လွှတ်တော်အမတ်အများစုမဲဖြင့် အောက်လွှတ်တော်သဘာပတိနှင့် ဒုတိယသဘာပတိကို ရွေးချယ်ရမည်။ သဘာပတိနှင့် ဒုတိယသဘာပတိနေရာများ လစ်လပ်သောအခါ အောက်လွှတ်တော်အမတ်များသည် ၎င်းတို့အမတ်ထဲမှ ရွေးကောက်ပြီး လစ်လပ်နေရာများကို အစားထိုးရမည်။

99. By majority vote, the House of Representatives shall specify the exact duties of the Speaker and Deputy Speaker of the House, consistent with the provisions of this Constitution.

၉၉။ ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများနှင့်မဆန့်ကျင်လျှင် အောက်လွှတ်တော်အမတ်များသည် အများဆန္ဒအရ သဘာပတိ နှင့် ဒုတိယသဘာပတိများ၏ တာဝန်များဆိုင်ရာအက်ဥပဒေများကို ပြဋ္ဌာန်းရမည်။

100. Any legislator holding office as Speaker or Deputy Speaker of the House of Representatives shall

vacate his office if he or she ceases to be a member of the Assembly. Any legislator holding office as Speaker may resign such office by writing under his or hand addressed to the Deputy Speaker, and any legislator holding office as Deputy Speaker may resign such office by writing under his or hand addressed to the Speaker. Any legislator holding office as Speaker or Deputy Speaker of the House of Representatives may be removed from his or her office by a resolution of the House of Representatives, by a majority of all sitting Members of the House of Representatives.

၁၀၀။ သဘာပတိနှင့်ဒုတိယသဘာပတိအဖြစ် ရွေးကောက်ခံရသောသူသည် ၎င်း၏လွှတ်တော်အမတ်ဖြစ်ခြင်းမှ နုတ်ထွက်ရမည်။ သဘာပတိအဖြစ် အရွေးခံသောသူသည် လွှတ်တော်အမတ်အဖြစ်မှ နုတ်ထွက်ကြောင်းကို မိမိကိုယ်တိုင် လက်မှတ်ရေးထိုးလျှက် ဒုတိယသဘာပတိထံသို့၎င်း၊ ဒုတိယ သဘာပတိအဖြစ် အရွေးခံသောသူသည် လွှတ်တော်အမတ်အဖြစ်မှ နုတ်ထွက်ကြောင်းကို မိမိကိုယ်တိုင်လက်မှတ်ရေးထိုးလျှက် သဘာပတိထံ သို့၎င်း၊ တင်သွင်းရမည်။ အောက်လွှတ်တော်အမတ်အများစု၏ ဆုံးဖြတ်ချက်ဖြင့် သဘာပတိနှင့်ဒုတိယသဘာပတိတို့ကို ၎င်းတို့၏ရာထူးမှ ထုတ်ပယ်နိုင်သည်။

101. If all the other members of the House of Representatives are recalled or for any other reason unable to serve, the Speaker and Deputy Speaker shall not be recalled or otherwise vacate their office until some number of other members are again able to serve.

၁၀၁။ အကယ်၍ အောက်လွှတ်တော်အမတ်အားလုံး သို့မဟုတ် တချို့ကို ၎င်း၏အမတ်ဖြစ်ခြင်းမှ ပြန်လည်ရုတ်သိမ်းခြင်းခံရစေကာမူ ၎င်းလစ်လပ်နေရာများ အစားမထိုးသရွေ့ သဘာပတိနှင့်ဒုတိယသဘာပတိတို့ကို ရာထူးအား ရုတ်သိမ်းခြင်းမပြုရ။

102. When the office of Speaker is vacant, the duties of the office of shall be performed by the Deputy

Speaker or, if the office of Deputy Speaker is also vacant, by a member of the House of Representatives appointed for the purpose by the Governor.

၁၀၂။ သဘာပတိ၏နေရာသည် လစ်လပ်နေလျှင် ဒုတိယသဘာပတိက ဝင်ရောက် ဆောင်ရွက်ရမည်။ ဒုတိယသဘာပတိနေရာ လစ်လပ်နေလျှင် အုပ်ချုပ်ရေးမှူးသည် အောက်လွှတ်တော်အမတ်တဦးဦးကို လစ်လပ်နေရာတွင် ယာယီခန့်ထားရမည်။

103. The Lieutenant Governor shall be President of the Senate, but shall have no vote, unless the Senators shall be equally divided.

၁၀၃။ ဒုတိယအုပ်ချုပ်ရေးမှူးသည် အထက်လွှတ်တော်၏ ဥက္ကဋ္ဌဖြစ်ရမည်။ အထက်လွှတ်တော်အမတ်များ၏ မဲညီတူညီမျှ ဖြစ်နေ ချိန်မှတပါး မဲမပေးရ။

104. By majority vote, the Senate shall choose one of their members to be Vice President and President Pro Tempore of the Senate. So often as the office becomes vacant, the Senate shall choose another member to fill the vacant office.

၁၀၄။ အထက်လွှတ်တော်အမတ်အများစု၏ မဲအရအထက်လွှတ်တော် ဒု–ဥက္ကဋ္ဌကို ရွေးချယ်ရမည်။ နေရာလစ်လပ်မှုဖြစ်ခဲ့လျှင် အထက်လွှတ်တော်အမတ်များက ၎င်းတို့ထဲမှ တဦးဦးကို ရွေးချယ်အစားထိုးရမည်။

105. Any legislator holding office as Vice President of the Senate shall vacate his office if he or she ceases to be a member of the Assembly. He or she may resign his office by writing under his hand addressed to the Lieutenant Governor of Chinland. Any legislator holding office as Vice President of the Senate may be removed from his or her office by a resolution of the Senate, by a majority of all sitting Senators.

၁၀၅။ အထက်လွှတ်တော်ဒုဥက္ကဋ္ဌအဖြစ် ရွေးကောက်ခံရသူသည် ၎င်း၏အမတ်နေရာမှ နုတ်ထွက်ကြောင်းကို မိမိကိုယ်တိုင် လက်မှတ်ထိုးပြီး ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးထံသို့ တင်သွင်းရမည်။ အထက်လွှတ်တော်အမတ်

အများစု၏ မဲအရ အထက်လွှတ်တော်ဒုတိယဥက္ကဌကို ရာထူးမှ ဖယ်ရှားနိုင်သည်။

106. If all the other Senators are recalled or for any other reason unable to serve, the Vice President of the Senate shall not be recalled or otherwise vacate his office until some number of other Senators are again able to serve.

၁၀၆။ အထက်လွှတ်တော်အမတ်အားလုံးကို ၎င်းတို့၏ရာထူးမှ ပြန်လည်ရုတ်သိမ်းခံရစေကာမူ အထက်လွှတ်တော် ဒုဥက္ကဌသည် ရာထူးမှ ပြန်လည်ရုတ်သိမ်းခံရသူများ နေရာအစားမထိုးမခြင်း ရာထူးမှ ပြန်လည်ရုတ်သိမ်းခြင်း မဖြစ်စေရ။

107. The Chinland Legislature shall be subject to the following obligations:

i. The Chinland Legislature shall provide by law that all stationary required for the use of the state, and all printing authorized and required by them to be done for their use, or for the Chinland, shall be let by contract to the lowest bidder, but the Chinland Legislature may establish a maximum price; no member of the Chinland Legislature or other state officer shall be interested, either directly or indirectly, in any such contract.
ii. The Chinland Legislature shall provide for the public auditing of state accounts and may establish such offices and prescribe such duties for the same, as it shall deem necessary.
iii. The Chinland Legislature, in order to ensure continuity of Chinland and Local Governmental operations in periods of emergency resulting from enemy action in the form of an attack, shall (i) forthwith provide for prompt and temporary succession to the powers and duties of public offices, of whatever nature and whether filled by election

or appointment, the incumbents of which may become unavailable for carrying on the powers and duties of such officers, and (ii) adopt such other measures as may be necessary and proper for attaining the objectives of this section.

၁၀၇။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် အောက်ပါကိစ္စတို့တွင် တာဝန်ရှိသည်။

(က) ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ချင်းလဲန်းအတွက် အသုံးပြုအံ့သော စာရွက်စာတမ်း၊ ပုံနှိပ်ခြင်းနှင့်ပတ်သက်၍ ဈေးအချို့ကို ပေးနိုင်သူအား ကန်ထရိုက်ပေးသည့် အက်ဥပဒေပြဋ္ဌာန်းရမည်။ သို့သော် ချင်းလဲန်းဥပဒေပြုအဖွဲ့သည် အနိမ့်ဆုံးဈေးကို ပြဋ္ဌာန်းစေလျှက် လွှတ်တော်အမတ်များ (သို့မဟုတ်) ပြည်သူ့ဝန်ထမ်းများ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်အားဖြင့် ဤကန်ထရိုက်တွင် မပါဝင်စေရန် ဥပဒေဖြင့် တားမြစ်ရမည်။

(ခ) ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ပြည်သူ့ စာရင်းအင်းများကို စစ်ဆေးမည့် ဌာနများကို လိုအပ်သလို ဖွဲ့စည်းပြီး ၎င်းတို့၏တာဝန်များကို လိုအပ်သလို ပြဋ္ဌာန်းပေးရမည်။

(ဂ) ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ရန်သူ၏ကျူးကျော်တိုက်ခိုက်မှုကြောင့် အရေးပေါ်အခြေအနေများတွင် ချင်းလဲန်းနှင့် ဒေသန္တရအစိုးရအုပ်ချုပ်ရေးများဆက်လက်လည်ပတ်နိုင်ရန်၊ (၁) အရေးပေါ် လစ်လပ်နေသော အစိုးရဌာနတာဝန်ရှိသူ အရာရှိများကို အချိန်မှီ ရွေးကောက်ခြင်း (သို့မဟုတ်) ခန့်အပ်ခြင်း၊ တာဝန်နှင့် ရာထူးများ ပြဋ္ဌာန်းခြင်းနှင့် ဤ ဥပဒေပုဒ်မပါအချက်များ အကောင်အထည်ဖေါ်နိုင်ရန် လိုအပ်သော အရေးယူဆောင်ရွက်မှုများ ကို ကျင့်သုံးဆောင်ရွက် ရမည်။

## EXECUTIVE

## အုပ်ချုပ်ရေး

108. The courts of Chinland shall have the power of judicial review to enforce the provisions of this section; the courts of Chinland shall therefore review the actions of all departments of government and government officials for conformity to these

provisions. Any decision of the High Court in the interpretation of these provisions shall be final and binding on the parties to that decision and on all of the people of Chinland, including departments of the government and government officials.

၁၀၈။ ချင်းလဲန်း၏ တရားရုံးများသည် ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မများအပေါ် ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်လည်သုံးသပ်ပိုင်ခွင့်ရှိသည်။ ချင်းလဲန်း၏ တရားရုံးများသည် အစိုးရဌာနများနှင့် ဝန်ထမ်းများ၏ လုပ်ဆောင်မှုများအပေါ် ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်လည်သုံးသပ်ပိုင်ခွင့်ရှိသည်။ ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မအပေါ် ချင်းလဲန်း တရားရုံးများ၏ ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏လုပ်ပိုင်ခွင့်အာဏာဖြင့် ပြန်လည်သုံးသပ် အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် နောက်ဆုံးဖြစ်ပြီး သက်ဆိုင်သော အဖွဲ့အစည်း၊ ချင်းပြည်သူအားလုံး၊ အစိုးရဌာနများနှင့် ပြည်သူ့ဝန်ထမ်းများအပေါ် ဥပဒေကဲ့သို့ အာဏာ သက်ရောက်သည်။

109. There shall be a Governor of Chinland who shall take honorific precedence over all other persons throughout Chinland and who shall exercise and perform the powers and functions conferred on him or her by this Constitution.

၁၀၉။ ချင်းလဲန်းအတွင်း နေထိုင်သူအားလုံးအပေါ် ဦးသျှောင်ဖြစ်သော ချင်းလဲန်း အုပ်ချုပ်ရေးမှူးသည် ဤအခြေခံဥပဒေက ပြဌာန်းအပ်နှင်းထားသော အာဏာအရ လုပ်ဆောင်ရမည်။

110. The Governor shall hold office for a term of five years.

၁၁၀။ အုပ်ချုပ်ရေးမှူး၏ သက်တမ်းသည် (၅) နှစ် ဖြစ်ရမည်။

111. There shall be a Lieutenant Governor of Chinland. Each candidate for governor shall choose a running mate for Lieutenant Governor from a different senatorial district, to run on the same ticket. The Gover-

nor and Lieutenant Governor shall be elected as a ticket, at the same time, and for the same term.

၁၁၁။ ချင်းလဲန်း၏ ဒုတိယအုပ်ချုပ်ရေးမှူးတဦး ရှိရမည်။ ချင်းလဲန်းအုပ်ချုပ်ရေးမှူး ဝင်ရောက်အရွေးခံမည့်သူသည် ၎င်းနှင့်အတူ ဒုတိယအုပ်ချုပ်ရေးမှူးနေရာ ဝင်ရောက်အရွေးခံမည့်သူတဦးကို တခြားမဲဆန္ဒနယ်ထဲမှ ရွေးချယ်ရမည်။ အုပ်ချုပ်ရေးမှူးနှင့်ဒုတိယ အုပ်ချုပ်ရေးမှူးသည် တချိန်တည်းတွင် သက်တမ်း တခုအတွက် ပြိုင်တူအရွေးခံရမည်။

112. The Governor shall be elected in the following manner:

i. Each senate district of Chinland, regardless of population, shall cast one vote for a gubernatorial candidate. The choice of candidate shall be determined by popular vote, according to the principle of one person, one vote, within the constituency.

ii. Each senate district shall also cast a number of votes according to the following formula: the total number of votes cast according to section (i) shall be divided among the senate districts according to their population, so that each senate district shall receive an additional number of votes. The number of votes that each district shall receive under this section shall be calculated in precise fractions, so as to preserve accurate population ratios. These votes shall be given to the candidate chosen in each district by the process detailed in section (i).

iii. The votes cast according to section (i) and the votes cast according to section (ii) shall then be combined. The candidate for governor who receives the greatest number of combined votes shall become the governor of Chinland, provided, however, that the Governor must receive a majority of all the votes cast.

၁၁၂။ အုပ်ချုပ်ရေးမှူးကို အောက်ပါအတိုင်း ရွေးချယ်တင်မြှောက်ရမည်။

(၁) လူဦးရေနည်းသည်များသည်ဖြစ်စေ အထက်လွှတ်တော်မဲဆန္ဒနယ်တခုစီသည် ၎င်းတို့ကိုယ်စားရှေ့ပြေးမဲပေးမည့်သူကို လူတဦး မဲတမဲစနစ်ဖြင့် သက်ဆိုင်ရာ မဲဆန္ဒနယ်တွင် ရွေးချယ်ရမည်။

(၂) အထက်လွှတ်တော်အမတ် မဲဆန္ဒနယ်တခုစီသည် အောက်ပါနည်းအတိုင်း မဲပေးရမည်။ ပုဒ်မခွဲ (၁)အရ မဲပေးထားသော မဲအားလုံးကို လူဦးရေအချိုးအစားအရ ပြန်ခွဲခြားခြင်းဖြင့် မဲဆန္ဒနယ်တခုသည် မဲအပိုတခုစီရရှိစေရမည်။ ဤပုဒ်မခွဲအရ ရရှိထားသော မဲများကို လူဦးရေအချိုးအစားအရ ပြန်မြှောက်ရမည်။ ဤမဲများကို ပုဒ်မခွဲ (၁) အရ ရွေးကောက်ခံရသူများကို ပေးရမည်။

(၃) ပုဒ်မခွဲ (၁) နှင့် (၂) အရ ရရှိသော မဲအားလုံးကို ပြန်ပေါင်းရမည်။ အုပ်ချုပ်ရေးမှူးနေရာအတွက် ဝင်ရောက်အရွေးခံရသူများ အနက်မှ မဲအများဆုံးရသူသည် ပြည်နယ်အုပ်ချုပ်ရေးမှူးဖြစ်ရမည်။

113. No person shall be eligible to occupy the office of Governor or Lieutenant Governor, who shall not have attained the age of thirty years, and who shall not have been for ten years preceding his or her election a resident and a citizen of Chinland and a citizen of the Federal Union of Burma.

၁၁၃။ မည်သူမဆို အသက် (၃၀) မပြည့်သူ၊ ရွေးကောက်ပွဲမတိုင်မီ (၁၀) နှစ် ဆက်တိုက် ချင်းလဲန်း၌ ချင်းအမျိုးသားအဖြစ်နှင့် ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားအဖြစ် မနေထိုင်သူသည် ချင်းလဲန်းအုပ်ချုပ်ရေးမှူးနှင့် ဒုတိယ အုပ်ချုပ်ရေးမှူး မဖြစ်စေရ။

114. No person shall be elected to the office of Governor more than twice, and no person who has held the office of Governor or acted as Governor, for more than three years of a term to which some other person was elected Governor shall be elected to the office of Governor more than once.

၁၁၄။ မည်သူမဆို ချင်းလဲန်းအုပ်ချုပ်ရေးမှူးအဖြစ် ဆက်တိုက် နှစ်ကြိမ်ထက်ပို၍ အရွေးမခံရ။ မည်သူမဆို အုပ်ချုပ်ရေးမှူးအဖြစ် (၃) နှစ်ထက်ပို၍ ထမ်းဆောင်သူသည် တကြိမ်ထက်ပို၍ အရွေးခံပိုင်ခွင့်ရှိသည်။

115. No Governor may succeed by election a Governor from the same senatorial constituency.

၁၁၅။ တူညီသော မဲဆန္ဒနယ်မှ အုပ်ချုပ်ရေးမှူးများ ဆက်တိုက်အရွေးခံခြင်း မရှိစေရ။

116. The Governor and Lieutenant Governor of Chinland, every other officer of the Executive Department, Ministers, and Deputy Ministers, except such inferior officers as may by law be exempted, shall before taking his or her seat, make and subscribe, before a judge of the Chinland High Court, an oath or affirmation to support the Constitution of the Federal Union and the Constitution of Chinland, and faithfully to discharge the duties of their respective offices to the best of their ability.

၁၁၆။ ချင်းလဲန်းအုပ်ချုပ်ရေးမှူး၊ ဒုတိယအုပ်ချုပ်ရေးမှူး၊ အုပ်ချုပ်ရေးဌာနအရာရှိများ၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများစသည့်၊ ၎င်းတို့၏ ရာထူးတာဝန်များ စတင်မရယူခင်တွင် ချင်းလဲန်းတရားရုံးချုပ်၏ ရှေ့မှောက်တွင် ဖက်ဒရယ်ပြည်ထောင်စုအခြေခံဥပဒေနှင့် ချင်းလဲန်းအခြေခံဥပဒေများကို ထိမ်းသိမ်းလျှက် ၎င်းတို့၏ တာဝန်ဝတ္တရားများကို သိစွာရှိစွာဖြင့် လုပ်ဆောင်မည့်အကြောင်း ဂတိသစ္စာကျိန်ဆိုရမည်။

117. The voters may recall the Governor by referendum or initiative. The voting method in such case shall be the same voting method by which the Governor was elected, and a majority vote shall be necessary for recall. The High Court of Chinland shall specify other needful procedures for the referendum and initiative processes for this purpose, provided, however, that the High Court must provide a process by which the Senate may initiate a recall process by majority vote. No Governor may be subject to a recall process more often than once a year.

၁၁၇။ မဲပေးနိုင်သောသူများသည် အုပ်ချုပ်ရေးမှူးပြန်လည်ရုတ်သိမ်းခြင်းကို ပြည်သူ့ဆန္ဒခံယူခြင်း သို့မဟုတ် စီစဉ်ဆောင်ရွက်ခြင်းဖြင့် ပြုလုပ်နိုင်သည်။

မဲပေးပုံစနစ်သည် အုပ်ချုပ်ရေးမှူးအား ရွေးကောက်ခြင်းနှင့် တူညီရမည် ဖြစ်ပြီး အများစုမဲရမှသာ ပြန်လည်ရုတ်သိမ်းခြင်းကို ပြုလုပ်ရမည်။ (ချင်းလဲန်း တရားရုံးချုပ်သည် ပြည်သူ့ဆန္ဒခံယူခြင်း သို့မဟုတ် စီစဉ်ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်သော စည်းမျဉ်းလမ်းညွှန်များကို ပြဋ္ဌာန်းရမည်။ သို့ရာတွင် ချင်းလဲန်းတရားရုံးချုပ်သည် အထက်လွှတ်တော်က ပြန်လည်ရုတ်သိမ်း ခြင်းနှင့်သက်ဆိုင်သော ဆုံးဖြတ်ချက်ကို အမတ်ဦးရေအများစုဆန္ဒအရ ဆုံးဖြတ်ရန်ဟူသော အချက်ကိုပါ ပြဋ္ဌာန်းရ မည်။) ပြန်လည်ခေါ်ယူခြင်းကို တနှစ်အတွင်း တကြိမ်ထက်ပို၍ မလုပ်ရ။

118. The Governor of Chinland shall be Commander in Chief of all the Armed Forces of Chinland.

၁၁၈။ ချင်းလဲန်းအုပ်ချုပ်ရေးမှူးသည် ချင်းလဲန်းအတွင်းရှိ လက်နက်ကိုင်တပ် အားလုံး၏ စစ်ဦးစီးချုပ်ဖြစ်သည်။

119. The Governor shall have power to convene the legislature on extraordinary occasions, and in case of invasion, natural disaster, the prevalence of contagious disease at the seat of government, or other sufficient reason, the Governor may convene the legislature at any other suitable place within Chinland.

၁၁၉။ ချင်းလဲန်းကျူးကျော်ခံရခြင်း၊ သဘာဝဘေးဒါဏ်သင့်ခြင်း၊ ကြောက်မက် ဖွယ်ကူးစက်ရောဂါများ ပြန့်ပွားနေခြင်းစသည့် အချိန်နှင့်ခိုင်လုံသော အကြောင်းတရားရှိသည့်အခါ အရေးပေါ်အစည်းအဝေးကို ချင်းလဲန်း အတွင်း သင့်လျော်လုံခြုံသည့်နေရာတွင် ခေါ်နိုင်သည်။

120. The Governor of Chinland shall communicate to the legislature, at every session, the condition of the state, and recommend such matters to them for their consideration, as he or she may deem expedient.

၁၂၀။ ချင်းလဲန်းအုပ်ချုပ်ရေးမှူးသည်သည် ချင်းလဲန်းဥပဒေပြုအဖွဲ့၏ လွှတ်တော် အစည်းအဝေးတိုင်းတွင် ချင်းလဲန်း၏ အခြေအနေနှင့် ထိုကိစ္စရပ်များကို စဉ်းစားထည့်တွက်ပေးရန် အဆိုပြုရန် ၎င်းကယူဆလျှင် တင်ပြနိုင်သည်။

121. The Governor shall transact all necessary business with officers of the Chinland government, officers

of the Federal Union of Burma, and, when appropriate under this Constitution and the Federal Union Constitution, officers of foreign states.

၁၂၁။ ချင်းလဲန်းအုပ်ချုပ်ရေးမှူးသည် ချင်းလဲန်းအစိုးရ၏ အရာရှိများနှင့်သော်၎င်း၊ ဖက်ဒရယ်အရာရှိများနှင့်သော်၎င်း၊ ဤအခြေခံဥပဒေ၏ ဖက်ဒရယ်အခြေခံဥပဒေများအရ လိုအပ်သော အစိုးရလုပ်ငန်းဆောင်တာများကို ပြုလုပ်ရမည်။

122. The Governor of Chinland shall have power to grant reprieves, commutations, and pardons, after conviction, for all offenses, except treason and cases of impeachment, upon such conditions and with such restrictions and limitations as he or she may think proper, subject to such regulations as may be provided by law relative to the manner of applying for pardons. The Governor of Chinland shall annually communicate to the legislature each case of reprieve, commutation or pardons granted, stating the name of the convict, the crime of which he or she was convicted, the sentence and its date, and the date of the commutation, pardon or reprieve, with his or her reasons for granting the same.

၁၂၂။ ချင်းလဲန်းအုပ်ချုပ်ရေးမှူးသည် သေဒါဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်၊ ပြစ်ဒါဏ်လျှော့ပေါ့ခွင့်၊ ပြစ်ဒါဏ်ခွင့်လွှတ်ခွင့်များကို တရားရုံးများက ကျူးလွန်မှုများအပေါ် ပြစ်ဒါဏ်ချမှတ်ပြီးနောက် နိုင်ငံတော်ပုန်ကန်မှုနှင့်နိုင်ငံတော်ပုန်ကန်မှုဟု စွပ်စွဲခံခြင်း အမှုများမှတပါး မိမိက သင့်လျော်သော လျှော့ပေါ့ခြင်းများ ပေးနိုင်သည်။ ထိုသို့ လွတ်ငြိမ်းချမ်းသာခွင့်များ လျှောက်လဲနိုင်ရန် အက်ဥပဒေများ ပြဋ္ဌာန်းရမည်။ ချင်းလဲန်းအုပ်ချုပ်ရေးမှူးသည် ချင်းလဲန်း ဥပဒေပြုအဖွဲ့သို့ နှစ်စဉ်နှစ်တိုင်း လွတ်ငြိမ်းချမ်းသာခွင့်၊ ပြစ်ဒါဏ်မှလျှော့ပေါ့ခွင့်၊ ပြစ်ဒါဏ်ခွင့်လွှတ်ခံရသူများ၏ အမည်များ၊ ၎င်းတို့ကျူးလွန်ထားသော ပြစ်မှုများ၊ ပြစ်ဒါဏ်များနှင့် ပြစ်ဒါဏ်ချမှတ်သည့်နေ့နှင့် လွတ်ငြိမ်းချမ်းသာ ခွင့်၊ ပြစ်ဒါဏ်လျှော့ပေါ့ခွင့် သို့မဟုတ် သေဒါဏ်မှ လွတ်ခွင့်ပေးသည့်နေ့ နှင့်ထိုသို့သော လွတ်ငြိမ်းချမ်းသာခွင့်ပေးရသည့် အကြောင်းများကို ဖေါ်ပြရမည်။

123. Upon the Governor's death, resignation, recall or removal from office, the Lieutenant Governor of Chinland shall become Governor of Chinland for the balance of the unexpired term.

၁၂၃။ ချင်းလဲန်း အုပ်ချုပ်ရေးမှူးသေဆုံးခြင်း၊ နုတ်ထွက်ခြင်း၊ ပြန်လည်ရုတ်သိမ်းခံရခြင်းနှင့် သို့မဟုတ် ရာထူးမှဖယ်ရှားခံရခြင်းဖြစ်လျှင် ချင်းလဲန်း၏ ဒုတိယအုပ်ချုပ်ရေးမှူးသည် ကျန်ရှိနေသော သက်တမ်းပြီးဆုံးသည်အထိ အုပ်ချုပ်ရေးတာဝန်ကို ထမ်းဆောင်ရမည်။

124. If the Governor of Chinland is absent from Chinland, impeached, or from mental or physical disease, becomes incapable of performing the duties of the office, the Lieutenant Governor of Chinland shall serve as acting Governor of Chinland for the balance of the un-expired term or until the Governor returns, the disability ceases or the impeachment is vacated. But when the Governor of Chinland, with the consent of the legislature, shall be out of Chinland in time of war at the head of the Chinland's military forces, the Governor of Chinland shall continue as Commander in Chief of the State's military forces.

၁၂၄။ အကယ်၍ ချင်းလဲန်းအုပ်ချုပ်ရေးမှူးသည် ချင်းလဲန်း၌မရှိသောအချိန်ကာလ၊ ထုတ်ပယ်ခံရခြင်း သို့မဟုတ် စိတ်ဓါတ် သို့မဟုတ် ခန္ဓာကိုယ်ဖျားနာမှုရောဂါခံပြီး ၎င်း၏ရုံးလုပ်ငန်းများ ကျေပြွန်စွာ မထမ်းဆောင်နိုင်လျှင် ချင်းလဲန်း၏ ဒုတိယအုပ်ချုပ်ရေးမှူးသည် ချင်းလဲန်းအုပ်ချုပ်ရေးမှူး ပြန်လာချိန်ထိ သို့မဟုတ် ကျန်ရှိနေသော သက်တမ်းပြီးဆုံးသည်အထိ အုပ်ချုပ်ရေးမှူး သေဆုံးလျှင် သို့မဟုတ် လုပ်ငန်းမထမ်းဆောင်နိုင်ခြင်းဖြစ်လျှင် တာဝန်ခံဆောင်ရွက်ရမည်။ သို့သော် ချင်းလဲန်းဥပဒေပြုအဖွဲ့၏ ဆန္ဒအရ ချင်းလဲန်းအုပ်ချုပ်ရေးမှူးသည် စစ်မက်ဖြစ်ပွားနေချိန်တွင် ချင်းလဲန်း၏ပြင်ပတွင် ချင်းလဲန်းလက်နက်ကိုင်တပ်များ၏ ဦးစီးချုပ်အဖြစ် နေထိုင်တာဝန်ထမ်းဆောင်နိုင်သည်။

125. If there is a vacancy in the office of Lieutenant Governor of Chinland and the Governor of Chinland dies, resigns or is removed from office, the Secretary Gen-

eral of Chinland shall becomes Governor of Chinland for the balance of the un-expired term.

၁၂၅။ အကယ်၍ ချင်းလဲန်းဒုတိယအုပ်ချုပ်ရေးမှူးနေရာလစ်လပ်ပါပြီး ချင်းလဲန်းအုပ်ချုပ်ရေးမှူးသေဆုံးခြင်း သို့မဟုတ် ရာထူးမှ နုတ်ထွက်ခြင်း သို့မဟုတ် ဖယ်ရှားခံရခြင်းဖြစ်လျှင် ချင်းလဲန်းအထွေထွေအတွင်းရေးမှူးချုပ်သည် ပြည်နယ်အုပ်ချုပ်ရေးမှူးတာဝန်ကို ကျန်ရှိနေသော သက်တမ်းကုန်ဆုံးသည်အထိ ထမ်းဆောင်ရမည်။

126. If there is a vacancy in the office of Lieutenant Governor of Chinland and the Governor of Chinland is absent from Chinland, impeached, or from mental or physical disease becomes incapable of performing the duties of the office, the Secretary General of State shall serve as acting Governor of Chinland for the balance of the un-expired term or until the Governor of Chinland returns, the disability ceases or the impeachment is vacated.

၁၂၆။ အကယ်၍ ချင်းလဲန်းဒုတိယအုပ်ချုပ်ရေးမှူးနေရာလစ်လပ်ပြီး ချင်းလဲန်းအုပ်ချုပ်ရေးမှူး ချင်းလဲန့်၌မရှိလျှင်၊ ရာထူးမှဖယ်ရှားခံရလျှင်၊ သို့မဟုတ် စိတ်ဓါတ် ခန္ဓာကိုယ်ဖျားနာမှုရောဂါခံပြီး ၎င်း၏ရုံးလုပ်ငန်းများ ကျေပြွန်စွာမထမ်းဆောင်နိုင်လျှင် ပြည်နယ်အထွေထွေအတွင်းရေးမှူးချုပ်သည် ပြည်နယ်အုပ်ချုပ်ရေးမှူးတာဝန်ကို ကျန်ရှိနေသော သက်တမ်းကုန်ဆုံး သို့ မဟုတ် ပြည်နယ်အုပ်ချုပ်ရေးမှူး ပြန်လာသည်အထိ သို့မဟုတ် တာဝန်မထမ်းဆောင်နိုင်မှု ကုန်ဆုံးချိန်ထိ သို့မဟုတ် ရာထူးမှဖယ်ရှားခံရခြင်း ပြီးဆုံးသည့်အထိတာဝန် ထမ်းဆောင်ရမည်။

## JUDICIARY

## တရားစီရင်ရေး

127. The courts of Chinland shall have the power of judicial review to enforce the provisions of this section; the courts of Chinland shall therefore review the actions of all departments of government and

government officials for conformity to these provisions. Any decision of the High Court in the interpretation of these provisions shall be final and binding on the parties to that decision and on all of the people of Chinland, including departments of the government and government officials.

၁၂၇။ ချင်းလဲန်း၏ တရားရုံးများသည် ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မများအပေါ် ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်လည်သုံးသပ်ပိုင်ခွင့်ရှိသည်။ ချင်းလဲန်း၏ တရားရုံးများသည် အစိုးရဌာနများနှင့် ဝန်ထမ်းများ၏ လုပ်ဆောင်မှုများအပေါ် ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်လည်သုံးသပ်ပိုင်ခွင့်ရှိသည်။ ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မအပေါ် ချင်းလဲန်းတရားရုံးများ၏ ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြန်လည်သုံးသပ် အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် နောက်ဆုံးဖြစ်ပြီး သက်ဆိုင်သော အဖွဲ့အစည်း၊ ချင်းပြည်သူအားလုံး၊ အစိုးရဌာနများနှင့် ပြည်သူ့ဝန်ထမ်းများအပေါ် ဥပဒေကဲ့သို့ အာဏာသက်ရောက်သည်။

128. The judicial power of the Chinland shall be vested in a Chinland High Court, Appellate Courts, and Township Courts in and for each village, with one or more judges for each village or with one judge for two or more villages, as the Legislature shall provide, and such other courts inferior to the High Court as the Chinland Legislature create by law.

၁၂၈။ တရားဥပဒေနှင့်ဆိုင်သော အာဏာအားလုံးသည် ချင်းလဲန်းတရားရုံးချုပ်၊ အယူခံတရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ကျေးရွာတခုစီ၌ တရားသူကြီးတဦး သို့မဟုတ် တဦးထက်ပိုသော တရားသူကြီးများ သို့မဟုတ် ကျေးရွာ (၂) ခု သို့မဟုတ် (၂) ခု ထက်ပိုသော ကျေးရွာများအတွက် တရားသူကြီးတဦး သို့မဟုတ် ချင်းလဲန်းဥပဒေပြုအဖွဲ့က အက်ဥပဒေအရ ပြဋ္ဌာန်းထားသည့် ချင်းလဲန်းတရားရုံးချုပ်ထက် အခွင့်အာဏာငယ်သော တရားရုံးများတွင် မူတည်သည်။

129. The Governor of Chinland shall appoint (five) or (seven) Justices of the High Court, including the Chief Justice of the Chinland High Court with the consent and approval of both the Senate and House of Representatives of the Chinland Legislature.

၁၂၉။ ချင်းလဲန်းအုပ်ချုပ်ရေးမှူးသည် ချင်းလဲန်းတရားရုံးချုပ်အတွက် တရားသူကြီးချုပ်အပါအဝင် တရားသူကြီးများကို လွှတ်တော် နှစ်ရပ်စလုံး၏ ဆန္ဒနှင့် ထောက်ခံချက်ဖြင့် ခန့်အပ်ရမည်။

130. No person shall be eligible to the office of Chief Justice of the Chinland High Court or Associate Justices of the Chinland High Court unless he or she shall be at least forty years of age, a citizen of Chinland and the Federal Union, and shall have resided in Chinland at least ten years preceding his or her appointment.

၁၃၀။ ချင်းလဲန်းတရားရုံးချုပ် တရားသူကြီးချုပ်နှင့်တရားသူကြီးများအဖြစ် အသက် (၄၀) မပြည့်သူ၊ ချင်းအမျိုးသားနှင့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသား မဖြစ်သူ၊ ချင်းလဲန်း၌ ခန့်အပ်ခြင်းမပြုမီ ဆယ်နှစ်ဆက်တိုက်မနေထိုင်သူ မည်သူမဆို ဤရာထူးအတွက် ခန့်အပ်ခြင်း မရှိစေရ။

131. No person shall be eligible to the office of Chief Justice of the Chinland High Court or Associate Justice of the Chinland High Court unless he or she has for at least ten years held a judicial office in a competent Court in Chinland or in the Federal Union; or has for at least ten years been an advocate before the High Court or lower courts of Chinland or certain courts in the Federal Union; or has for at least ten years been a member of a law faculty at an accredited university or college in Chinland or in the Federal Union.

၁၃၁။ မည်သူမဆို ချင်းလဲန်းနှင့်ဖက်ဒရယ်တရာရုံးကြီးများတွင် အနည်းဆုံး (၁၀) နှစ် တရားရေးအရာရှိအဖြစ်သော်လည်းကောင်း၊ ချင်းလဲန်းနှင့်ဖက်ဒရယ် တရားရုံးများနှင့်တရားရုံးငယ်များတွင် အနည်းဆုံး (၁၀) နှစ် ရှေ့နေ အဖြစ်

မထမ်းဆောင်ခဲ့လျှင် သို့မဟုတ် ချင်းလဲန်း သို့မဟုတ် ဖက်ဒရယ်ဥပဒေတက္ကသိုလ်များတွင် အနည်းဆုံး (၁၀) နှစ် ဥပဒေဌာနအဖွဲ့ဝင်အဖြစ် မထမ်းဆောင်ခဲ့လျှင် ချင်းလဲန်းတရားရုံးတရားသူကြီးချုပ် သို့မဟုတ် တွဲဖက်တရားသူကြီးများ မဖြစ်စေရ။

132. The justices of the Chinland High Court shall hold office for a term of ten years. At the conclusion of each term, they may be re-appointed for another term in office of ten years by the same process by which they were initially appointed.

၁၃၂။ ချင်းလဲန်းတရားရုံးချုပ် တရားသူကြီးများ၏ သက်တမ်းသည် (၁၀) နှစ်ဖြစ်ရမည်။ သက်တမ်းကုန်ဆုံးသောအခါ ယခင်ခန့်အပ်စဉ် နည်းလမ်းများအတိုင်း (၁၀) နှစ်သက်တမ်းအတွက် ပြန်လည်ခန့်အပ်နိုင်သည်။

133. The judges of the Appellate and Township courts shall be appointed by the High Court of Chinland, according to majority vote if there is a division of opinion, with the consent and approval of the Governor of Chinland.

၁၃၃။ ချင်းလဲန်းတရားရုံးချုပ်သည် အယူခံရုံးနှင့်မြို့နယ်တရားရုံးများ၏ တရားသူကြီးများကို တရားရုံးချုပ် တရားသူကြီးများ၏ အများစု၏ဆန္ဒဖြင့် ခန့်အပ်ရမည်။ အကယ်၍ သဘောထားဆန္ဒ ကွဲလွဲမှုရှိလျှင် ချင်းလဲန်း အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ဖြင့် ခန့်အပ်ခြင်းကို ပြုရမည်။

134. The judges of the Appellate and Township courts shall hold office for a term of ten years. At the conclusion of each term, they may be re-appointed for another term in office of ten years by the same process by which they were initially appointed.

၁၃၄။ ချင်းလဲန်းအယူခံရုံးနှင့် မြို့နယ်တရားသူကြီးများ၏ သက်တမ်းသည် (၁၀) နှစ်ဖြစ်ရမည်။ သက်တမ်းကုန်ဆုံးသောအခါ ယခင် ခန့်အပ်စဉ် နည်းလမ်းများအတိုင်း (၁၀) နှစ် သက်တမ်းအတွက် ပြန်လည်ခန့်အပ်နိုင်သည်။

135. The Chief Justice of the Chinland High Court, the Associate Justices of the Chinland High Court, the

Judges of the Appellate and Township Courts shall receive such salaries and allowances as may be provided by Chinland Legislature by law, except that a judge's salary and allowances may not be reduced during his or her term in office.

၁၃၅။ ချင်းလဲန်းတရားရုံးချုပ်၏ တရားသူကြီးချုပ်၊ တွဲဖက်တရားသူကြီးများ၊ အယူခံရုံးနှင့်မြို့နယ်တရားသူကြီးများသည် ချင်းလဲန်းဥပဒေပြုအဖွဲ့၏ ပြဋ္ဌာန်းထားသော လစာများနှင့်အကျိုးခံစားခွင့်များကို ခံစားရရှိရမည်။ သို့သော် ၎င်းတို့၏ သက်တမ်းအတွင်း လစာများနှင့်အကျိုးခံစားခွင့်များကို မလျှော့ပေါ့စေရ။

136. Every Member of the Chinland High Court shall before taking his or her seat, make and subscribe, before Governor of the Chinland, an oath or affirmation to support the Constitution of the Federal Union and the Constitution of Chinland, and faithfully to discharge the duties of their respective offices to the best of their ability. Every Member of the Township or Appellate Courts shall before taking his or her seat, make and subscribe, before a judge of a court superior to his or her own, an oath or affirmation to support the Constitution of the Federal Union and the Constitution of Chinland, and faithfully to discharge the duties of their respective offices to the best of their ability.

၁၃၆။ ချင်းလဲန်းတရားရုံးချုပ် တရားသူကြီးများသည် ချင်းလဲန်းအခြေခံဥပဒေနှင့်ဖက်ဒရယ်ပြည်ထောင်စုအခြေခံဥပဒေများကို ၎င်းတို့၏ အစွမ်းအစအားလုံးဖြင့် ကာကွယ်စောင့်ရှောက်ပါမည့်အကြောင်း ချင်းလဲန်း အုပ်ချုပ်ရေးမှူးရှေ့မှောက်တွင် ဂတိသစ္စာကျမ်းကျိန်ရမည်။ အယူခံရုံးနှင့် မြို့နယ်တရားသူကြီးများသည် ချင်းလဲန်းအခြေခံဥပဒေနှင့် ဖက်ဒရယ်ပြည်ထောင်စုအခြေခံဥပဒေများကို ၎င်းတို့၏ အစွမ်းအစအားလုံးဖြင့် ကာကွယ်စောင့်ရှောက်ပါမည့်အကြောင်း ၎င်းတို့တရားရုံးထက်အဆင့်မြင့်သော တရားသူကြီးတဦးဦး၏ ရှေ့မှောက်တွင် ဂတိသစ္စာကျမ်းကျိန်ရမည်။

137. All judicial officers provided for in this Constitution shall hold their offices until their successors shall be qualified.

၁၃၇။ ဤအခြေခံဥပဒေ၌ပြဋ္ဌာန်းထားသည့် တရားရေးဆိုင်ရာဝန်ထမ်းအားလုံးသည် အစားထိုးမည့်သူများ မခန့်အပ်သရွေ့ တာဝန်ထမ်းဆောင်ရမည်။

138. All judicial officers, when not otherwise provided for in this Article, shall perform such judicial duties and receive such compensations as may be prescribed by law.

၁၃၈။ ဤအခြေခံဥပဒေ၌ပြဋ္ဌာန်းထားသည့် တရားရေးဆိုင်ရာဝန်ထမ်းအားလုံးသည် အခြေခံဥပဒေပြဋ္ဌာန်းသည့် တာဝန်များကို ထမ်းဆောင်ပြီး အက်ဥပဒေပြဋ္ဌာန်းချက်အရ လခများနှင့်အကျိုးခံစားခွင့်များ ရရှိရမည်။

139. Except insofar as this Constitution or acts of the Chinland Legislature or the Chinland High Court's own rules provide otherwise, general administrative authority over all courts in Chinland shall be vested in the Chinland High Court and shall be exercised by the Chief Justice of the Chinland High Court. The Chief Justice of Chinland High Court shall be the executive head of all Courts in Chinland and may appoint the inferior administrative officers with the approval and consent of the Senate.

၁၃၉။ ချင်းလဲန်းအခြေခံဥပဒေ သို့မဟုတ် ချင်းလဲန်းဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းထားသော အက်ဥပဒေ သို့မဟုတ် ချင်းလဲန်းတရားရုံးချုပ်၏ ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်းများက မတားမြစ်ထားလျှင် ချင်းလဲန်းတရားရုံးများ၏ အထွေထွေ အုပ်ချုပ်ရေးဆိုင်ရာ အာဏာများသည် ချင်းလဲန်းတရားရုံးချုပ်တွင် တည်ရှိပြီး ချင်းလဲန်းတရားသူကြီးချုပ်က စီမံခန့်ခွဲရမည်။ ချင်းလဲန်းတရားသူကြီးချုပ်သည် ချင်းလဲန်းတရားရုံးအားလုံး၏ အကြီးအကဲဖြစ်ပြီး အုပ်ချုပ်ရေးအရာရှိများကို အထက်လွှတ်တော်၏ ဆန္ဒနှင့်ထောက်ခံချက်အရ ခန့်အပ်ရမည်။

140. For the effectual administration of justice and the prompt disposition of judicial proceedings, the

Chinland High Court may promulgate rules of practice and procedure for all courts, uniform as to each class of courts, not in conflict with laws governing such matters. To the same end, the court may, and when requested by the Chinland Legislature by joint resolution, shall certify to the Chinland Legislature, its conclusions as to desirable amendments or changes in the general laws governing such practice and proceedings.

၁၄၀။ ချင်းလဲန်းတရားရုံးချုပ်သည် အကျိုးသက်ရောက်မှုရှိသော တရားရေးဆိုင်ရာအုပ်ချုပ်မှုများ ဖြစ်ထွန်းစေရန်နှင့် တရားရေးလုပ်ထုံးများ လျင်မြန်စွာဆောင်ရွက်နိုင်စေရန် တရားရုံးအားလုံးနှင့်ဆိုင်သော စည်းမျဉ်းလုပ်ထုံးများကို အဆင့်အတန်းအလိုက် တူညီစေလျက် ထိုသို့သော အုပ်ချုပ်ရေးကိစ္စများ၌ မကွဲပြားစေရန် ပြဋ္ဌာန်းချက်များ ပြုလုပ်ရမည်။

141. The organization, jurisdiction, powers, proceedings, and practice of all courts of the same class or grade, so far as regulated by law, and the force and effects of the proceedings, judgments and decrees of such courts, severally, shall be uniform.

၁၄၁။ အက်ဥပဒေက ပြဋ္ဌာန်းထားလျှင် အဆင့်အတန်းနှင့်အတန်းအစား တူညီသော တရားရုံးအားလုံး၏ ဖွဲ့စည်းပုံဥပဒေအာဏာသက်ရောက်မှု၊ အာဏာလုပ်ထုံးလုပ်နည်းနှင့်ကျင့်သုံးပုံ တူညီရမည်။ တရားရုံးများ၏ အာဏာသက်ရောက်မှု၊ လုပ်ထုံး လုပ်နည်း၊ တရားဆုံးဖြတ်မှုများသည် တူညီစေရမည်။

142. The High Court of Chinland shall have mandatory appellate jurisdiction in all cases in which a lower court has ruled a statute or action of the Chinland government to be unconstitutional or has imposed capital punishment. The High Court of Chinland shall have mandatory jurisdiction in all election contests involving state officers, and all cases in which foreign states, foreign nationals, the government of Chinland, the Federal Union, other states of the Federal Union, or citizens of the other states of the Fed-

eral Union are a party, and the Chinland Legislature shall decide whether the Chinland High Court shall have original or appellate jurisdiction in these classes of cases.

၁၄၂။ ချင်းလဲန်းတရားရုံးချုပ်သည် တရားရုံးငယ်များက ချင်းလဲန်းအစိုးရ၏ ဥပဒေအရမဟုတ်သော လုပ်ထုံးလုပ်နည်းများ၊ ဥပဒေ သို့မဟုတ် သေဒါဏ် ချမှတ်ခြင်းများတွင် မလုပ်မနေရဖြစ်သော အယူခံပိုင်ခွင့်ရှိသည်။ ချင်းလဲန်း တရားရုံးချုပ်သည် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စများ၌ဖြစ်စေ၊ နိုင်ငံခြား တိုင်းပြည်များနှင့်ဆိုင်သော အမှုများ၌ဖြစ်စေ၊ နိုင်ငံခြားသားများ၊ ချင်းလဲန်း အစိုးရ၊ ဖက်ဒရယ်ပြည်ထောင်စု၊ ဖက်ဒရယ်ပြည်ထောင်စု၏ ပြည်နယ်တခု၊ ဖက်ဒရယ်ပြည်ထောင်စုအတွင်းရှိ တခြားပြည်နယ်များ၏ အမျိုးသားများ တွင် မလုပ်မနေရဖြစ်သော အာဏာရှိသည်။ မူလနှင့်အယူခံပိုင်ခွင့်ဆိုင်ရာ ဥပဒေနှင့် ပတ်သက်၍ ချင်းလဲန်းတရားရုံးချုပ်၌ ရှိသင့်မရှိသင့်ကို ချင်းလဲန်း ဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းရမည်။

143. The High Court of Chinland shall have other jurisdiction, mandatory or discretionary, original or appellate, as the Chinland Legislature shall provide by law.

၁၄၃။ ချင်းလဲန်းတရားရုံးချုပ်သည် တခြားသော တရားစီရင်ခြင်း၊ မလုပ်မနေရ (သို့မဟုတ်) မိမိဘာသာဆုံးဖြတ်၍ လုပ်ပိုင်ခွင့်ရှိသော မူရင်း (သို့မဟုတ်) အယူခံခြင်းနှင့်ဆိုင်သောကိစ္စများ၌ ချင်းလဲန်းဥပဒေပြုအဖွဲ့က ပြဋ္ဌာန်း ထားသည့်အတိုင်း အာဏာရှိရမည်။

144. The Township and Appellate Courts shall be courts of general jurisdiction. The Township Courts shall have mandatory original jurisdiction over all cases or controversies arising in their geographical jurisdictions, whether sounding in chancery, common law, statutory, civil, criminal, and constitutional law, or any other body of law. The Appellate Courts shall have mandatory appellate jurisdiction for all cases and controversies in the Township Courts. Every party shall have a right of one appeal from the Township to the Appellate Courts.

၁၄၄။ မြို့နယ်တရားရုံးများနှင့်အယူခံရုံးများသည် အထွေထွေတရားစီရင်ခြင်း တရားရုံးများဖြစ်ရမည်။ မြို့နယ်တရားရုံးများသည် မည်သည့်အမှု၌မဆို မူလတရားစီရင်ပိုင်ခွင့်ကို ၎င်းတို့၏ ဒေသန္တရဆိုင်ရာ တရားစီရင်ခြင်း၌ အငြင်းပွားမှုများ၊ သံတမန်ရေးရာများ၊ အများနှင့်ဆိုင်သောဥပဒေများ၊ ဥပဒေအဖြစ် ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ တရားမမှု၊ ရာဇဝတ်မှု နှင့် အခြေခံဥပဒေဆိုင်ရာများ သို့မဟုတ် တခြားဥပဒေများ၌ မလုပ်မနေရ သော လုပ်ပိုင်ခွင့်ရှိကြသည်။ အယူခံတရားရုံးများသည် မြို့နယ်တရားရုံး များ၌ အငြင်းပွားမှုဖြစ်သော အမှုအားလုံးတွင် အယူခံခြင်းနှင့်ဆိုင်သော တရားစီရင်ပိုင်ခွင့်ရှိသည်။ မည်သူမဆို မြို့နယ်တရားရုံးမှ အယူခံရုံး သို့မ ဟုတ် အနည်းဆုံးတကြိမ် အယူခံပိုင်ခွင့် ရှိသည်။

145. The Chief Justice of the Chinland High Court shall preside at all terms and sittings of the Chinland High Court, and in his or her absence or disability the Associate Justices present shall select one of their numbers to be Chief Justice protempore of the Chinland High Court.

၁၄၅။ ချင်းလဲန်းတရားသူကြီးချုပ်သည် ချင်းလဲန်းတရားရုံးချုပ်၏ စစ်ဆေးကြား နားမှုအားလုံးကို ဦးဆောင်ကွက်ကဲရမည်။ အကယ်၍ ပျက်ကွက်ခြင်း၊ ဦးဆောင်ကွက်ကဲရန် မတတ်နိုင်ခြင်းရှိခဲ့သော တက်ရောက်ကြသော တရား သူကြီးများထံမှ ယာယီတရားသူကြီးချုပ်ကို ရွေးချယ်ပြီး ကြားနာစစ်ဆေးမှု ကို ပြုရမည်။

146. Judges of the Chinland High Court, other than the Chief Justice, shall be addressed as Associate Justice of Chinland High Court.

၁၄၆။ ချင်းလဲန်းတရားရုံးချုပ်တရားသူကြီးချုပ်မှလွဲ၍ ကျန်ရှိသော ချင်းလဲန်း တရားရုံးချုပ်၏ တရားသူကြီးအဖွဲ့ဝင်အားလုံးကို "တွဲဖက်တရားသူကြီး များ" ဟု ခေါ်တွင်ရမည်။

147. In cases in which a lower court has ruled a statute or action of the Chinland government to be unconstitutional or has imposed capital punishment, all (five) or (seven) justices of the High Court shall be necessary to constitute a quorum, and a majority of the

justices sitting shall have authority to pronounce a decision. In such cases, in the event of the disability or disqualification by interest or otherwise of any of the Justices of the Chinland High Court, the Court may appoint Judges of the Township Court or the Appellate Court to sit temporarily as Justices of the Chinland High Court, sufficient to constitute a full court of (five) or (seven) Justices.

၁၄၇။ ချင်းလဲန်းတရားရုံးငယ်များက ချင်းလဲန်းအက်ဥပဒေ သို့မဟုတ် အစိုးရ၏ ပြုမူဆောင်ရွက်မှုများ အခြေခံဥပဒေ နှင့်မညီညွတ်ဟု ဆုံးဖြတ်ချမှတ် လျှင် သို့မဟုတ် သေဒါဏ်ချမှတ်လျှင် တရားသူကြီးအားလုံး (၅) ဦး သို့မ ဟုတ် (၇) ဦးအနက် အများဆန္ဒအရ ဆုံးဖြတ်ချက်ချနိုင်သည်။ အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်နေသော တရားသူကြီးများ၏နေရာ ကို မြို့နယ် သို့မဟုတ် အယူခံတရားရုံးများရှိ တရားသူကြီးများဖြင့် ပြည်နယ် တရားရုံးချုပ်က ယာယီခန့်အပ်အစားထိုးရမည်။

148. In all other cases, a majority of the Justices of Chinland High Court shall be necessary to constitute a quorum, and a majority of of the justices sitting shall have authority to pronounce a decision.

၁၄၈။ မည်သည့်အမှုများ၌မဆို ချင်းလဲန်းတရားရုံးချုပ်၏ တရားသူကြီးများ အများစုပါဝင်မှသာ တရားစီရင်မှုပြုရမည်ဖြစ်ပြီး တက်ရောက်သူအများစု သည် ဆုံးဖြတ်ချက်ကြေညာပိုင်ခွင့်ရှိသည်။

149. Whenever necessary for the prompt submission and determination of cases, because of vacancies on the High Court, the Chinland legislature may provide that any Justice of the Chinland High Court or Judge of an Appellate Court who has retired may be appointed by the governor to act as Justices of the Chinland High Court, so that the Court may have a full complement of (five) or (seven) Justices.

၁၄၉။ အချိန်မှီဆုံးဖြတ်ခြင်းနှင့်တင်သွင်းခြင်းများ လိုအပ်သောအခါ ယာယီ အစားထိုးရန် ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ချင်းလဲန်းအုပ်ချုပ်ရေးမှူးက

အငြိမ်းစားယူပြီးသော တရားသူကြီးများအား ယာယီခန့်ထားပိုင်ခွင့်ရှိစေရမည့် အက်ဥပဒေကို ပြဋ္ဌာန်းလျက် ချင်းလဲန်းတရားရုံးချုပ်တရားသူကြီး (၅) ဦး သို့မဟုတ် (၇) ဦး အမြဲရှိစေရမည်။

150. Whenever necessary for the prompt submission and determination of cases, because of vacancies on the High Court, the Governor of Chinland may appoint judges of the Township or Appellate Courts to act as Associate Justices of the Chinland High Court, sufficient in number, with the Justice of the Chinland High Court, to constitute a full court of (five) or (seven) Justices. Judges of the Township Court or the Appellate Court so appointed shall serve during the pleasure of the Governor of Chinland and shall have all the power of the Justices of the Chinland High Court. Judges so appointed shall serve for strictly temporary and emergency terms, until permanent Justices of the High Court may be confirmed to make up a full Court.

၁၅၀။ အမှုများ အချိန်မှီဆုံးဖြတ်ခြင်းနှင့်တင်သွင်းခြင်းများရှိစေရန် ချင်းလဲန်းအုပ်ချုပ်ရေးမှူးသည် ချင်းလဲန်းတရားရုံးချုပ်ရှိ လစ်လပ်နေသောနေရာများကို မြို့နယ် သို့မဟုတ် အယူခံရုံး တရားသူကြီးများဖြင့် ယာယီအစားထိုးခန့်အပ်ကာ တရားသူကြီး (၅) ဦး သို့မဟုတ် (၇) ဦး အမြဲရှိစေရမည်။ မြို့နယ် သို့မဟုတ် အယူခံရုံး တရားသူကြီးများသည် ပြည်နယ်တရားရုံးချုပ်၏ တာဝန်များကို ချင်းလဲန်းအုပ်ချုပ်ရေးမှူးက လိုအပ်သည်ဟု ယူဆသည်အထိ ထမ်းဆောင်နိုင်သည်။ ဤကဲ့သို့သော အနေအထား၌ ခန့်အပ်ခံရသော တရားသူကြီးများသည် ယာယီနှင့်အရေးပေါ်အခြေအနေအတွက်သာဖြစ်ပြီး တရားသူကြီးများ တာဝန်ပြန်လည်ထမ်းဆောင်နိုင်သည့်အချိန်အထိသာဖြစ်သည်။

151. Whenever called to temporary service on the Chinland High Court by whatever process, Judges of the Township and Appellate Courts shall receive no additional salary by virtue of such appointment and service, but they shall be reimbursed their necessary traveling and lodging expenses.

၁၅၁။ ချင်းလဲန်းတရားရုံးချုပ်က မည်သည့်နည်းဖြင့်မဆို ယာယီတာဝန်ထမ်းဆောင်ရန် ဆင့်ခေါ်ခြင်းခံရသော် မြို့နယ် (သို့) အယူခံရုံးတရားသူကြီးများသည် ထိုသို့သော် ယာယီတာဝန်ထမ်းဆောင်ရန် ဆင့်ခေါ်ခံရခြင်းကြောင်း အပိုလစာများမရရှိစေရ။ သို့သော် ခရီးသွားစရိတ်နှင့်နေထိုင်စရိတ်များ ခံစားခွင့်ရှိစေရမည်။

152. The Chief Justice shall assign the various Associate Justices to the various divisions of the Court, preside over the division of which he or she is a member, and designate the presiding judge of the other divisions. The Justices of the Chinland High Court sitting without division may review any decision rendered by a division of the Court.

၁၅၂။ ချင်းလဲန်းတရားသူကြီးချုပ်သည် တရားသူကြီးအဖွဲ့ဝင်များကို တရားရုံး၏ ဌာနခွဲတာဝန်များခွဲစေပြီး၊ မိမိပါဝင်သော တရားဌာနခွဲ၏ ကြားနာမှုများကို ဦးဆောင်ကွပ်ကဲရမည်။ ထိုသို့ ချင်းလဲန်းတရားရုံး၏ဌာနခွဲ တာဝန်ပေးအပ်ခြင်းမရှိသော တရားသူကြီးများသည် တရားရုံးခွဲဌာနများ၏ ဆုံးဖြတ်ချက်များကို ပြန်လည်ဆန်းစစ်ရမည်။

153. The Chief Justice and Associate Justices of the Chinland High Court shall reside at the place where the Chinland High Court is located, and no Chief Justice or Associate Justices of the Chinland High Court shall be deemed thereby to have lost his or her residence at the place from which he or she was selected. The offices of the Chief Justice of Chinland and Associate Justices of the Chinland High Court shall be at the place where the Chinland High Court is located.

၁၅၃။ ချင်းလဲန်းတရားရုံးချုပ်၏ တရားသူကြီးချုပ်နှင့်တရားသူကြီးအဖွဲ့ဝင်များသည် ချင်းလဲန်းတရားရုံးချုပ် တည်ရှိသည့်နေရာတွင် နေထိုင်ရမည်။ သို့သော် ထိုသို့နေထိုင်ခြင်းအားဖြင့် တရားသူကြီးချုပ်နှင့် တရားသူကြီးအဖွဲ့ဝင်များ၏ မူလရွေးကောက်ခံရာ မဲဆန္ဒနယ်၏နေထိုင်ခွင့်ကို မရှုံးဆုံးစေရ။

154. The Judges of the Appellate Courts shall reside at the place where the Appellate Court is located, and no Appellate Court judge shall be deemed thereby to have lost his or her residence at the place from which he or she was selected. The offices of the Appellate Court Judges shall be located at the place where the Appellate Court is located.

၁၅၄။ အယူခံရုံးများ၏ တရားသူကြီးများသသည် အယူခံရုံး တည်ရှိရာနေရာတွင် နေထိုင်ရမည်။ သို့သော် ထိုသို့နေထိုင်ခြင်း အားဖြင့် ၎င်း၏မူလရွေးကောက်ခံရာ မဲဆန္ဒနယ် နေထိုင်ခွင့်ကို မရှုံးဆုံးစေရ။ အယူခံရုံး၏တရားသူကြီးများသည် အယူခံများ တည်ရှိရာတွင် နေထိုင်ရုံးထိုင်ရမည်။

155. The Judges of the Township Court shall reside and keep his or her office in the Township for which he or she was appointed. If a Township Court judge was appointed for a particular village, he or she shall reside and keep his or her office in that village.

၁၅၅။ မြို့နယ်တရားသူကြီးများသည် ၎င်းတို့ခန့်အပ်ခြင်းခံရသော မြို့နယ်တရားရုံးများတည်ရှိရာတွင် နေထိုင်ရမည်။ အကယ်၍ မြို့နယ်တရားသူကြီးသည် ကျေးရွာတခုတွင် တာဝန်ပေးခြင်းခံရလျှင် ၎င်းတာဝန်ပေးခြင်းခံ ရသော ကျေးရွာတွင် နေထိုင်ရုံးထိုင် ရမည်။

156. During the term of their judicial service, no Justice of the High Court or Judge of the Appellate or Township Courts shall act as an attorney or lawyer or counselor at law in any manner whatsoever.

၁၅၆။ တရားရေးတာဝန်များကို ထမ်းဆောင်စဉ်ကာလ၌ ပြည်နယ်အယူခံရုံး နှင့် မြို့နယ်တရားသူကြီးများသည်၊ ရှေ့နေ (သို့) ဥပဒေ အကျိုးဆောင်ခြင်းများကို မည်သို့သောနည်းဖြင့်ဖြစ်စေ မပြုရ။

157. The Chinland Legislature shall provide for a Commission on Judicial Qualifications consisting of (1) three Judges, including one Appellate Court Judge, one Township Court Judge, and one Judge of any other court inferior to the High Court, all of whom shall be

appointed by the Chief Justice of the Chinland High Court; (2) three members of the Chinland Bar Association who shall have practiced law in Chinland for at least ten years and who shall be appointed by the Executive Council of the Chinland Bar Association; (3) three citizens of Chinland, none of whom shall be a Judge of any Court in Chinland, active or retired, nor a member of the Chinland Bar Association, and who shall be appointed by the Governor of Chinland; and (4) the Chief Justice of the High Court, who shall serve as its chairperson.

၁၅၇။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် တရားရေးအရည်အချင်းဆိုင်ရာ ကော်မရှင်ကို (၁)။ အယူခံရုံးတရားသူကြီးတဦး၊ မြို့နယ်တရားသူကြီးတဦး၊ ပြည်နယ်တရားရုံးချုပ်တရားသူကြီးထက်ရာထူးငယ်သော တရားသူကြီးက ခန့်အပ်၍ လည်းကောင်း (၂)။ ချင်းလဲန်းဥပဒေအကျိုးဆောင်များအသင်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ချင်းလဲန်းဥပဒေတာဝန် (၁၀) နှစ် အနည်းဆုံး ထမ်းဆောင်ခဲ့သော အသင်းဝင် (၃) ဦးကို ခန့်အပ်၍လည်းကောင်း (၃)။ ချင်းလဲန်းတရားရုံးများ၌ တရားရေးတာဝန်ထမ်းဆောင်ခြင်းမရှိခဲ့ဘူးသော၊ ချင်းလဲန်းဥပဒေအကျိုးဆောင်များအသင်း၌ အဖွဲ့ဝင် မဖြစ်ခဲ့ဖူးသော (၃) ဦးကို ချင်းလဲန်းအုပ်ချုပ်ရေးမှူးက ခန့်အပ်၍လည်းကောင်း (၄)။ ချင်းလဲန်းတရားသူကြီးချုပ်က ဤကော်မရှင်၏ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ဖွဲ့စည်းရမည်။

158. The Commission on Judicial Qualifications shall act by a vote of the majority of its members and no action of the Commission shall be valid unless concurred in by a majority of its members.

၁၅၈။ တရားရေးအရည်အချင်းဆိုင်ရာကော်မရှင်သည် ကော်မီတီဝင်အများစု၏ ဆန္ဒဖြင့် ကိစ္စအဝဝတွင် မဲပေးဆုံးဖြတ်ရမည်။ ကော်မရှင်၏ မည်သည့် လုပ်ဆောင်ချက်မဆိုကော်မရှင်အဖွဲ့ဝင်အများစု၏ သဘောတူညီမဟုတ်လျှင် အတည်မဖြစ်စေရန်။

159. Any Judge of any court of Chinland, including Justices of the High Court, may be reprimanded, disci-

plined, censured, suspended without pay for a definite period of time, not to exceed six months, or removed from office for (a) willful misconduct in office, (b) willful disregard of or failure to perform his or her duties, (c) habitual intemperance, (d) conviction of a crime involving moral turpitude, (e) disbarment as a member of the legal profession licensed to practice law in Chinland or (f) conduct prejudicial to the administration of justice that brings the judicial office into disrepute. Any judge of any court of Chinland may be retired for physical or mental disability seriously interfering with the performance of his or her duties if such disability is determined to be permanent or reasonably likely to become permanent.

၁၅၉။ ချင်းလဲန်းတရားရုံး၏ တရားသူကြီး မည်သူမဆို ချင်းလဲန်းတရားရုံးချုပ်၏ တရားသူကြီးမည်သူမဆို၊ သတိပေးခြင်း၊ ဆုံးမပဲ့ပြင်၊ စစ်ဆေးဖြတ်တောက်ခြင်း၊ လခမပါပဲ ခြောက်လထက်မပိုသောကာလအထိ တာဝန်မှရပ်ဆိုင်းစေခြင်း (သို့) ရာထူးမှ ဖယ်ရှားခြင်းများကို (က) တရားရုံးများ၏ စည်းမျဉ်းများ တမင်တကာကြံရွယ်ချက်ဖြင့် ချိုးဖောက်ခြင်း၊ ၎င်း၏တာဝန်များကို တမင်တကာကြံရွယ်ချက်ဖြင့် ထမ်းဆောင်ရန်ချိုးဖောက်ခြင်း၊ စိတ်ဓါတ်ယုတ်ညံ့ခြင်းနှင့် သက်ဆိုင်သော ပြစ်မှုကျူးလွန်ခြင်းကြောင့် ပြစ်ဒဏ်ပေးခံရခြင်း၊ ချင်းလဲန်းအတွင်း၌ ဥပဒေတာဝန်ထမ်းဆောင်ရန် တားမြစ်ခံရခြင်း၊ ချင်းလဲန်းတရားရုံးများ၏ ဂုဏ်သိက္ခာနှိုးညွှန်းစေမည့်ပြုမူဆောင်ရွက်ခဲ့ခြင်းများ ပြုခြင်းခံနိုင်သည်။ ချင်းလဲန်းတရားရုံးများ၏ တရားသူကြီး မည်သူမဆို ခန္ဓာကိုယ် (သို့) စိတ်ဓါတ်အင်အားမစွမ်းဆောင်နိုင်ခြင်းကြောင့် အချိန်ကာလကြာရှည်စွာ တာဝန်မထမ်းဆောင်နိုင်ရန် ခိုင်လုံလျှင် အငြိမ်းစားယူခွင့်ရှိသည်။

160. Any citizen of Chinland may request the Commission on Judicial Qualifications to investigate any judge of any court of Chinland for failure to conform to the standards of judicial behavior set out in this section. Upon such request, the commission shall make

such investigation as the commission deems necessary and shall, upon a finding of probable cause, appoint a person who shall investigate and hold a formal open hearing to take evidence in any such matter, and to report to the Commission. If after considering the record and report of the investigator, the commission finds that the charges are established by clear and convincing evidence, it shall recommend to the High Court that the judge involved shall be reprimanded, disciplined, censured, suspended without pay for a definite period of time not to exceed six months, removed, or retired as the case may be.

၁၆၀။ ချင်းလူမျိုးမည်သူမဆို ချင်းလဲန်းတရားရုံးတရားသူကြီးတဦးဦး၏ ဤအခြေခံဥပဒေပါ သတ်မှတ်ချက်များ၏ ညီညွတ်မှု (သို့) လိုက်လျောညီထွေမှု မရှိကြောင်းယူဆလျှင် ချင်းလဲန်းတရားရေး အရည်အချင်းဆိုင်ရာကော်မရှင်သို့ စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် တောင်းဆိုနိုင်သည်။ ထိုသို့လျှောက်ထားချက်များအပေါ်ကော်မရှင်က လိုအပ်သည်ဟု ယူဆလျှင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး စစ်ဆေးစုံစမ်းမှုများ၏ တွေ့ရှိချက်များအပေါ် လိုအပ်သောကြားနာမှုများပြုလုပ်ရန် တစုံတယောက်အား ခန့်ထားကာ ကော်မရှင်သို့တင်ပြရန် တာဝန်ပေးရမည်။ အကယ်၍ သက်သေအထောက်အထားများနှင့် စုံစမ်းတွေ့ရှိမှုများက ခိုင်လုံသော အထောက်အထားများ ပြနေလျှင် ကော်မရှင်သည် ချင်းလဲန်းတရားရုံးချုပ်က ဤအမှု၌ သက်ဆိုင်သော တရားသူကြီးအား သတိပေးခြင်း၊ ဆုံးမပဲ့ပြင်ခြင်း၊ စစ်ဆေးဖြတ်တောက်ခြင်း၊ လစာမပါပဲ ခြောက်လထက်မပိုသောကာလ အထိတာဝန်မှ ရပ်စဲစေခြင်း၊ အငြိမ်းစားပေးခြင်းများကို အမှုနှင့်အညီ ပေးနိုင်သည်။

161. The High Court shall review the record of the proceedings and in its discretion may permit the introduction of additional evidence. The High Court shall make such determination as it finds just and proper, and may order reprimand, discipline, censure, suspension, removal, or retirement of such judge, or may wholly reject the recommendation to sanction

such judge. Upon an order for removal, the judge shall be removed from office, his or her salary shall cease from the date of such order, and he or she shall be ineligible for future judicial office. Suspension shall not create a vacancy in the office of Justice of the High Court or other judge.

၁၆၁။ ချင်းလဲန်းတရားရုံးချုပ်သည် တရားရုံးများ၏ ပြုလုပ်ဆောင်ရွက်ခြင်းများကို ပြန်လည်စစ်ဆေးနိုင်ပြီး၊ ၎င်း၏လုပ်ပိုင်ခွင့်အရ အပိုဖြည့်စွက်ထားသော အထောက်အထားများထည့်သွင်းခွင့်ကို ပေးနိုင်သည်။ ချင်းလဲန်းတရားရုံးချုပ်သည် ထိုသိုသော ဆုံးဖြတ်ချက်များကို ၎င်း၏တွေ့ရှိချက်များ တရားမှန်ကန်သင့်လျော်သည်ဟု ယူဆလျှင်သတိပေးခြင်း၊ ဆုံးမပဲ့ပြင်ခြင်း၊ စစ်ဆေးဖြတ်တောက်ခြင်း၊ ရပ်ဆိုင်းစေခြင်း၊ ဖယ်ရှားဖြင်း (သို့) အငြိမ်းစားပေးခြင်းများကို သက်ဆိုင်သောတရားသူကြီးအပေါ် ပြုမူခြင်း (သို့) ထိုသို့ပြုမူရန် အမိန့်ကလျှင်ကျခြင်း သက်ဆိုင်သောတရားသူကြီးများကို ချက်ခြင်းတာဝန်မှ ဖယ်ရှားရမည်ဖြစ်ပြီး၊ ၎င်း၏လစာနှင့် အကျိုးခံစားခွင့်များကို ချက်ခြင်းဖြတ်တောက်ရမည့်အပြင် အနာဂါတ်တွင် တရုံးရုံး၌ ထမ်းဆောင်ခြင်း မရှိစေရ။ ထိုသို့ ဖယ်ရှားခြင်းကြောင့် ချင်းလဲန်းတရားရုံးချုပ်၏ တရားသူကြီးနေရာများလစ်လပ်ခြင်း မရှိစေရ။

162. No Justice of the High Court or other judge shall participate, as a member of the Commission, or as a master, or as a member of the High Court, in any proceedings involving his or her own reprimand, discipline, censure, suspension, removal, or retirement.

၁၆၂။ ချင်းလဲန်းတရားရုံးချုပ်တရားသူကြီးဖြစ်စေ၊ တခြားတရားသူကြီး မည်သူမဆိုဖြစ်စေ၊ ၎င်းအားသတိပေးခြင်း၊ ဆုံးမပဲ့ပြင်ခြင်း၊ စစ်ဆေးဖြတ်တောက်ခြင်း၊ ရပ်ဆိုင်းစေခြင်း၊ ဖယ်ရှားခြင်း၊ အငြိမ်းစားယူစေခြင်းနှင့် ပါတ်သက် သောကော်မရှင်အဖွဲ့ဝင် (သို့) တာဝန်ခံသူ (သို့) တရားရုံးချုပ်တရားသူကြီးအဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းမရှိစေရ။

## အုပ်ချုပ်ရေး (စီမံခန့်ခွဲရေး)

163. The courts of Chinland shall have the power of judicial review to enforce the provisions of this section; the courts of Chinland shall therefore review the actions of all departments of government and government officials for conformity to these provisions. Any decision of the High Court in the interpretation of these provisions shall be final and binding on the parties to that decision and on all of the people of Chinland, including departments of the government and government officials.

၁၆၃။ ချင်းလဲန်း၏ တရားရုံးများသည် ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မများအပေါ် ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်လည်သုံးသပ်ပိုင်ခွင့်ရှိသည်။ ချင်းလဲန်း၏ တရားရုံးများသည် အစိုးရဌာနများနှင့် ဝန်ထမ်းများ၏ လုပ်ဆောင်မှုများအပေါ် ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်လည်သုံးသပ်ပိုင်ခွင့်ရှိသည်။ ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ အပေါ် ချင်းလဲန်းတရားရုံးများ၏ ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြန်လည်သုံးသပ် အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် နောက်ဆုံးဖြစ်ပြီး သက်ဆိုင်သော အဖွဲ့အစည်း၊ ချင်း ပြည်သူအားလုံး၊ အစိုးရဌာနများနှင့် ဝန်ထမ်းများအပေါ် ဥပဒေကဲ့သို့ အာဏာသက်ရောက်သည်။

164. The qualified electors of Chinland shall, at the times and places of choosing the Governor every five years, elect a Secretary General of Chinland, Treasurer General of Chinland, Advocate General of Chinland, Auditor General of Chinland, and Commissioner of Civil Services. OR: The Governor of Chinland shall appoint the Secretary General of Chinland, Treasurer

General of Chinland, Advocate General of Chinland, Auditor General of Chinland, and Commissioner of Chinland, with the consent and approval of the Chinland Legislative Assembly for five year terms.

၁၆၄။ ချင်းလဲန်းရှိ မဲပေးပိုင်ခွင့်ရှိသူများသည် ငါးနှစ်လျှင်တကြိမ် ချင်းလဲန်းအုပ်ချုပ်ရေးမှူးကို ရွေးကောက်ချိန်ရွေးကောက်ရာ၌ ချင်းလဲန်းအတွင်းရေးမှူး၊ ချင်းလဲန်းဘဏ္ဍာရေးမှူး၊ ချင်းလဲန်းရှေ့နေမှူး၊ ချင်းလဲန်းစာရင်းစစ်မှူး၊ ပြည်သူဝန်ထမ်းဆိုင်ရာ ကော်မရှင်မှူးတို့ကို ရွေးချယ်ရမည်။ သို့မဟုတ် ချင်းလဲန်းအုပ်ချုပ်ရေးမှူးသည် ချင်းလဲန်းဥပဒေပြုအဖွဲ့၏ ဆန္ဒနှင့် သဘောတူညီချက်ဖြင့် ချင်းလဲန်းအတွင်းရေးမှူး၊ ချင်းလဲန်းဘဏ္ဍာရေးမှူး၊ ချင်းလဲန်းရှေ့နေမှူး၊ ချင်းလဲန်းစာရင်းစစ်မှူး၊ ပြည်သူဝန်ထမ်းဆိုင်ရာ ကော်မရှင်မှူးတို့ကို ရွေးချယ်ခန့်ထားရမည်။

165. The Secretary General of Chinland shall carefully keep and preserve the records of all the official acts and proceedings of the Governor, Senate, and House of Preventatives, and when required, lay the same before either branch of the Legislature, and perform such other duties as are enjoined by this Constitution or otherwise required by law. In the performance of his or her duties, the Secretary General of Chinland shall have the right of audience in all Legislative and Executive functions.

၁၆၅။ ချင်းလဲန်းအတွင်းရေးမှူးသည် အုပ်ချုပ်ရေးမှူး၊ အထက်လွှတ်တော်၊ အောက်လွှတ်တော်တို့၏ မှတ်တမ်းအားလုံးကို သေချာစွာထိမ်းသိမ်းရမည်ဖြစ်ပြီး အကယ်၍ တောင်းဆိုခြင်းပြုပါက ဥပဒေပြုအဖွဲ့တခုခုထံသို့ တင်ပြရမည့်အပြင် ဤအခြေခံဥပဒေနှင့် တခြားအက်ဥပဒေများက ပြဋ္ဌာန်းသည့်အတိုင်း တာဝန်ကိုထမ်းဆောင်ရမည်။ ၎င်း၏တာဝန်ကို ထမ်းဆောင်နေစဉ်တွင် ချင်းလဲန်းအထွေထွေအတွင်းရေးမှူးသည် ဥပဒေပြုလွှတ်တော် အစည်းအဝေးနှင့် အုပ်ချုပ်ရေး အစည်းအဝေးများကို တက်ရောက်နိုင်သည်။

166. The Treasurer General of Chinland shall carefully keep and preserve the records of all revenues of the

Government of Chinland, make such records publicly available, and perform such other duties as are enjoined by this Constitution or otherwise required by law. In the performance of his or her duties, the Treasurer General of Chinland shall have the right of audience in all Legislative and Executive functions.

၁၆၆။ ချင်းလဲန်းဘဏ္ဍာရေးမှူးသည် ချင်းလဲန်းအခွန်ဘဏ္ဍာနှင့်ဆိုင်သော စာရင်းအားလုံးကို သေချာစွာ ထိမ်းသိမ်းပြီး ၎င်းစာရင်းဇယားများ အများပြည်သူအတွက် ကြည့်ရှုနိုင်ရန် ဤအခြေခံဥပဒေနှင့် တခြားအက်ဥပဒေများက ပြဌာန်းသည့်အတိုင်း လုပ်ဆောင်ရမည်။ ၎င်း၏တာဝန်ကို ထမ်းဆောင်နေစဉ်တွင် ချင်းလဲန်းဘဏ္ဍာရေးမှူးသည် ဥပဒေပြုလွှတ်တော်အစည်းအဝေးနှင့် အုပ်ချုပ်ရေးအစည်းအဝေးများကို တက်ရောက်နိုင်သည်။

167. The Advocate General of Chinland shall give advice to the Government of Chinland upon such legal matters, and shall perform such other duties of a legal character, as may from time to time be referred to him by the Governor of Chinland, and he or she shall perform such other duties as are enjoined by this Constitution or otherwise required by law. In the performance of his or her duties, the Advocate General of Chinland shall have the right of audience in all courts in the territory of Chinland.

၁၆၇။ ချင်းလဲန်းရှေ့နေမှူးသည် ချင်းလဲန်းအစိုးရကို ဥပဒေရေးရာသက်ဆိုင်သော ကိစ္စရပ်များ၌ ချင်းလဲန်းအုပ်ချုပ်ရေးမှူးက ပေးအပ်ထားသော ကိစ္စများတွင် အကြံပေးရမည်။ ၎င်းအပြင် ဤအခြေခံဥပဒေ နှင့်တခြားအက်ဥပဒေများက ပြဌာန်းသည့်အတိုင်း တာဝန်ကို ထမ်းဆောင်ရမည်။ ၎င်း၏တာဝန်ကို ထမ်းဆောင်နေစဉ်တွင် ချင်းလဲန်းရှေ့နေမှူးသည် ဥပဒေပြုအဖွဲ့နှင့်အုပ်ချုပ်ရေးအစည်းအဝေးများကို တက်ရောက်နိုင်သည်။

168. The Auditor General of Chinland shall carefully keep and preserve the records of all the finance accounts of the Government of Chinland, make such records publicly available, and perform such other duties as

are enjoined by this Constitution or otherwise required by law. In the performance of his or her duties, the Auditor General of Chinland shall have the right of audience in all Legislative and Executive functions.

၁၆၈။ ချင်းလဲန်းစာရင်းစစ်မှူးသည် ချင်းလဲန်းအစိုးရ၏ဘဏ္ဍာရေးစစ်တမ်းနှင့်ဆိုင်သော စာရင်းဇယားအားလုံးကို အများပြည်သူအတွက် ရရှိနိုင်စေရန် ဤအခြေခံဥပဒေနှင့်တခြားအက်ဥပဒေများအတိုင်း လုပ်ဆောင်ရမည်။ ၎င်း၏တာဝန်များကို ထမ်းဆောင်စဉ်တွင် ချင်းလဲန်းစာရင်းစစ်မှူးသည် ဥပဒေပြုလွှတ်တော်အစည်းအဝေးနှင့်အုပ်ချုပ်ရေးဆိုင်ရာ အစည်းအဝေးများကို တက်ရောက်နိုင်သည်။

169. The Commissioner of Civil Service shall administer the Civil Services as provided in this Constitution and by other laws, and he or she shall perform such other duties as are enjoined by this Constitution or otherwise required by law. In the performance of his or her duties, the Commissioner of Civil Services shall have the right of audience in all Legislative and Executive functions.

၁၆၉။ ပြည်သူ့ဝန်ထမ်းဆိုင်ရာကော်မရှင်မှူးသည် ပြည်သူ့ဝန်ထမ်းရေးရာနှင့်ဆိုင်သောလုပ်ငန်းများကို ဤအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့် အက်ဥပဒေများအရ ကြီးကြပ်ကွက်ကဲ စီမံအုပ်ချုပ်ရမည်။ ၎င်း၏တာဝန်များကို ထမ်းဆောင်စဉ် ပြည်သူ့ဝန်ထမ်းဆိုင်ရာကော်မရှင်မှူးသည် ဥပဒေပြုလွှတ်တော်အစည်းအဝေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ အစည်းအဝေးများကို တက်ရောက်နိုင်သည်။

170. The Secretary General of Chinland, Treasurer General of Chinland, Advocate General of Chinland, Auditor General of Chinland, and Commissioner of Civil Services shall attend the Governor, Senate and House of Representatives, in person or by their deputies, as they shall require.

၁၇၀။ ချင်းလဲန်းအတွင်းရေးမှူးချုပ်၊ ချင်းလဲန်းဘဏ္ဍာရေးမှူးချုပ်၊ ချင်းလဲန်းရှေ့နေချုပ်၊ ချင်းလဲန်းစာရင်းစစ်ချုပ်၊ ချင်းလဲန်းပြည်သူ့ဝန်ထမ်းရေးရာချုပ်တို့သည်

အုပ်ချုပ်ရေးမှူး၊ ချင်းလဲန်းအထက်လွှတ်တော်နှင့် အောက်လွှတ်တော် အစည်းအဝေးများကို ၎င်းတို့ ကိုယ်တိုင် သို့မဟုတ် ၎င်းတို့၏လက်ထောက်များဖြင့် တောင်းဆိုညွှန်ကြားချက်အတိုင်း တက်ရမည်။

171. The Chinland Legislature may make such rules regarding the powers, duties, privileges, and compensation of the Secretary General of Chinland, Treasurer General of Chinland, Advocate General of Chinland, Auditor General of Chinland, and Commissioner of Civil Services as may be needful and consistent with the letter and spirit of this Constitution.

၁၇၁။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် အာဏာ၊ တာဝန်၊ အခွင့်အရေး၊ အကျိုးခံစားခွင့်ဆိုင်ရာ အက်ဥပဒေများကို ချင်းလဲန်းအတွင်းရေးမှူးချုပ်၊ ချင်းလဲန်းဘဏ္ဍာရေးမှူးချုပ်၊ ချင်းလဲန်းရှေ့နေချုပ်၊ ချင်းလဲန်းစာရင်းစစ်ချုပ်၊ ချင်းလဲန်းပြည်သူ့ဝန်ထမ်းရေးရာချုပ်တို့အတွက် ဤအခြေခံဥပဒေ၏ အနှစ်သာရမပျက်စေပဲ ရေးဆွဲပြဋ္ဌာန်းရမည်။

## CIVIL SERVICE COMMISSION

## ပြည်သူ့ဝန်ထမ်းကော်မရှင်

172. The Legislative Assembly of Chinland shall have the power and responsibility to execute this section in appropriate ways. This section shall not be judicially reviewable by the courts of Chinland, but this section may provide interpretive guidance for the provisions of this constitution that are judicially reviewable.

၁၇၂။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ဤအခန်းပါအခြေခံဥပဒေများကို သင့်လျော်အောင် အသုံးချနိုင်ရန် တာဝန်ဝတ္တရားရှိသည်။ ဤအခန်းပါဥပဒေပုဒ်မများကို ချင်းလဲန်းတရားရုံးများ၏ ဥပဒေအရ ပြန်လည်သုံးသပ်ခြင်း မပြုရစေကာမူ ဤဥပဒေပုဒ်မများကို ဥပဒေဘာသာပြန်ရာတွင် လမ်းညွှန်အဖြစ် ဥပဒေအရ ဘာသာပြန်၍ရသော ဥပဒေများအတွက် အသုံးပြုနိုင်သည်။

173. The Chinland Legislature shall establish and ordain a Civil Service Commission of Chinland.

၁၇၃။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ပြည်သူ့ဝန်ထမ်းဆိုင်ရာကော်မရှင်ကို ပြဋ္ဌာန်းဖွဲ့စည်းရမည်။

174. The Civil Service shall conduct the Civil Service examination based on merit and reservation as the Chinland Legislature may provide by law.

၁၇၄။ ပြည်သူ့ဝန်ထမ်းဆိုင်ရာကော်မရှင်သည် ဝန်ထမ်းရွေးချယ်ရေးစာမေးပွဲများကိုပြုလုပ်ပြီး အရည်အချင်းအလိုက်နှင့် ချင်းလဲန်းဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းထားသည့် ရာထားချက်များအတိုင်း ဆောင်ရွက်ရမည်။

175. The Chinland Legislature shall provide by law for the Civil Service Commission's Rights, Privileges, Responsibilities, Duties and Impeachment from time to time.

၁၇၅။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ပြည်သူ့ဝန်ထမ်းဆိုင်ရာကော်မရှင်၏ အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ ဝတ္တရားများ၏ တာဝန်များနှင့်ဖယ်ရှားခြင်းဆိုင်ရာအက်ဥပဒေကို ပြဋ္ဌာန်းရမည်။

## IMPEACHMENT

## ရာထူးမှ ဖယ်ရှားခြင်း

176. The House of Representatives shall have power to impeach any Member of the Senate and all officials who are appointed to public office by the consent and approval of the Senate.

၁၇၆။ အောက်လွှတ်တော်သည် အထက်လွှတ်တော်အမတ်များနှင့် အထက်လွှတ်တော်၏ ဆန္ဒနှင့်သဘောတူညီချက်ဖြင့် ခန့်အပ်ထားသော အစိုးရဝန်ထမ်းမည်သူမဆို ရာထူးမှ ဖယ်ရှားပိုင်ခွင့်ရှိသည်။

177. The Senate shall have power to impeach any member of the House of Representatives and all

officials appointed to public office by the consent and approval of the House of Representatives.

၁၇၇။ အထက်လွှတ်တော်သည် အောက်လွှတ်တော်အမတ်များနှင့်အောက်လွှတ်တော်၏ ဆန္ဒနှင့်သဘောတူညီချက်ဖြင့် ခန့်အပ်ထားသော အစိုးရဝန်ထမ်းမည်သူမဆို ရာထူးမှ ဖယ်ရှားပိုင်ခွင့်ရှိသည်။

178. When sitting for impeachment purposes, the Members of the House of Representatives and the Senate shall be on oath or affirmation. No person shall be convicted without the concurrence of at least two-thirds of the members present.

၁၇၈။ ရာထူးမှ ဖယ်ရှားခြင်းနှင့်ပတ်သက်၍ စည်းဝေးချိန်တွင် အောက်လွှတ်တော်နှင့်အထက်လွှတ်တော်အမတ်များသည် ဂတိကျမ်းကျိန်ခြင်းကို ပြုရမည်။ မည်သူမဆို သုံးပုံနှစ်ပုံ၏ သဘောတူညီချက်မရှိလျှင် ရာထူးမှ မထုတ်ပယ်ရ။

179. The Senate and the House of Representatives together shall have power to impeach the Governor of Chinland, Lieutenant Governor of Chinland, Secretary General of Chinland, Treasurer General of Chinland, Advocate General of Chinland, Auditor General of Chinland, or the Commissioner of Civil Services, with the concurrence of two-thirds of those present in each house. When the Governor is impeached, the Chief Justice of Chinland High Court shall preside.

၁၇၉။ အထက်လွှတ်တော်နှင့်အောက်လွှတ်တော် နှစ်ရပ်ပေါင်းပြီး ချင်းလဲန်းအုပ်ချုပ်ရေးမှူး၊ ဒုတိယချင်းလဲန်းအုပ်ချုပ်ရေးမှူး၊ ချင်းလဲန်းအတွင်းရေးမှူးချုပ်၊ ချင်းလဲန်းဘဏ္ဍာရေးမှူးချုပ် ၊ ချင်းလဲန်းရှေ့နေချုပ်၊ ချင်းလဲန်းစာရင်းစစ်ချုပ် သို့မဟုတ် ပြည်သူ့ဝန်ထမ်းဆိုင်ရာ ကော်မရှင်ချုပ်တို့ကို လွှတ်တော်တခုစီမှ သုံးပုံနှစ်ပုံတက်ရောက်သူ အများဆန္ဒဖြင့် ရာထူးမှ ဖယ်ရှားနိုင်သည်။ ချင်းလဲန်းအုပ်ချုပ်ရေးမှူးအား ရာထူးမှဖယ်ရှားရန်ဖြစ်လျှင် ချင်းလဲန်းတရားသူကြီးချုပ်က သဘာပတိလုပ်ရမည်။

180. In any and all impeachment proceedings, the accused officeholder shall be impeached only for gross and pertinacious abuse of the powers of his or her office. No-one may be impeached because of policy disagreements with another government body or officeholder. Judges may not review impeachment proceedings, but those conducting impeachment proceedings are enjoined to act in the strictest good faith.

၁၈၀။ မည်သည့်ရာထူးမှ ဖယ်ရှားခြင်း လုပ်ဆောင်မှု၌မဆို အစွပ်စွဲခံရသူသည် ကြီးလေး၍ သိသာထင်ရှားသော တာဝန်ဝတ္တရားချိုးဖောက်မှုရှိမှသာ ရာထူးမှ ဖယ်ရှားရမည်။ မည်သူမဆို တခြားဌာန သို့မဟုတ် ပုဂ္ဂိုလ်နှင့် ပေါ်လစီရေးရာသဘောထား ကွဲလွဲမှုကြောင့် ရာထူးမှ ဖယ်ရှားခြင်းမရှိစေရ။ တရားသူကြီးများသည် ရာထူးမှဖယ်ရှားခြင်းလုပ်ဆောင်မှုများကို ပြန်လည်စစ်ဆေးခြင်း မပြုစေရကာမူ ထိုသို့သော ရာထူးမှ ဖယ်ရှားခြင်းလုပ်ဆောင်မှုများကို အဆင့်အတန်းမြင့်မားစွာဖြင့် လုပ်ဆောင်ရမည်။

181. The Governor, and all other executive, legislative, and administrative officers, shall be liable to impeachment; but judgment in such cases shall not extend further than to removal from office, and disqualification to hold any office of honor, trust or profit under the state. This provision does not, however, forbid separate judicial proceedings in which the party impeached is subject to civil suit, indictment, trial and punishment according to law.

၁၈၁။ ချင်းလဲန်းအုပ်ချုပ်ရေးမှူးအပါအဝင် အုပ်ချုပ်ရေးအရာရှိများ၊ ဥပဒေပြုအဖွဲ့က အရာရှိများအားလုံးကို ရာထူးမှဖယ်ရှားနိုင်သည်။ သို့သော် ထိုကိစ္စများ၌ စီရင်ချက်ချမှတ်ခြင်းများသည် ရာထူးမှဖယ်ရှားခြင်း၊ တခြားလုပ်ငန်းဆောင်တာများ၌ ဝင်ရောက်ထမ်းဆောင်ခြင်း၊ ချင်းလဲန်းနှင့်သက်ဆိုင်သော အကျိုးအမြတ်ရှိသည့်လုပ်ငန်းများ၌ ထမ်းဆောင်ခြင်းတို့ကို မတားမြစ်စေရ။ သို့သော် ဤဥပဒေပုဒ်မများသည် သီးခြားအရပ်ဖက်စွဲဆိုမှု၊ ဆင့်ခေါ်မှု၊ ရုံးတင်မှုနှင့် တရားဥပဒေအရ ပြစ်ဒါဏ်ကျခံစေရန်တို့အတွက် သီးခြားတရားစွဲဆိုမှုများကို မတားမြစ်စေရ။

## LOCAL GOVERNMENT

## ဒေသန္တရအစိုးရ

182. The courts of Chinland shall have the power of judicial review to enforce the provisions of this section; the courts of Chinland shall therefore review the actions of all departments of government and government officials for conformity to these provisions. Any decision of the High Court in the interpretation of these provisions shall be final and binding on the parties to that decision and on all of the people of Chinland, including departments of the government and government officials.

၁၈၂။ ချင်းလဲန်း၏ တရားရုံးများသည် ဤပုဒ်မများအပေါ် ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်လည်သုံးသပ်ပိုင်ခွင့်ရှိသည်။ ချင်းလဲန်း၏ တရားရုံးများသည် အစိုးရဌာနများနှင့် ဝန်ထမ်းများ၏ လုပ်ဆောင်မှုများအပေါ် ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်လည်သုံးသပ်ပိုင်ခွင့်ရှိသည်။ ဤပုဒ်မအပေါ် ချင်းလဲန်းတရားရုံးများ၏ ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြန်လည်သုံးသပ် အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် နောက်ဆုံးဖြစ်ပြီး သက်ဆိုင်သောအဖွဲ့ အစည်း၊ ချင်း ပြည်သူအားလုံး၊ အစိုးရဌာနများနှင့် ဝန်ထမ်းများအပေါ် ဥပဒေကဲ့သို့ အာဏာသက်ရောက်သည်။

### *Version (A)*

183. The Chinland Legislative Assembly shall have the power, at its discretion, to provide by law for the creation, organization, administration, consolidation, division and dissolution of Local Government units and their functions, for the change of boundaries thereof, for their elective and appointive officers

including qualifications for office, for the issuance of charters of local governments, and for the funding of those governments. To the extent possible, the Chinland Legislative Assembly shall draw Local Government boundaries so as to follow cultural, dialectal, and/or traditional administrative lines. OR:

**အဆိုပြုချက် (က)**

၁၈၃။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ဒေသန္တရအစိုးရနယ်မြေများ သတ်မှတ်ခြင်း၊ စည်းရုံးဖွဲ့စည်းခြင်း၊ အုပ်ချုပ်ခြင်း၊ ပေါင်းစည်းခြင်း၊ ခွဲခြားခြင်း၊ ရုတ်သိမ်းခြင်း စသည်တို့နှင့် ၎င်းဒေသန္တရအစိုးရများ၏ လုပ်ငန်း၊ နယ်နမိတ်သတ်မှတ်ခွဲခြားခြင်း၊ ရွေးကောက်ခြင်းနှင့် ရွေးကောက်တင်မြှောက်ပိုင်ခွင့်ရှိခြင်း၊ ဒေသန္တရအစိုးရများ၏ စည်းမျဉ်းထုံးတမ်းများပြဋ္ဌာန်းခြင်းနှင့် ၎င်းဒေသန္တရအစိုးရများ၏ ဘဏ္ဍာငွေထောက်ပံ့ခြင်းဆိုင်ရာ ဥပဒေများပြုရမည်။ အဖြစ်နိုင်ဆုံးအခြေအနေအရ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ဒေသန္တရအစိုးရ နယ်နမိတ်များကို ယဉ်ကျေးမှု၊ ဘာသာစကားနှင့် သို့မဟုတ် ရိုးရာအုပ်ချုပ်ရေးနယ်နမိတ်များကို အခြေခံ၍ ရေးဆွဲရမည်။

*Version (B)*

184. Consistent with the rights and powers of Local Governments specified in this Constitution, the Chinland Legislative Assembly may provide for the creation, organization, and regulation of Local Governments, to be called Townships.

**အဆိုပြုချက် (ခ)**

၁၈၄။ ဤအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသော ဒေသန္တရအစိုးရများ၏ အခွင့်အရေး၊ အာဏာများနှင့်လိုက်လျောညီထွေစွာ ချင်းလဲန်းဥပဒေပြုအဖွဲ့ သည် သတ်မှတ်ဖွဲ့စည်းခြင်း၊ စည်းရုံးဖွဲ့စည်းခြင်းနှင့် ဒေသန္တရအစိုးရများအား မြို့နယ်များအဖြစ် ဖွဲ့စည်းခြင်းများကို ပြုလုပ်နိုင်သည်။

185. These Township governments shall have the following names and boundaries: ETC.

၁၈၅။ မြို့နယ်အစိုးရများသည် အောက်ပါနာမည်များနှင့်နယ်နမိတ်များဖြင့် ဖွဲ့စည်းရမည်။ (က–ခ–ဂ မြို့နယ်များ –– မှ ––ထိ နယ်နမိတ်များ)။

186. The Chinland Legislature may not change a Township's boundary until approved in each Township affected by a majority of the voters voting on the question.

၁၈၆။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် သက်ဆိုင်ရာမြို့နယ်အတွင်း နေထိုင်ကြသူများ၏ အများစုဆန္ဒအရ မဟုတ်လျှင် မြို့နယ် နယ်နမိတ်များကို မပြောင်းလဲရ။

187. Any Township unit may adopt a Township Charter to prescribe its own form of government. A Charter shall become effective if approved by a majority of the voters of the Township.

၁၈၇။ မြို့နယ်အစိုးရတခုစီသည် ၎င်းတို့မြို့နယ်အစိုးရဖွဲ့စည်းပုံများကို ပြန်တမ်းရေးဆွဲပြဋ္ဌာန်းရမည်။

188. If a Township Charter provides for the consolidation or separation of a Township, in whole or in part, it shall not be effective without approval of a majority of the voters in the remainder of the Township. A Charter may be amended in the same manner in which it was adopted.

၁၈၈။ မြို့နယ်တခု၏ တစိတ်တဒေသ သို့မဟုတ် တခုလုံးကို ပေါင်းစည်းခြင်းဆိုင်ရာ ပြန်တမ်းကို မြို့နယ်တခုက ပြဋ္ဌာန်းလျှင် ကျန်ရှိသော မြို့နယ်လူထု၏ အများဆန္ဒမဲ့မှတပါး အဆိုပါ ပြန်တမ်းသည် အကျိုးသက်ရောက်မှုမရှိစေရ။

189. Each Township Charter may subdelegate powers to smaller local governmental units, e.g., from the Township level to Villages, Blocks, or Wards. If the Charter does not so subdelegate, the Township government may choose to subdelegate.

၁၈၉။ မြို့နယ်တခုစီ၏ ပြန်တမ်းများက ၎င်းတို့ထက်သေးငယ်သော ဒေသန္တရ အုပ်ချုပ်ရေးအစုငယ်များကို လုပ်ပိုင်ခွင့်များ လွှဲပေးရမည်။ ဥပမာ မြို့နယ်အဆင့်မှ ကျေးရွာများ၊ အုပ်စုများ၊ ရပ်ကွက်များစသည်ဖြင့်၊ အကယ်၍ ပြန်တမ်းများက လုပ်ပိုင်ခွင့်မလွှဲပေးလျှင် မြို့နယ်အစိုးရကို လုပ်ပိုင်ခွင့်လွှဲပေးရန် ရွေးချယ်ရမည်။

190. Each Township Charter must provide for a democratic form of government, with an elected lawmaking body called the Township Council. The Township Council may prescribe rules governing election to the council, to supplement the charter where the charter is silent.

၁၉၀။ မြို့နယ်တခုစီ၏ ပြန်တမ်းများက ဒီမိုကရေစီနည်းအရဖြစ်သော အစိုးရများဖွဲ့စည်းရေးကို ပြဋ္ဌာန်းပြီး မြို့နယ်ကောင်စီဟု အမည်တွင်သော ဥပဒေပြုအဖွဲ့ကို ဖွဲ့စည်းရမည်။ အကယ်၍ မြို့နယ်ကောင်စီရွေးကောက်ပွဲနှင့်ဆိုင်သော ဥပဒေများ ပြန်တမ်း၌ မရှိလျှင် မြို့နယ်ကောင်စီက ပြဋ္ဌာန်းရမည်။

191. Every member of every Township Council shall before taking his or her seat, make and subscribe, before a Township or Appellate Court judge, an oath or affirmation to support the Constitution of the Federal Union and the Constitution of Chinland, and faithfully to discharge the duties of their respective offices to the best of their ability.

၁၉၁။ မြို့နယ်ကောင်စီ၏ အဖွဲ့ဝင်မည်သူမဆို ၎င်း၏ရာထူးလက်မခံမီ အယူခံရုံးသို့မဟုတ် မြို့နယ်တရားသူကြီး၏ ရှေ့မှောက်တွင် ဖက်ဒရယ်ပြည်ထောင်စုအခြေခံဥပဒေနှင့်ချင်းလဲန်းအခြေခံဥပဒေများကို သိစွာရှိစွာဖြင့်ပေးအပ်သော တာဝန်များကို ထမ်းဆောင်ပါမည့်အကြောင်း ဂတိသိစွာကျိန်ဆိုရမည်။

192. Each Township Charter and all the actions of every Township government must conform to the restrictions specified in the sections of this Constitution entitled Presiding Ideals, Individual Rights, Individual Duties, Chin Citizenship and Ethnicity, and Suffrage.

၁၉၂။ မြို့နယ်တခုစီ၏ ပြန်တမ်းများနှင့် မြို့နယ်အစိုးရအသီးသီး၏ လုပ်ဆောင်မှုအားလုံးသည် ဤအခြေခံဥပဒေ၌ သေချာစွာတားမြစ်ထားသော ပြည်သူ့စံထား၊ တသီးပုဂ္ဂလအခွင့်အရေးများ၊ တသီးပုဂ္ဂလတာဝန်များ၊ ချင်းအမျိုးသားဖြစ်မှုနှင့် လူမျိုးနှင့် ရွေးကောက်ခြင်းဆိုင်ရာတို့၏ လိုက်လျောညီထွေဖြစ်ရမည်။

193. Each Township Charter must grant the Township Council power over the following matters, and these powers shall be exclusive with respect to the government of Chinland:

i. Rules governing the form, procedures, and jurisdictions of, and methods of election or appointment to, units of the Local Government;
ii. Local police forces;
iii. Local sanitary conditions;
iv. Local hospitals, primary schools, libraries, and safety;
v. Local roads, parks, and recreational centers;
vi. Titles of landownership;
vii. Within state guidelines, the designation of particular areas for slash and burn agriculture and forest reserves.
viii. Local taxes and local bonds.

၁၉၃။ မြို့နယ်တခုစီ၏ ပြန်တမ်းများသည် အောက်ပါလုပ်ပိုင်ခွင့်များကို ချင်းလဲန်းအစိုးရ၏လုပ်ပိုင်ခွင့်နှင့်မညှိစွန်းစေပဲ မြို့နယ်ကောင်စီများထံသို့ လွှဲပေးရမည်။

၁။ ဒေသန္တရအစိုးရ၏ အုပ်ချုပ်ပုံစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေအာဏာသက်ရောက်မှုနှင့်ရွေးကောက်ပွဲဆိုင်ရာ နည်းစနစ်များ၊
၂။ ဒေသန္တရဆိုင်ရာ ရဲတပ်ဖွဲ့များ၊
၃။ ဒေသန္တရဆိုင်ရာ သန့်ရှင်းရေးဆိုင်ရာများ၊
၄။ ဒေသန္တရဆိုင်ရာဆေးရုံးများ၊ မူလတန်းကျောင်းများ၊ စာကြည့်တိုက်များနှင့် လုံခြုံမှုများ၊
၅။ ဒေသန္တရလမ်း၊ ပန်းခြံများနှင့်အပန်းဖြေခြင်းဆိုင်ရာကိစ္စများ၊
၆။ မြေပိုင်ဆိုင်ခွင့်ဆိုင်ရာ မှတ်တမ်းများ၊

၇။ ပြည်နယ်စည်းမျဉ်းဥပဒေဘောင်အရ တောင်ယာခုတ်ထွင်ခြင်းများ နှင့် သစ်တောထိမ်းသိမ်းရေး၊

၈။ ဒေသန္တရအခွန်နှင့်အာမခံဆိုင်ရာ ကိစ္စများ၊

194. Every year or more often, each Township Council shall report to the Secretary General of State on the activities of the Township Government in the period since the last report. This report shall include an account of the legislation adopted by the Township Council, the executive actions undertaken by the Township executive officials, the judicial decisions rendered by the local Township Judges, and all actions affecting the Local Government Charters.

၁၉၄။ နှစ်စဉ်နှစ်တိုင်း ပို၍ မြို့နယ်ကောင်စီတစုစီသည် ချင်းလဲန်းအုပ်ချုပ်ရေးမှူးချုပ်ထံသို့ ၎င်းတို့ ဒေသန္တရအစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြရမည်။ ဤမှတ်တမ်းများတွင် မြို့နယ်ကောင်စီဥပဒေပြုအဖွဲ့မှအတည်ပြုထားသော စာရင်းဇယားများ၊ မြို့နယ်အုပ်ချုပ်ရေးဝန်ထမ်းအရာရှိများ၏ လုပ်ဆောင်မှုများ၊ မြို့နယ်တရားသူကြီးများ၏ တရားရေးဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ဒေသန္တရအစိုးရ၏ ပြန်တမ်းဆိုင်ရာလုပ်ဆောင်မှုများ ပါဝင်ရမည်။

195. Each Township Council shall have available to it the following sources of revenue:

i. The Chinland Legislative Assembly shall provide for levying and collecting a capitation tax from every Citizen of Chinland of the age of twenty-one years or upwards. Such tax to be collected in any Township shall be uniform throughout that Township. The tax rate shall be specified by the Township Council, and such capitation tax shall be used exclusively in the Township in which it is collected.

ii. In its discretion, the Chinland Legislature may provide other funds to the Township Councils, but the distribution of funds must correspond to the

population of each Township or the financial need of each Township or some combination of the population and need of each Township.

iii. In its discretion, the Chinland Legislature may spend other funds in the various Townships, but the distribution of funds must correspond to the population of each Township or the financial need of each Township or some combination of the population and need of each Township.

iv. The Chinland Legislature may delegate taxing powers to Township Councils, but any such delegation must be uniform across the various Townships.

၁၉၅။ မြို့နယ်ကောင်စီတခုစီသည် အောက်ပါအခွန်ငွေဆိုင်ရာ အရင်းအမြစ်များရရှိစေရမည်။

၁။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် အသက်နှစ်ဆယ့်တနှစ်အထက်ရှိသူ ချင်းအမျိုးသားများ အရင်းအနှီးခွန်ပေးဆောင်ရမည့် ဥပဒေကို ပြဋ္ဌာန်းရမည်။ ထို့သို့သော အကောက်ခွန်များကို မြို့နယ်တိုင်းတွင် ကောက်ခံရန်ဖြစ်ပြီး ချင်းလဲန်းအတွင်းရှိ မြို့နယ်အားလုံး တပြေးညီဖြစ်စေရမည်။ အကောက် ခွန်နှုန်းကို မြို့နယ်ကောင်စီများက ပြဋ္ဌာန်းရမည်ဖြစ်ပြီး ဤအရင်းနှီးခွန်မှ ရရှိသော ဘဏ္ဍာငွေများ ကိုကောက်ခံရာ မြို့နယ်များ၌ အသုံးပြုရမည်။

၂။ ၎င်းတို့၏ လုပ်ပိုင်ခွင့်နှင့်အညီ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် မြို့နယ်ကောင်စီများကို ရံပုံငွေများပေးလိမ့်မည်။ သို့သော် ထိုရံပုံငွေများ ဖြန့်ဖြူးမှု သည် ဒေသန္တရလူဦးရေနှင့်ရံပုံငွေလိုအပ်မှုအပေါ် သို့မဟုတ် ၂ ရပ်စလုံး အပေါ် မူတည်ဖြန့်ဖြူးရမည်။

၃။ ၎င်းတို့၏ လုပ်ပိုင်ခွင့်နှင့်အညီ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် တခြားရံပုံငွေများကို မြို့နယ်များသို့ ဒေသန္တရလူဦးရေနှင့် ရံပုံငွေလိုအပ်မှုအပေါ် သို့မဟုတ် ၂ ရပ်စလုံးအပေါ် မူတည်ဖြန့်ဖြူးရမည်။

၄။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် အခွန်ငွေကောက်ခံပိုင်ခွင့်ကို မြို့နယ်ကောင်စီများသို့ ပေးအပ်ရမည်။ သို့သော် ထို့သို့သော လုပ်ပိုင်ခွင့်ပေးအပ်ခြင်းများသည် ချင်းလဲန်း တခုလုံးတွင် ပုံစံတခုတည်း ဖြစ်ရမည်။

## FINANCE, TAXATION AND REVENUE

## ဘဏ္ဍာရေး၊ အကောက်ခွန် နှင့် ဘဏ္ဍာတော်

196. The courts of Chinland shall have the power of judicial review to enforce the provisions of this section; the courts of Chinland shall therefore review the actions of all departments of government and government officials for conformity to these provisions. Any decision of the High Court in the interpretation of these provisions shall be final and binding on the parties to that decision and on all of the people of Chinland, including departments of the government and government officials.

၁၉၆။ ချင်းလဲန်း၏ တရားရုံးများသည် ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မများအပေါ် ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်လည်သုံးသပ်ပိုင်ခွင့်ရှိသည်။ ချင်းလဲန်း၏ တရားရုံးများသည် အစိုးရဌာနများနှင့် ဝန်ထမ်းများ၏ လုပ်ဆောင်မှုများအပေါ် ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်လည်သုံးသပ်ပိုင်ခွင့်ရှိသည်။ ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ အပေါ် ချင်းလဲန်းတရားရုံး များ ၏ ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြန်လည်သုံးသပ် အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် နောက်ဆုံးဖြစ်ပြီး သက်ဆိုင်သော အဖွဲ့အစည်း၊ ချင်း ပြည်သူအားလုံး၊ အစိုးရဌာနများနှင့် ပြည်သူ့ဝန်ထမ်းများ အပေါ် ဥပဒေကဲ့သို့ အာဏာသက်ရောက်သည်။

197. The power of taxation shall never be surrendered, suspended or contracted away, except as provided in this Constitution.

၁၉၇။ အကောက်ခွန်ကောက်ခံခြင်းအာဏာကို အရှုံးပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ လမ်းလွှဲခြင်းများ ဤအခြေခံဥပဒေပြဋ္ဌာန်း ချက်မှလွဲ၍ မပြုလုပ်ရ။

198. No money shall be drawn from the treasury but pursuant to an appropriation made by an Act of the

Chinland Legislature; provided, however, that the compensation of the members of the Chinland Legislature and all expenses connected with the session thereof may be paid out of the treasury pursuant to bicameral resolution. No obligation for the payment of money shall be incurred except as authorized by law. Un-obligated appropriations outstanding at the end of the period of time specified by law shall be void.

၁၉၈။ ချင်းလဲန်းဥပဒေပြုအဖွဲ့က အက်ဥပဒေအရ မပြဌာန်းထားလျှင် ချင်းလဲန်းအခွန်ဘဏ္ဍာငွေကို ထုတ်ယူခြင်းမပြုရ၊ သို့သော် ချင်းလဲန်းဥပဒေပြုအဖွဲ့အသုံးစရိတ်နှင့်ဥပဒေပြုခြင်းနှင့်ဆိုင်သော ကုန်ကျငွေအားလုံးကို ချင်းလဲန်းအခွန်ဘဏ္ဍာငွေမှ လွှတ်တော် နှစ်ရပ် သဘောတူညီချက်ဖြင့် သုံးစွဲရမည်။ ဥပဒေအရ ပြဌာန်းထားခြင်းမဟုတ်လျှင် ပေးဆပ်ရန်ဖြစ်သော ငွေများ အကြွေးမတင်စေရ။ အကြွေးတင်စရာမဖြစ်သော အသုံးစရိတ်များ မရှင်းထားလျှင် နှစ်ကုန်သောအခါ အကျုံးမဝင်စေရ။

199. No tax shall be levied, or appropriation of public money made, or public property transferred, nor shall the public credit be used, except for a public purpose.

၁၉၉။ ပြည်သူ့အကျိုးပြုလုပ်ငန်းမဟုတ်လျှင် မည်သည့်အခွန်ငွေမှ မသုံးစွဲရ။ သို့မဟုတ် သုံးစွဲရန် မစီစဉ်ရ။ သို့မဟုတ် ပြည်သူပိုင်ပစ္စည်းသို့ မပြောင်းလဲရ၊ သို့မဟုတ် ပြည်သူ့အကြွေးအဖြစ် မတင်စေရ။

200. Money may be borrowed or debt created by or on behalf of Chinland only pursuant to an Act of the Chinland Legislature, passed with the concurrence of two-thirds of all Members elected to each house, except to supply casual deficiencies of revenue, repel invasion, suppress insurrection, defend Chinland in war, or pay existing debts; and any law authorizing the borrowing of money by or on behalf of Chinland shall specify the purpose for which the money is to be borrowed, and the money so borrowed shall be

used exclusively for such purpose; but should the money so borrowed or any part thereof be left after the abandonment of such purpose or the accomplishment thereof, such money, or the surplus thereof, may be disposed of according to law.

၂၀၀။ ချင်းလဲန်းဥပဒေပြုအဖွဲ့၏ သုံးပုံနှစ်ပုံက အက်ဥပဒေအားဖြင့်၊ မပြဌာန်းလျှင် ချင်းလဲန်းကိုယ်စား ချေးခြင်း၊ အကြွေးတင်ခြင်း မပြုရ။ သို့သော် အရေးပေါ် ဘဏ္ဍာငွေမလုံလောက်ခြင်း၊ ကျူးကျော်မှုအား နှိမ်နင်းခြင်း၊ ပုန်ကန်မှုအား နှိမ်နင်းခြင်း၊ စစ်ဖြစ်ခြင်းမှ ချင်းလဲန်းကို ကာကွယ်ခြင်း သို့မဟုတ် တည်ရှိပြီးသော အကြွေးဆပ်ခြင်းတို့အတွက် ငွေချေးလျှင် မည်သည့်ကိစ္စအတွက် ချင်းလဲန်း ကိုယ်စား ငွေချေးကြောင်း ခိုင်လုံစွာ ပြဌာန်းရမည့်အပြင် ချေးငွေများကိုလည်း ချေးရခြင်းကိစ္စ၌သာ အသုံးပြုရမည်။ ထိုသို့ ငွေချေးပြီးလျှင် အခြေ အနေပြောင်းလဲခြင်းကြောင့် ကျန်ရှိသောငွေများကို ဥပဒေအရ သိမ်းဆည်း ထားရမည်။

201. Except as otherwise provided in this Constitution, no appropriation of public money shall be made to, nor the bonds of Chinland be issued or loaned to, any Local Government or corporation, nor shall the credit of the Chinland, by the guarantee or the endorsement of the bonds or other undertakings of any Local Government or corporation, be pledged otherwise than pursuant to an Act of the Chinland Legislature, passed with the concurrence of three-fourths of all the members elected to each house.

၂၀၁။ အကယ်၍ ဥပဒေ၌ မပြဌာန်းထားလျှင် ပြည်သူ့ဘဏ္ဍာငွေကို ဒေသန္တရ အစိုးရများနှင့်ကော်ပိုးရေးရှင်းများအတွက် သုံးစွဲခြင်း၊ ချေးငှားခြင်း အာမခံပေးခြင်း မပြုရ။ အကယ်၍ ဒေသန္တရအစိုးရများနှင့်ကော်ပိုးရေးရှင်းများက အာမခံချက်ဖြင့် ပြည်သူ့ဘဏ္ဍာငွေကို ချေးဌားလာခဲ့သော ချင်းလဲန်း ဥပဒေပြုအဖွဲ့တခုစီ၏ လေးပုံသုံးပုံသဘောတူညီချက်ဖြင့် ဥပဒေပြုပြဌာန်း ပေးရမည်။

202. A regular account of the receipts and expenditures of all public money shall be published annually and

made available free of charge to any citizen of Chinland who requests it.

၂၀၂။ ပြည်သူ့ဘဏ္ဍာငွေ နှစ်စဉ်ဝင်ငွေနှင့်သုံးငွေစာရင်းဇယားအားလုံးကို ပုံနှိပ်ပြီး ပြည်သူများက တောင်းဆိုသောအခါ အခမဲ့ဖြင့် ရရှိနိုင်အောင် ဆောင်ရွက်ရမည်။

203. The Governor of Chinland shall submit to the legislature, at a time fixed by law, a budget for the next fiscal year setting forth all proposed expenditures and anticipated income of all departments, offices, and agencies of Chinland. The governor, at the same time, shall submit a general appropriations bill to authorize the proposed expenditures, and a bill or bills covering recommendations in the budget for new or additional revenues.

၂၀၃။ ချင်းလဲန်းအုပ်ချုပ်ရေးမှူးသည် လာမည့်နှစ်ရသုံးခန့်မှန်းခြေအပေါ်မူတည်ပြီး ဌာနဆိုင်ရာအားလုံး၊ ရုံးအားလုံးနှင့် အေဂျင်စီ အားလုံးအတွက်ဆိုင်သော ဘတ်ဂျက်ကို ရေးဆွဲပြီး ချင်းလဲန်းဥပဒေပြုအဖွဲ့သို့ တင်ပြရမည်။ တချိန်တည်းတွင် ချင်းလဲန်းအုပ်ချုပ်ရေးမှူးသည် အထွေထွေလျာထားဘတ်ဂျက်ကို အထက်ပါတင်သွင်းထားသော ဘတ်ဂျက်၌ တင်ပြထားသော အသုံးစရိတ်များ၊ ဘတ်ဂျက်နှင့်ဘတ်ဂျက်များအတည်ဖြစ်စေရန် ဘဏ္ဍာငွေစာရင်းအသစ်ကို တင်သွင်းရမည်။

204. The real and personal property of Chinland and/or its political subdivisions may be made exempt from taxation by Act of the Chinland Legislature.  All, or any portion of, property used exclusively for non-profit religious, charitable, cemetery, or educational purposes, as defined by law, may be made exempt from taxation by Act of the Chinland Legislature. General law may grant other exemptions of like or different kind. All valid existing exemptions shall be retained until and unless otherwise provided by law.

၂၀၄။ ချင်းလဲန်းကပိုင်ဆိုင်သော မြေအဆောက်အအုံနှင့်ပုဂ္ဂလိကပိုင်ပစ္စည်းများ နှင့်

သို့မဟုတ် နိုင်ငံရေးဌာနအသီးသီး၏ ပိုင်ဆိုင်ပစ္စည်းများကို အကောက်ခွန် လွတ်ငြိမ်းခွင့်အက်ဥပဒေကို ချင်းလဲန်းဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းရမည်။ အမြတ်အစွန်းကိုမရည်ရွယ်သော ဘာသာရေး၊ သာရေးနာရေးဆိုင်ရာ၊ သုသာန်မြေနှင့်ပညာရေးအတွက် အသုံးပြုသော မြေအဆောက်အဦးများ အားလုံး သို့မဟုတ် တစိတ်တဒေသကို ချင်းလဲန်းဥပဒေပြုအဖွဲ့က အက် ဥပဒေပြဋ္ဌာန်းပြီး အခွန်ငွေကောက်ခံခြင်းမှ လွတ်ငြိမ်းစေရမည်။ အထွေထွေ ဥပဒေကလည်း ဤကိစ္စနှင့်အလားတူသော ကိစ္စ (သို့မဟုတ်) ကွဲပြားသော ကိစ္စများ အခွန်ဆောင်ခြင်းများ လွတ်ငြိမ်းခွင့်ကို ပေးလိမ့်မည်။ ဥပဒေက မပြဋ္ဌာန်းထားလျှင် လက်ရှိနှင့်တရားဝင်ဖြစ်သော အကောက်ခွန်ကောက်ခံ ခြင်းမှ လွတ်ငြိမ်းခွင့်ရရှိထားသည့်အရာများ ဆက်လက်လွတ်ငြိမ်းစေရမည်။

205. Private leaseholds, contracts, or interests in land or property owned or held by the Federal Union, the Chinland, or its political subdivisions, may be made taxable to the extent of the interests by Act of the Chinland Legislature.

၂၀၅။ ချင်းလဲန်းဥပဒေပြုအဖွဲ့၏ သဘောဆန္ဒအရ ပုဂ္ဂလိကအငှားစားလုပ်ငန်း ပိုင်ရှင်များ၊ ကန်ထရိုက်လုပ်ငန်းများ သို့မဟုတ် ဖက်ဒရယ်ပြည်ထောင်စု ပိုင်နက်နယ်မြေမှရရှိသော အတိုးအမြတ်များ ချင်းလဲန်းနှင့် ၎င်း၏ နိုင်ငံရေး ခွဲများအား အခွန်ကောက်ခံခြင်း ခွင့်ပြုနိုင်သည်။

## PUBLIC EDUCATION

## ပြည်သူ့ပညာရေး

206. The Legislative Assembly of Chinland shall have the power and responsibility to execute this section in appropriate ways. This section shall not be judicially reviewable by the courts of Chinland, but this section may provide interpretive guidance for the provisions of this constitution that are judicially reviewable.

၂၀၆။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ဤအခန်းပါဥပဒေများအား သင့်လျော်စွာ လုပ်ဆောင်ပိုင်ခွင့်အာဏာနှင့်တာဝန်ရှိသည်။ ဤ အခန်းပါ ဥပဒေများကို

ဥပဒေအရ ပြန်လည်သုံးသပ်ခြင်း တရားရုံးများက မပြုရ။ သို့သော် ဤအခန်းပါဥပဒေများက ဥပဒေအရ ပြန်လည်သုံးသပ်၍ရသော ဥပဒေပုဒ်မများအတွက် စံနှုန်းများအဖြစ် အသုံးပြုရမည်။

207. The Chinland Legislature shall by general law establish and maintain a system of public schools open to all children of Chinland, and shall provide for other public educational institutions.

၂၀၇။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ကလေးငယ်အားလုံး ပညာသင်ကြားနိုင်ရန် ပြည်သူ့ပညာရေးစနစ်နှင့်ဆိုင်သော အထွေထွေ ဥပဒေနှင့်ပုဂ္ဂလိကပညာ ရေးအတတ်သင်ကျောင်းများဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းရမည်။

208. The schools and other educational institutions established by the Chinland Legislature shall be free from sectarian control.

၂၀၈။ ချင်းလဲန်းဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းဖွင့်လှစ်သောကျောင်းများနှင့် အတတ်သင်ကျောင်းအားလုံးသည် ဘာသာရေးထိမ်းချုပ်မှု မှ လွတ်ကင်းစေရမည်။

209. No money shall be paid from public funds for the direct benefit of any religious or other private educational institutions.

၂၀၉။ ပြည်သူ့ဘဏ္ဍာငွေများကို ဘာသာရေးနှင့်ပုဂ္ဂလိကကျောင်းများ တိုက်ရိုက်အကျိုးရှိစေရန် မသုံးစွဲရ။

210. The University of Chinland is hereby established as the Public University and constituted a body corporate. It shall have title to all real and personal property now or hereafter set aside for or conveyed to it. Its property shall be administered and disposed of according to the Acts prescribed by CLA.

၂၁၀။ ချင်းလဲန်းတက္ကသိုလ်ကို ဤအခြေခံဥပဒေ ပြည်နယ်တက္ကသိုလ်အဖြစ်ဖွဲ့စည်းတည်ထောင်သည်။ ၎င်းသည် မြေအဆောက်အဦးနှင့် တခြားပိုင်ဆိုင်ခွင့်များကို ဤအခြေခံဥပဒေပြဋ္ဌာန်းထားသည့်အတိုင်း ရရှိခံစားစေသည်။ ၎င်း၏ပစ္စည်းများကို ဥပဒေအရ ထိမ်းသိမ်းရမည်။

211. A Board of Regents shall govern the University of Chinland. The Governor shall appoint the regents, with the advice and consent of a majority of the Members of the Chinland Legislature in joint session.

၂၁၁။ ချင်းလဲန်းတက္ကသိုလ်အုပ်ချုပ်ရေးဘုတ်အဖွဲ့က ချင်းလဲန်းတက္ကသိုလ်ကို အုပ်ချုပ်ကွက်ကဲရမည်။ ချင်းလဲန်းအုပ်ချုပ်ရေးမှူးက အုပ်ချုပ်ရေးအဖွဲ့ဝင်များကို ချင်းလဲန်းဥပဒေ ပြုအဖွဲ့ဝင်အများစု၏ ဆန္ဒနှင့်ထောက်ခံချက်ဖြင့် ခန့်အပ်ရမည်။

212. The Board of Regents shall, in accordance with law, formulate policy and appoint the president of the university and an executive officer of the Board.

၂၁၂။ ချင်းလဲန်းအုပ်ချုပ်ရေးဘုတ်အဖွဲ့က တက္ကသိုလ်၏ပေါ်လစီရေးဆွဲခြင်း၊ တက္ကသိုလ်သဘာပတိ ရွေးချယ်ခြင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်ခြင်းများကို ဥပဒေအရ ပြုရမည်။

213. The State Legislature shall by general law establish uniform guidelines for primary, secondary, high school, and vocational educations. The Board of Regents, the President of the University, and the faculty of the University shall jointly establish guidelines for the University program of education.

၂၁၃။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် အတတ်သင်ကျောင်းတို့အတွက် တပြေးညီဖြစ်သော လမ်းညွှန်ချက်များကို အထွေထွေဥပဒေအရ ပြဌာန်းရမည်။ တက္ကသိုလ်အုပ်ချုပ်ရေးဘုတ်အဖွဲ့၊ တက္ကသိုလ် သဘာပတိနှင့် တက္ကသိုလ်ဆရာများ အတူတကွဖြင့် တက္ကသိုလ် စည်းမျဉ်းများနှင့်အစီအစဉ်များကို ရေးဆွဲရမည်။

214. Pursuant to laws enacted by the Chinland Legislature, public funds may be expended to provide financial assistance to students and parents of students for educational purposes, including but not limited to grants, scholarships, loans, guaranteed loans, interest subsidies on loans, fees to lenders, tax exemptions to lenders, loan forgiveness programs, tax

deductions for private funds paid to support education, and tuition waiver. The Board of Regents of the University System of Chinland shall be authorized to establish programs allowing attendance at units of the University of Chinland without payment of tuition or other fees. (OR)

၂၁၄။ ချင်းလဲန်းဥပဒေပြုအဖွဲ့၏ ဥပဒေပြဋ္ဌာန်းချက်အရ ပြည်သူ့ဘဏ္ဍာငွေများကို ကျောင်းသား/ကျောင်းသူများနှင့်မိဘများအား ပညာရေးနှင့်သက်ဆိုင်သည့် ဘဏ္ဍာရေးအထောက်အပံ့များဖြစ်သည်။ ထောက်ပံ့ငွေများ၊ ပညာတော်သင်ဆုများ၊ ချေးငွေများ၊ အာမခံချေးငွေများ၊ ချေးငွေအတိုး –––– အကောက်ခွန်လွှတ်ခွင့်ပေးခြင်းများ၊ ချေးငွေများ ခွင့်လွှတ်ခြင်းများ၊ ပညာတော်သင်ဆုပေးသော ပုဂ္ဂလိကငွေများအား အခွန်လွှတ်ငြိမ်းခြင်းများနှင့် ကျောင်းစရိတ်လျှော့ခြင်းများအတွက် အသုံးပြုရန် ဥပဒေပြုရမည်။ (သို့)

215. Pursuant to laws enacted by the Chinland Legislature, public funds may be expended for the following purposes:

i. To provide grants, scholarships, loans, or other assistance to students and to parents of students for educational purposes.
ii. To provide for a program of guaranteed loans to students and to parents of students for educational purposes and to pay interest, interest subsidies, and fees to lenders on such loans. The Chinland Legislature is authorized to provide such tax exemptions to lenders as shall be deemed advisable in connection with such program.
iii. To provide grants, scholarships, loans, or other assistance to public employees for educational purposes.
iv. To provide for the purchase of loans made to students for educational purposes who have completed a program of study in a field in which critical shortages exist and for cancellation of

repayment of such loans, interest, and charges thereon.

v. Contributions made in support of any educational assistance program now or hereafter established under provisions of this section may be made deductible for state income tax purposes as now or hereafter provided by law.

vi. The Chinland Legislature shall be authorized by general law to provide for an education trust fund to assist students and parents of students in financing postsecondary education and to provide for contracts between the fund and purchasers for the advance payment of tuition by each purchaser for a qualified beneficiary to attend a state institution of higher education. Such general law shall provide for such terms, conditions, and limitations as the Chinland Legislature shall deem necessary for the implementation of this subparagraph. Notwithstanding any provision of this Constitution to the contrary, the Chinland Legislature shall be authorized to provide for the guarantee of such contracts with state revenues.

vii. Guaranteed revenue debt may be incurred to provide funds to make loans to students and to parents of students for educational purposes, to purchase loans made to students and to parents of students for educational purposes, or to lend or make deposits of such funds with lenders which shall be secured by loans made to students and to parents of students for educational purposes.

viii. Public authorities or public corporations heretofore or hereafter created for such purposes shall be authorized to administer educational assis-

tance programs and, in connection therewith, may exercise such powers as may now or hereafter be provided by law.

ix. The Board of Regents of the University System of Chinland shall be authorized to establish programs allowing attendance at units of the University of Chinland without payment of tuition or other fees, but the Chinland Legislature may provide by law for the establishment of any such program for the benefit of elderly citizens of the state.

၂၁၅။ ချင်းလဲန်းဥပဒေပြုအဖွဲ့၏ ပြဌာန်းထားသော ဥပဒေများအရ ပြည်သူ့ဘဏ္ဍာငွေများကို အောက်ပါကိစ္စများတွင် အသုံးပြုရမည်။

၁။ ထောက်ပံ့ငွေများ၊ ပညာတော်သင်ဆုများ၊ ချေးငွေများ၊ သို့မဟုတ် ကျောင်းသားကျောင်းသူများနှင့်မိဘများက ပညာသင်ကြားရေးတွင် အသုံးချမည့် ထောက်ပံ့ငွေများ ပေးဆပ်ရန်၊

၂။ ကျောင်းသားကျောင်းသူများနှင့်မိဘများက ပညာသင်ကြားရေးတွင် အသုံးချရန်၊ အတိုးများပေးရန်၊ အတိုးများလျှော့ရန်၊ ချေးငွေများ၏ အခများပေးရန်၊

၃။ ထောက်ပံ့ငွေများ၊ ပညာတော်သင်ဆုများ၊ ချေးငွေများနှင့် တခြား ထောက်ပံ့ငွေများကို ပြည်သူ့ဝန်ထမ်းများ ပညာဆက်လက်သင်ကြားနိုင်ရေး ပေးအပ်ရန်၊

၄။ အထူးလိုအပ်နေသော ဘာသာရပ်များ ပြီးမြောက်သင်ကြားသော ကျောင်းသားကျောင်းသူများ၏ ချေးငွေများ၊ အတိုးများနှင့် စရိတ်များကို အစိုးရက ပြန်လည်ပေးအပ်ပေးရန်၊

၅။ ပညာရေးအစီအစဉ်များအားပေးထောက်ပံ့ရန် ဤအခြေခံဥပဒေအရ ပြဌာန်းထားသည့် ပေးလှူထားသောငွေများကို ချင်းလဲန်းအခွန်ငွေ ကောက်ခံခြင်းမှ လွတ်ငြိမ်းခွင့်ပြုရန်၊

၆။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ပညာရေးအတွက် အပ်နှံထားသော ရံပုံငွေကို ကျောင်းသားကျောင်းသူများနှင့်မိဘများက အဆင့်မြင့် ပညာရေးများသင်ကြားနိုင်ရန်နှင့်အဆိုပါငွေများဖြင့် ကျောင်းစရိတ် များကို ကြိုတင်ပေးဆောင်ပြီး အဆင့်မြင့်ပညာများ သင်ကြားနိုင်ရန် ဥပဒေပြု ဌာန်းပေးရမည်။ အဆိုပါအထွေထွေဥပဒေသည် ဤအခန်းပါ

အစီအစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော် နိုင်ရန် လိုအပ်သော စည်းကမ်းချက်များ၊ အနေအထားများနှင့် ကန့်သတ်ချက်များကို လိုအပ်သလို ပြဋ္ဌာန်းရမည်။ အကယ်၍ ဤအခန်းပါအထွေထွေ ဥပဒေများ အငြင်းပွားစရာဖြစ်ခဲ့သော် ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ပြည်နယ်ဘဏ္ဍာငွေဖြင့် အဆိုပါဂတိများကို ဖြည့်စွက်ရမည်။

၇။ အာမခံချက်ရှိသော ဘဏ္ဍာချေးငွေများကို ကျောင်းသားကျောင်းသူများနှင့်မိဘများ ပညာသင်ကြားနိုင်ရန်၊ အဆိုပါငွေများဖြင့် ကျောင်းစရိတ်များ ချေးငှားနိုင်ရန် (သို့မဟုတ်) အဆိုပါငွေများ ချေးငှားနိုင်ရေးစရံငွေများအဖြစ် အသုံးချရန်နှင့် ထိုသို့ချေးငှားငွေများဖြင့် ကျောင်းသားကျောင်းသူများ ပညာဆက်လက် သင်ကြားနိုင်ရန် မိဘများက အသုံးပြုရန် ဖြစ်သည်။

၈။ ပညာရေးအတွက် အပ်နှံထားသော ရံပုံငွေများကို ကြီးကြပ်စီမံခန့်ခွဲရန် တာဝန်ပေးထားသော အာဏာရှိပြည်သူ့ဝန်ထမ်း များနှင့် သို့မဟုတ် ပုဂ္ဂလိကကော်ပိုးရေးရှင်းများသည် ဤကိစ္စနှင့်ပါတ်သက်၍ ၎င်းတို့၏ လုပ်ပိုင်ခွင့်များကို ယခု သို့မဟုတ် နောင်တွင် ဥပဒေဖြင့် ပြဋ္ဌာန်းရမည်။

၉။ ချင်းလဲန်းတက္ကသိုလ်အုပ်ချုပ်ရေးဘုတ်အဖွဲ့သည် ချင်းလဲန်းတက္ကသိုလ်၏ တစိတ်တပိုင်း၌ အခကြေးငွေ သို့မဟုတ် တခြား အခကြေးငွေဖြင့် တက်ရောက်ခွင့်ကို ပြဋ္ဌာန်းရမည်။ သို့သော် ချင်းလဲန်းဥပဒေပြုအဖွဲ့သည် သက်ကြီးရွယ်အိုများက အဆိုပါ အစီအစဉ်များ သင်ကြားနိုင်မည့် အက်ဥပဒေများကို ပြဋ္ဌာန်းရမည်။

## PUBLIC HEALTH

## ပြည်သူ့ကျန်းမာရေး

216. The Legislative Assembly of Chinland shall have the power and responsibility to execute this section in appropriate ways. This section shall not be judicially reviewable by the courts of Chinland, but this section may provide interpretive guidance for the provisions of this constitution that are judicially reviewable.

၂၁၆။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ဤအခန်းပါဥပဒေများကို သင့်လျော်သလို ဆောင်ရွက်ပိုင်ခွင့်နှင့် ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ဤ အခန်းပါဥပဒေများသည် ဥပဒေအရ ချင်းလဲန်းတရားရုံးများက ပြန်လည်သုံးသပ်ပိုင်ခွင့်မရှိစေရ၊ သို့သော် ဤအခန်းပါဥပဒေများကို ဥပဒေအရ ပြန်လည်သုံးသပ်၍ရသော ဥပဒေများ သုံးသပ်သောအခါ လမ်းညွှန်အဖြစ် အသုံးပြုရမည်။

217. The Chinland Legislature shall provide by law for the promotion and protection of public health.

၂၁၇။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ပြည်သူ့ကျန်းမာရေးတိုးတက်ကောင်းမွန်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် အက်ဥပဒေများ ပြဋ္ဌာန်းရမည်။

218. The Chinland Legislature shall provide by law for the treatment and rehabilitation of handicapped persons.

၂၁၈။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် သက်ကြီးရွယ်အိုနှင့်မသန်မစွမ်းပြည်သူများ ကုသရေးကို အက်ဥပဒေများ ပြဋ္ဌာန်းရမည်။

219. The Chinland Legislature shall provide by law for financial assistance, medical assistance and social services for persons who are found to be in need of and are eligible for such assistance and services.

၂၁၉။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ဘဏ္ဍာရေးအထောက်အပံ့များ၊ ဆေးဝါးအထောက်အပံ့များနှင့်လူမှုရေးလုပ်ငန်းများကို အမှန်တကယ်လိုအပ်နေသော သူများရရှိခံစားနိုင်စေရန် အက်ဥပဒေများ ပြဋ္ဌာန်းရမည်။

## PUBLIC WELFARE

## ပြည်သူ့လူမှုဖူလုံရေး

220. The Legislative Assembly of Chinland shall have the power and responsibility to execute this section in appropriate ways. This section shall not be judicially reviewable by the courts of Chinland, but this section may provide interpretive guidance for the provisions of this constitution that are judicially reviewable.

၂၂၀။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ဤအခန်းပါဥပဒေများကို သင့်လျော်သလို ဆောင်ရွက်ပိုင်ခွင့်နှင့် ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ဤ အခန်းပါဥပဒေများ သည် ဥပဒေအရ ချင်းလဲန်းတရားရုံးများက ပြန်လည်သုံးသပ်ပိုင်ခွင့်မရှိစေရ၊ သို့သော် ဤအခန်းပါဥပဒေများကို ဥပဒေအရ ပြန်လည်သုံးသပ်၍ရသော ဥပဒေများ သုံးသပ်သောအခါ လမ်းညွှန်အဖြစ် အသုံးပြုရမည်။

221. The Chinland Legislature shall provide by law for the promotion and protection of the general public welfare.

၂၂၁။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ပြည်သူများ အထွေထွေလူမှုဖူလုံရေးများ တိုးတက်ကောင်းမွန်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် အက်ဥပဒေ များ ပြဋ္ဌာန်းရမည်။

222. The Chinland Legislature shall provide by law for the security of the elderly, the unemployed, the disabled, children, orphans, and any others in need, by establishing and promoting programs to assure their economic and social well-being. Such provision may include but need not be limited to the creation of government welfare agencies, the support of private welfare agencies, social security programs, orphanages, foster homes, nursing homes, daycare programs, and group homes for the disabled or those rehabilitating from addictions or illnesses.

၂၂၂။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် သက်ကြီးရွယ်အိုများ၏ လုံခြုံမှု၊ အလုပ်လက်မဲ့ များ၊ မသန်းမစွမ်းများ၊ ကလေးသူငယ်များ၊ မိဘမဲ့များနှင့်အကူအညီ လိုအပ်သူများ၏ ၎င်းတို့၏ စီးပွားရေးနှင့်လူမှုရေးလိုအပ်ချက်များ ဖြည့် ဆည်းရန် အက်ဥပဒေ ပြဋ္ဌာန်းရမည်။ အဆိုပါအက်ဥပဒေများက အစိုးရ လူမှုဖူလုံရေးအေဂျင်စီများ၊ ပုဂ္ဂလိကလူမှုဖူလုံရေးအေဂျင်စီများ၊ လူမှုဖူလုံ ရေးအစီအစဉ်များ၊ မိဘမဲ့ထိမ်းရေးအေဂျင်စီများ၊ လူမှုလုံခြုံရေးအစီအစဉ် များ၊ မိဘမဲ့ထိမ်းသိမ်းစောင့်ရှောင်ရေးများ၊ မွေးစား နှင့် နေ့ထိန်းကလေး ငယ်များအရေးနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအိမ်များ၊ နေ့ထိန်း ကလေးဌာနများနှင့်မသန်မစွမ်းသူများ၏ အိမ်များ သို့မဟုတ် ဆေးစွဲသူများ နှင့်ဖျားနာသူများ၏အိမ်များဆိုင်ရာ အက်ဥပဒေများ ပြဋ္ဌာန်းရမည်။

223. The Chinland Legislature shall provide by law assistance in, housing, slum clearance and the development or rehabilitation of substandard areas. The exercise of such power is deemed to be for a public use and purpose.

၂၂၃။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် အိမ်ယာတည်ဆောက်ရေး၊ ဆင်းရဲသားရပ်ကွက်ရှင်းလင်းရေးနှင့် မဖွံ့ဖြိုးသောဒေသများ ဖွံ့ဖြိုးရေးအက်ဥပဒေများ ပြဋ္ဌာန်းရမည်။ ထိုသို့သော တည်ဆောက်ရှင်းလင်းရေးများအားလုံးသည် အများပြည်သူသုံးစွဲရန်နှင့် အကျိုးအတွက် ဖြစ်ရမည်။

224. Minimum standard guidelines of the Chinland public welfare shall be prescribed by Chinland Legislature from time to time.

၂၂၄။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ပြည်သူ့လူမှု ဖူလုံရေးဆိုင်ရာလမ်းညွှန် ဥပဒေကို အချိန်အခါ လျော်ညီစွာ ပြဋ္ဌာန်းရမည်။

## CULTURE AND MEDIA

## ယဥ်ကျေးမှုနှင့် လူထုဆက်သွယ်ရေး

225. The courts of Chinland shall have the power of judicial review to enforce the provisions of this section; the courts of Chinland shall therefore review the actions of all departments of government and government officials for conformity to these provisions. Any decision of the High Court in the interpretation of these provisions shall be final and binding on the parties to that decision and on all of the people of Chinland, including departments of the government and government officials.

၂၂၅။ ချင်းလဲန်း၏ တရားရုံးများသည် ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မများ အပေါ် ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည် သုံးသပ်ရန် တရားရုံး၏လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်လည်သုံးသပ်ပိုင်ခွင့် ရှိသည်။ ချင်းလဲန်း၏ တရားရုံးများသည် အစိုးရဌာနများနှင့် ဝန်ထမ်းများ၏

လုပ်ဆောင်မှုများအပေါ် ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်လည်သုံးသပ်ပိုင်ခွင့်ရှိသည်။ ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မအပေါ် ချင်းလဲန်းတရားရုံးများ၏ ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏လုပ်ပိုင်ခွင့်အာဏာဖြင့် ပြန်လည်သုံးသပ် အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် နောက်ဆုံးဖြစ်ပြီး သက်ဆိုင်သော အဖွဲ့အစည်း၊ ချင်းပြည်သူအားလုံး၊ အစိုးရဌာနများနှင့် ဝန်ထမ်းများအပေါ် ဥပဒေကဲ့သို့ အာဏာသက်ရောက်သည်။

226. Consistent with the other provisions of this Constitution, especially the protections for individual rights, the Chinland Legislative Assembly shall have power to regulate the Media, Communication, Broadcasting, Telephonic systems, Telegraphic systems, and Cultural practices.

၂၂၆။ ဤအခြေခံဥပဒေပါဥပဒေများနှင့် ညီထွေစွာ အထူးသဖြင့် တသီးပုဂ္ဂလအခွင့်အရေးများ ကာကွယ်ခြင်းနှင့်သက်ဆိုင်ရာ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် သတင်း၊ ဆက်သွယ်ရေး၏ ရုပ်သံလွှင့်ခြင်း၊ တယ်လီဖုန်းစကားပြောခြင်း၊ ကြေးနန်းဖြင့် ဆက်သွယ်ခြင်းနှင့် ယဉ်ကျေးမှုပြုမူခြင်းတို့တွင် ဥပဒေပြုခွင့်ရှိသည်။

227. The Chinland Legislature may provide by law for the conservation and development of objects and places of historic or cultural interest, and it may provide for public sightliness and physical good order.

၂၂၇။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် သမိုင်းဝင်ယဉ်ကျေးမှုဒေသများနှင့် ကိစ္စများ ထိမ်းသိမ်းစောင့်ရှောက်ရေး၊ ပြည်သူများ ကြည့်ရှုအပန်းဖြေလှေ့လာနိုင်ရေးဆိုင်ရာ အက်ဥပဒေများကို ပြဌာန်းရမည်။

228. For the purposes of this section, the Chinland Legislature may provide by law that private property shall be subject to reasonable regulation.

၂၂၈။ ဤအခန်းပါဥပဒေအရ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ပုဂ္ဂလိကပိုင်ဆိုင်မှုများကို အဓိပ္ပါယ်ရှိစွာဖြင့် သိမ်းစည်းခွင့်ဆိုင်ရာဥပဒေများ ပြဌာန်းလိမ့်မည်။

229. The powers of the Chinland Legislature granted by this section shall be exclusive of any power of the Federal Union government.

၂၂၉။ ချင်းလဲန်းဥပဒေပြုအဖွဲ့အား ဤအခန်းပါဥပဒေများအရ ပေးအပ်ထားသော အာဏာများကို ဖက်ဒရယ်ပြည်ထောင်စု အစိုးရက ဖျက်သိမ်းနိုင်ခွင့် မရှိစေရ။

## CHINLAND ARMED FORCE

## ချင်းလဲန်း လက်နက်ကိုင်တပ်ဖွဲ့

230. The courts of Chinland shall have the power of judicial review to enforce the provisions of this section; the courts of Chinland shall therefore review the actions of all departments of government and government officials for conformity to these provisions. Any decision of the High Court in the interpretation of these provisions shall be final and binding on the parties to that decision and on all of the people of Chinland, including departments of the government and government officials.

၂၃၀။ ချင်းလဲန်း၏ တရားရုံးများသည် ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မများအပေါ် ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်လည်သုံးသပ်ပိုင်ခွင့်ရှိသည်။ ချင်းလဲန်း၏ တရားရုံးများသည် အစိုးရဌာနများနှင့် ဝန်ထမ်းများ၏လုပ်ဆောင်မှုများအပေါ် ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်လည်သုံးသပ် ပိုင်ခွင့်ရှိသည်။ ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မအပေါ် ချင်းလဲန်းတရားရုံးများ၏ ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြန်လည်သုံးသပ်အဓိပ္ပါယ်ဖွင့်ဆို ချက်များသည် နောက်ဆုံးဖြစ်ပြီး သက်ဆိုင်သော အဖွဲ့အစည်း၊ ချင်း ပြည်သူအားလုံး၊ အစိုးရဌာနများနှင့် ဝန်ထမ်းများအပေါ် ဥပဒေကဲ့သို့ အာဏာ သက်ရောက်သည်။

231. All able-bodied citizens of Chinland between the ages of eighteen and forty years shall serve in the Militia of Chinland for at least three years as prescribed by act of the Chinland Legislative Assembly.

၂၃၁။ အသက် (၁၈) နှင့် (၄၀) ကြားရှိ ခန္ဓာကိုယ်ကျန်းမာသန်စွမ်းသော ချင်းအမျိုးသားအားလုံးသည် ချင်းလဲန်းလက်နက်ကိုင်တပ်ဖွဲ့တွင် အနည်းဆုံး (၃) နှစ်အထိ ချင်းလဲန်းဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းသည့်အတိုင်း တာဝန်ထမ်းဆောင်ရမည်။

232. The Chinland Legislature shall, by law, designate the qualifications necessary for holding a commission in the State Armed Forces and shall prescribe the mode of selection of officers for the several grades. The Governor of Chinland shall appoint and commission the commissioned officers as directed by the Chinland Legislature.

၂၃၂။ ချင်းလဲန်းဥပဒေပြုအဖွဲ့က ချင်းလဲန်းလက်နက်ကိုင်တပ်ဖွဲ့၏ ရာထူးခန့်အပ်ရန် အရည်အချင်းသတ်မှတ်ခြင်း၊ အရာရှိများ ရွေးချယ်ခန့်အပ်ခြင်းစသည်တို့ကို အက်ဥပဒေဖြင့် ပြဋ္ဌာန်းရမည်။ ချင်းလဲန်းအုပ်ချုပ်ရေးမှူးသည် ချင်းလဲန်းဥပဒေပြုအဖွဲ့၏ ညွှန်ကြားချက်အတိုင်း ချင်းလဲန်းလက်နက်ကိုင်တပ်ဖွဲ့ အရာရှိများကို ခန့်အပ်ရမည်။

233. The Chinland Legislative Assembly shall have the final authority, exclusive of any power of the Federal Union government over the same, for the creation of the militia of Chinland and for making all rules and regulations needful for the organization, training, and discipline of the same.

၂၃၃။ ချင်းလဲန်းဥပဒေပြုအဖွဲ့သည် ချင်းလဲန်းလက်နက်ကိုင်တပ်ဖွဲ့ ဖွဲ့စည်းမှု၊ ထိမ်းသိမ်းမှု၊ လေ့ကျင့်မှု၊ စည်းကမ်းထိန်းသိမ်းမှုနှင့် ဆိုင်သောကိစ္စအားလုံးတွင် ဖက်ဒရယ်အစိုးရ၏စွက်ဖက်မှုမရှိစေပဲ ဥပဒေပြဋ္ဌာန်းခွင့်အာဏာရှိသည်။

234. When not occupied in military activities, units of the Militia of Chinland may be used for civil development purposes, such as building bridges or

roads, urban renewal projects, teaching, or the like, as provided by the Chinland Legislative Assembly.

၂၃၄။ ချင်းလဲန်းဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းသည့်အတိုင်း စစ်တပ်တာဝန်မရှိသော ကာလများ၌ ချင်းလဲန်းလက်နက်ကိုင်တပ်ဖွဲ့များသည် ပြည်သူ့ဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သော တံတားဆောက်ခြင်း သို့မဟုတ် လမ်းဖောက်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးများ ဆောင်ရွက်ခြင်း၊ ပညာသင်ကြားခြင်း စသည့် ကိစ္စများကို ဆောင်ရွက်ရမည်။

235. The Federal Union Armed Forces shall not be stationed in Chinland without the consent and approval of two-thirds of both houses of the Chinland Legislative Assembly.

၂၃၅။ ဖက်ဒရယ်ပြည်ထောင်စုလက်နက်ကိုင်တပ်ဖွဲ့များကို ချင်းလဲန်းဥပဒေပြုအဖွဲ့၏ သုံးပုံနှစ်ပုံ ဆန္ဒနှင့်သဘောတူညီချက်မပါလျှင် ချင်းလဲန်း၌ စခန်းမချရ။

## GENERAL PROVISIONS

## အထွေထွေ ဥပဒေများ

236. The courts of Chinland shall have the power of judicial review to enforce the provisions of this section; the courts of Chinland shall therefore review the actions of all departments of government and government officials for conformity to these provisions. Any decision of the High Court in the interpretation of these provisions shall be final and binding on the parties to that decision and on all of the people of Chinland, including departments of the government and government officials.

၂၃၆။ ချင်းလဲန်း၏ တရားရုံးများသည် ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ များအပေါ် ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်လည်သုံးသပ်ပိုင်ခွင့်ရှိသည်။ ချင်းလဲန်း၏ တရားရုံးများသည် အစိုးရဌာနများနှင့် ဝန်ထမ်းများ၏ လုပ်ဆောင်မှုများအပေါ် ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်

သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်လည်သုံးသပ်ပိုင်ခွင့်ရှိသည်။ ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မအပေါ် ချင်းလဲန်းတရားရုံးများ ၏ ဥပဒေအရချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ပြန်လည်သုံးသပ် အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် နောက်ဆုံးဖြစ်ပြီး သက်ဆိုင်သော အဖွဲ့အစည်း၊ ချင်း ပြည်သူအားလုံး၊ အစိုးရဌာနများနှင့် ဝန်ထမ်းများအပေါ် ဥပဒေကဲ့သို့ အာဏာသက်ရောက်သည်။

237. The seal of the Government of Chinland shall be ...

၂၃၇။ ချင်းလဲန်းအစိုးရ၏ အမှတ်တံဆိပ်သည် ..........

238. The national anthem of Chinland shall be .....

၂၃၈။ ချင်းလဲန်း၏ အမျိုးသားသီချင်းသည် ..........

239. The national flag of Chinland shall be ......

၂၃၉။ ချင်းလဲန်း၏ အမျိုးသားအလံသည် ..........

240. The Seal of the Governor of Chinland shall be .....

၂၄၀။ ချင်းလဲန်းအုပ်ချုပ်ရေးမှူး၏ အမှတ်တံဆိပ်သည် ..........

241. The Flower of Chinland shall be the Rhododendron.

၂၄၁။ ချင်းလဲန်း၏ ပန်းပွင့်သည် တောင်ဇလပ်ပန်းဖြစ်သည်။

242. The National Animal of Chinland shall be Mythun.

၂၄၂။ အမျိုးသားအထိမ်းအမှတ် သတ္တဝါသည် နွားနောက်ဖြစ်သည်။

243. The National Bird of Chinland shall be the Great Hornbill.

၂၄၃။ ချင်းလဲန်းအမျိုးသားများ၏ အထိမ်းအမှတ်ငှက်သည် အောက်ချင်းငှက်ဖြစ်သည်။

244. The Official Language of Chinland shall be English and Chin.

၂၄၄။ ချင်းလဲန်း၏ တရားဝင်ဘာသာစကားသည် "အင်္ဂလိပ်" နှင့် "ချင်း" ဘာသာဖြစ်သည်။

245. The Constitution of Chinland shall be made in English, signed by the Governor of Chinland and enrolled for record in the office of the registrar of the Chinland High Court.

၂၄၅။ ချင်းလဲန်းအခြေခံဥပဒေကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြီး ချင်းလဲန်း အုပ်ချုပ်ရေးမှူးက လက်မှတ်ရေးထိုးပြီး ချင်းလဲန်း တရားရုံးချုပ်တွင် မှတ်တမ်း တင်ထားရှိရမည်။

246. The Constitution of Chinland shall be translated into the various dialects of Chinland, but the translations shall not be authorized for legal use until they are approved by the Chinland High Court, signed by the Governor, and enrolled for record in the office of the registrar of the Chinland High Court.

၂၄၆။ ချင်းလဲန်းအခြေခံဥပဒေကို ချင်းဘာသာစကားများဖြင့် ဘာသာပြန်ရမည်။ သို့သော် အဆိုပါဘာသာပြန်အားလုံးကို ချင်းလဲန်းတရားရုံးချုပ်က အတည် မပြု၊ ပြည်နယ်အုပ်ချုပ်ရေးမှူးက လက်မှတ်မထိုး၊ ပြည်နယ်တရားရုံးချုပ်၏ မှတ်တမ်း၌ စာရင်းမသွင်းလျှင် အတည် တရားဝင် မဖြစ်စေရ။

247. If discrepancies of meaning should exist between the English and Chin versions of the Constitution or between the various Chin versions (whether because of outright contradiction, different shades of meaning, ambiguity in one version that does not exist in another or for any other reason), the original English version of the constitution shall be controlling.

၂၄၇။ အကယ်၍ ချင်းဘာသာနှင့်အင်္ဂလိပ်ဘာသာ သို့မဟုတ် ချင်းဘာသာ အကြား ရှေ့နောက်မညီညွတ်မှုများ (တိုက်ရိုက် ဆန့်ကျင်ကွဲလွဲမှုများ၊ အဓိပ္ပါယ်ကွဲလွဲမှု၊ ဘာသာစကားတခု၌ရှိသော အဓိပ္ပါယ်၊ တခြားဘာသာ၌ မပေါ်လွင်မထင်ရှားမှုများ အကြောင်းတခုခုကြောင့်ရှိခဲ့လျှင်) မူရင်းအင်္ဂလိပ် အခြေခံဥပဒေသည် အခြေခံဖြစ်ရမည်။

## INTER-STATE AND INTER-FEDERAL RELATION

## ပြည်နယ်များနှင့် ပြည်နယ်ဖက်ဒရယ်ဆက်ဆံမှု

248. Neither the Constitution of the Federal Union of Burma nor any action of the Government of the Federal Union of Burma shall override any provision of the Constitution of Chinland.

၂၄၈။ ဖက်ဒရယ်ပြည်ထောင်စုဗမာနိုင်ငံ၏ အခြေခံဥပဒေဖြစ်စေ၊ ဖက်ဒရယ်အစိုးရ ဖြစ်စေ၊ ဤအခြေခံဥပဒေရှိ မည်သည့်ဥပဒေပုဒ်မ မဆို မလွှမ်းမိုးရ။

249. Neither amendments to the Constitution of the Federal Union of Burma nor actions of the Government of the Federal Union of Burma shall override any future amendment to the constitution of Chinland, provided that those amendments to the constitution of Chinland are consistent with the current Constitution of the Federal Union of Burma.

၂၄၉။ ဖက်ဒရယ်ပြည်ထောင်စုဗမာနိုင်ငံ၏ အခြေခံဥပဒေပြင်ဆင်ချက် သို့မဟုတ် ဖက်ဒရယ်အစိုးရ၏လုပ်ဆောင်ချက်များက အနာဂတ် ချင်းလဲန်းအခြေခံ ဥပဒေပြင်ဆင်ချက်များကို မလွှမ်းမိုးရ။ သို့သော် အခြေခံဥပဒေ ပြင်ဆင်ချက် များသည် ဖက်ဒရယ် ပြည်ထောင်စုအခြေခံဥပဒေနှင့် လိုက်လျောညီထွေမှု ရှိရမည်။

250. Notwithstanding any other provision of this Constitution or the Constitution of the Federal Union of Burma or any future amendments to the same, the High Court of the Federal Union of Burma shall have the power of judicial review to protect the individual rights, as specified in the Federal Union Constitution, of any citizen of the Federal Union against the action of a state government other than his or her own.

၂၅၀။ ဤအခြေခံဥပဒေ၏ ပုဒ်မများ၊ သို့မဟုတ် ဖက်ဒရယ်ပြည်ထောင်စု၏ ဥပဒေ များ သို့မဟုတ် ထိုဥပဒေနှစ်ခုစလုံး၏ ပြင်ဆင်ချက်များက တိကျစွာပြဋ္ဌာန်း

ထားသော တသီးပုဂ္ဂလအခွင့်အရေးများနှင့်ပါတ်သက်၍ ပြည်ထောင်စုနိုင်ငံသားများအပေါ် ၎င်း၏ ပြည်နယ်အစိုးရက လုပ်ဆောင်မှုများကို ဖက်ဒရယ်တရားရုံးချုပ်က ဥပဒေအရ ပြန်လည်သုံးသပ်ပိုင်ခွင့်ရှိသည်။

251. The Government of the Federal Union shall have exclusive power to make laws on the following matters:

i. Foreign policy and affairs except insofar as this subject is shared concurrently with Chinland, as described in the section of this Constitution listing concurrent powers;
ii. The federal debt and property;
iii. The raising of money by any mode or system of federal taxation;
iv. The borrowing of money on public debt;
v. The fixing of and providing for the salaries and allowances of civil and other officers of the Government of the Federal Union;
vi. Quarantine;
vii. Currency and coinage,
viii. Monetary policy of the Federal Union;
ix. Federal banking, incorporation of companies, banks and issue of paper money;
x. Weight and measures;
xi. Bills of exchanges, promissory notes, and negotiable instruments;
xii. Copyrights, trademarks, and patents;
xiii. Naturalization of aliens;
xiv. Establishment, maintenance and management of federal penitentiaries;
xv. Establishment, maintenance and management of Union-wide postal, telephonic, and telegraphic systems.

၂၅၁။ ဖက်ဒရယ်ပြည်ထောင်စုအစိုးရသည် အောက်ပါကိစ္စများတွင် ဥပဒေပြုပိုင်ခွင့်ရှိသည်။

၁။ ဤအခြေခံဥပဒေ၌ ဖက်ဒရယ်အစိုးရနှင့် ချင်းလဲန်းအစိုးရတို့က တွဲဖက်လုပ်ဆောင်နိုင်သည်ဟု ပြဋ္ဌာန်းထားသည့် ကိစ္စများမှ လွဲ၍ နိုင်ငံခြားရေးပေါ်လစီနှင့်ရေးရာများ၊

၂။ ဖက်ဒရယ်အဝေးကွေးများနှင့်ပိုင်ဆိုင်မှုများ၊

၃။ ဖက်ဒရယ်အခွန်စနစ်ဖြင့် ဘဏ္ဍာငွေမြှင့်တင်ခြင်း၊

၄။ ပြည်သူ့အကြွေးဆပ်ရန် ငွေချေးခြင်း၊

၅။ ဖက်ဒရယ်ပြည်ထောင်စုအစိုးရဝန်ထမ်းများ၏လစာနှင့် ခံစားခွင့်များပြုပြင်သတ်မှတ်ခြင်း၊

၆။ ငွေစက္ကူနှင့်ဒင်္ဂါးထုတ်ခြင်း၊

၇။ ဖက်ဒရယ်ပြည်ထောင်စု၏ ငွေရေးဆိုင်ရာပေါ်လစီပြဋ္ဌာန်းခြင်း၊

၈။ ဖက်ဒရယ်ဘဏ်လုပ်ငန်း၊ ကုမ္ပဏီများပေါင်းစည်းခြင်း၊ ဘဏ်များနှင့် ငွေစက္ကူပုံနှိပ်ခြင်း၊

၉။ ရောဂါများ မကူးစေရန် သီးသန့်ထားခြင်း၊

၁၀။ အလေးချိန်နှင့်ချိန်တွယ်ခြင်း၊

၁၁။ ငွေလဲလက်မှတ်၊ ဂတိစာရွက်နှင့်ညှိနှိုင်း၍ရသောအရာများ၊

၁၂။ ထုတ်ဝေပိုင်ဆိုင်မှု၊ အမှတ်အသားနှင့်မှတ်ပုံတင်ခွင့်၊

၁၃။ နိုင်ငံခြားသားများ နိုင်ငံသားပြုခြင်း၊

၁၄။ ဖက်ဒရယ်အကျဉ်းထောင်များ တည်ဆောက်၊ ထိမ်းသိမ်းကွက်ကဲခြင်း၊

၁၅။ ပြည်ထောင်စုစာတိုက်၊ တယ်လီဖုန်းနှင့်ကြေးနန်းလုပ်ငန်းများ တည်ဆောက်၊ ထိမ်းသိမ်းကွက်ကဲခြင်း။

252. The Government of the Federal Union and Chinland shall have concurrent powers on the following matters:

i. Federal armed forces;
ii. Federal seaways, highways, and airways;
iii. Regulation of federal trade and commerce;
iv. The census and official demographic statistics;
v. Navigation and shipping;
vi. Savings banks;
vii. Interest rates and legal tender;
viii. Bankruptcy and insolvency;
ix. Beacons, buoys, and lighthouses;
x. Foreign relations with countries friendly to the

Federal Union for the purpose of seeking aid in developing social welfare, agriculture, health, education, and economic programs.

၂၅၂။ ဖက်ဒရယ်အစိုးရနှင့် ချင်းလဲန်းအစိုးရတို့သည် အောက်ပါကိစ္စများတွင် ညီတူညီမျှစွာ ဥပဒေပြုရမည်။

၁။ ဖက်ဒရယ်လက်နက်ကိုင်တပ်များ၊

၂။ ဖက်ဒရယ်ရေကြောင်း၊ ကုန်းကြောင်းနှင့်လေကြောင်းများ၊

၃။ ဖက်ဒရယ်ကုန်သွယ်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းခြင်း၊

၄။ လူဦးရေနှင့်လူနေမှုပြန့်ပွားမှုစာရင်းဇယားများ၊

၅။ ရေကြောင်းနှင့်ရေကြောင်းလမ်းများ၊

၆။ ငွေစုဘဏ်များ၊

၇။ အတိုးနှုန်းနှင့်တရားဝင်တင်ဒါများ၊

၈။ လူမွဲခံယူခြင်းနှင့်ဖြေရှင်းခြင်းများ၊

၉။ မီးပြများ၊ အမှတ်အသားများနှင့်လေယဉ်အချက်ပြများ၊

၁၀။ ဖက်ဒရယ်ပြည်ထောင်စုနှင့်ကောင်းမွန်သော ဆက်ဆံရေးရှိသည့်နိုင်ငံများထံမှ လူမှုဖူလုံရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့်စီးပွားရေးများတွင် အကူအညီတောင်းခံဆက်ဆံခြင်း။

253. Over all other matters, Chinland shall have exclusive power. This exclusive power particularly extends but is not limited to: The stationing of federal troops in Chinland without the approval of two-thirds of both houses of the Chinland legislative assembly; and Communications and media, aside from the laws necessary to execute the Federal Union's power to establish, maintain, and manage Union-wide postal, telephonic, and telegraphic systems.

၂၅၃။ ကျန်ရှိသော ကိစ္စအားလုံးတွင် ချင်းလဲန်းဥပဒေပြုအဖွဲ့က ဥပဒေပြုခွင့်ရှိသည်။ ဤလုပ်ပိုင်ခွင့်အာဏာကို ကန့်သတ်ချက်မရှိပဲ ဆက်လက်တိုးချဲ့နိုင်သည်။ ချင်းလဲန်းဥပဒေပြုအဖွဲ့ သုံးပုံနှစ်ပုံ၏ ထောက်ခံချက်မရှိလျှင် ဖက်ဒရယ်တပ်ဖွဲ့များ ချင်းလဲန်းတွင် စခန်းမချရ။

254. There shall be two methods for determining whether the Government of the Federal Union has sought to

exercise a power not granted to it by this Constitution. (i) The Supreme Court of the Government of the Federal Union of Burma may determine whether the Government of the Federal Union has exceeded its constitutional powers, and if so, it shall issue a judgment voiding the unconstitutional action; and (ii) The Chinland legislative assembly, by a two-thirds majority vote of both houses of the legislature, may determine that the Government of the Federal Union has exceeded its constitutional powers, and if so, it may nullify the unconstitutional federal action in  sofar as it applies to Chinland.

၂၅၄။ ဤအခြေခံဥပဒေအရ ဖက်ဒရယ်အစိုးရအား လုပ်ပိုင်ခွင့်မပေးထားသော အရာများကို ဖက်ဒရယ်ပြည်ထောင်စုအစိုးရက လုပ်ဆောင်လာလျှင် အောက်ပါနည်း နှစ်နည်းဖြင့် ဖြေရှင်းရမည်။ (၁) ဖက်ဒရယ်ပြည်ထောင်စု တရားရုံးချုပ်က ဖက်ဒရယ်အစိုးရ၏တောင်းဆိုမှုများ အခြေခံဥပဒေနှင့် ညီမညီကို ဆုံးဖြတ်ပြီး ၎င်း၏လုပ်ပိုင်ခွင့်ဘောင်ကျော်သည်ဟု တွေ့ရှိလျှင် အခြေခံဥပဒေနှင့်မညီညွတ်ဟု ဆုံးဖြတ်ရမည်။ (၂) ချင်းလဲန်းဥပဒေပြုအဖွဲ့ နှစ်ရပ်၏ သုံးပုံနှစ်ပုံက ဖက်ဒရယ်အစိုးရ၏ တောင်းဆိုမှုများ အခြေခံဥပဒေနှင့်ညီမညီကို ဆုံးဖြတ်ပြီး ၎င်း၏လုပ်ပိုင်ခွင့်ဘောင်ကျော်သည်ဟု တွေ့ရှိလျှင် အခြေခံဥပဒေနှင့်မညီညွတ်၍ ချင်းလဲန်းတွင် အကျုံးမဝင်ဟု သတ်မှတ်ရမည်။

255. In the event that the Government of the Federal Union of Burma and the Government of Chinland take conflicting actions under their concurrent powers, the Upper House of the Government of the Federal Union of Burma shall pass a resolution to settle the conflict.

၂၅၅။ ဖက်ဒရယ်ပြည်ထောင်စု ဗမာနိုင်ငံအစိုးရနှင့် ချင်းလဲန်းအစိုးရတို့၏ ပူးပေါင်း လုပ်ဆောင်မှုတွင် အငြင်းပွားခြင်းဖြစ်လျှင် ဖက်ဒရယ်အထက်လွှတ်တော်က ဆုံးဖြတ်ချက်ဖြင့် ဖြေရှင်းပေးရမည်။

## AMENDMENT

## ပြင်ဆင်ဖြည့်စွက်ခြင်း

256. Any Provision of this Constitution may be amended by the approval of 75 percent of the Members of both houses of the Chinland Legislature.

၂၅၆။ ဤအခြေခံဥပဒေရှိ မည်သည့်ပုဒ်မမဆို ချင်းလဲန်းဥပဒေပြုအဖွဲ့ နှစ်ရပ်စလုံး၏ ၇၅ ရာခိုင်နှုန်းက အတည်ပြုလျှင် ပြင်ဆင်မှု ပြုရမည်။

257. Any Provision of this Constitution may be amended by the approval of 65 percent of the enfranchised citizens of Chinland by referendum or initiative. The High Court of Chinland shall specify the procedures needful for the referendum and initiative processes.

၂၅၇။ ဤအခြေခံဥပဒေ၏ မည်သည့်ပုဒ်မမဆို မဲပေးခွင့်ရှိသူ ချင်းပြည်သူအားလုံး၏ (၆၅) ရာခိုင်နှုန်းက ဆန္ဒခံယူခြင်းဖြင့် ပြင်ဆင်ရန် သဘောတူလျှင် ပြင်ဆင်ရမည်။ ချင်းလဲန်းတရားရုံးချုပ်က ပြည်သူ့ဆန္ဒခံယူပွဲ မည်သို့မည်ပုံကျင်းပဆောင်ရွက်ရမည်ဆိုသည် လုပ်ထုံးများကို ပြဋ္ဌာန်းပေးရမည်။

## APPENDIX (1)

## အချပ်ပို (၁)

### Doctrinal Guidelines and Principles of the Chins on Federal Union

### ချင်းအမျိုးသားတို့၏ ဖက်ဒရယ်ပြည်ထောင်စုအပေါ် ထားရှိသော မူဝါဒလမ်းညွှန်များနှင့်ခံယူချက်များ။

1. The sole purpose of forming the Federal Union is to protect and promote the common interest, benefit, and security of distinct nationalities according to the federal principles known as "self-rule" and " shared-rule". Therefore the Federal Union shall be formed based on

the National States, and the federal government shall be established for the purpose of protecting and promoting the common interests of the states.

၁။ ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရခြင်း၏ အဓိကအကြောင်းရင်းတခုမှာ သီးခြားစီဖြစ်သောလူမျိုးတစုစီ၏ အများအကျိုး စီးပွားနှင့်လုံခြုံမှုကို ဖက်ဒရယ်စနစ်ဖြစ်သော “ကိုယ်ပိုင်အုပ်ချုပ်ခြင်း” နှင့် “ပူးပေါင်းအုပ်ချုပ်ခြင်း” ဖြင့် ဖြည့်ဆည်းရန်ဖြစ်သည်။ ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စုကို အမျိုးသားပြည်နယ်မျာျးဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး ဖက်ဒရယ်အစိုးရကို ပြည်နယ်များ၏ အကျိုးစီးပွားကာကွယ်ဖွံ့ဖြိုးရေးအတွက်သာ ဖွဲ့စည်းရမည်။

2. In order to form the Federal Union, the Constitution of the Federal Union shall be drafted by representatives of the National States without nullifying the State Constitutions and without violating the principles of federalism.

၂။ ဖက်ဒရယ်ပြည်ထောင်စုကို ဖွဲ့စည်းနိုင်ရန် ဖက်ဒရယ်ပြည်ထောင်စု အခြေခံဥပဒေကို အမျိုးသားပြည်နယ် ကိုယ်စားလှယ်များက ၎င်းတို့ပြည်နယ်အသီးသီး၏ အခြေခံဥပဒေများကို မပျက်ပြားစေဘဲ ဖက်ဒရယ်လမ်းစဉ်နှင့်အညီ ရေးသားရမည်။

3. The Draft Constitution of the Federal Union shall be enforced only after its ratification by each National State by referendum or vote of the state legislature.

၃။ အဆိုပါ ဖက်ဒရယ်အခြေခံဥပဒေမူကြမ်းကို အမျိုးသားပြည်နယ်တစ်ခုစီ၏ ပြည်သူများက ဆန္ဒခံယူခြင်း သို့မဟုတ် ပြည်နယ်ဥပဒေပြု အဖွဲ့က လက်ခံအတည်ပြုဖြစ်ခြင်းမှသာ ဥပဒေဖြစ်စေရမည်။

4. Each Federal Defense Force shall be composed of roughly equal numbers of members from each National State. The officer corps of each Federal Defense Force shall be composed of roughly equal numbers of member from each National State. At least sixty percent of the officers with the rank of general or admiral and above shall come from National States other than Burma. The Federal Defense Forces shall

be funded by the Federal Government.

၄။ ဖက်ဒရယ်ကာကွယ်ရေးတပ်ဖွဲ့ကို အမျိုးသားပြည်နယ်များမှ တူညီစွာစေလွှတ်ထားသော အင်အားဖြင့် ဖွဲ့စည်းရမည်။ ထို ဖက်ဒရယ်ကာကွယ်ရေးတပ်၏ အရာရှိများကိုလည်း အမျိုးသားပြည်နယ်များအလိုက် အချိုးကျနိုင်သမျှ ခန့်အပ်ရမည်။ အနည်းဆုံး ၆၀ ရာခိုင်နှုန်းရှိသော ဖက်ဒရယ်ကာကွယ်ရေးတပ်၏ ဗိုလ်ချုပ်ကြီး၊ တပ်မှူးချုပ်၊ အထက်အရာရှိများသည် မြန်မာမဟုတ်သော အမျိုးသားများဖြစ်ရမည်။ ဖက်ဒရယ်ကာကွယ်ရေးတပ်ကို ဖက်ဒရယ်အစိုးရက ထောက်ပံ့ရမည်။

5. Each State shall choose a Justice to serve on the Supreme Court of the Federal Union, so as to protect and promote the spirit of the federalism and the interest and benefit of the Union, and this Court shall have the highest authority on interpretation of the Constitution of the Federal Union. The number of justices of the Federal Union Supreme Court shall be the lowest odd number that is either equal to the number of National States or one greater than the number of National States. In the latter case, the state of Burma shall send two justices to serve on the Supreme Court.

၅။ အမျိုးသားပြည်နယ်တစုစီသည် ဗဟိုတရားရုံးချုပ်တရားသူကြီးတဦးကို ဖက်ဒရယ်ဝါဒနှင့်ပြည်ထောင်စုအကျိုးစီးပွားများ ကာကွယ်တိုးတက်စေရန် ဖက်ဒရယ်ပြည်ထောင်စုအခြေခံဥပဒေကို ဘာသာပြန်မည့်အမြင့်ဆုံးသော အာဏာရှိအဖြစ် ရွေးချယ်ရမည်။ အမျိုးသားပြည်နယ်ဦးရေအရ ဖက်ဒရယ်တရားသူကြီးဦးရေသည် "မ" ဂဏန်းဖြစ်နေလျှင် မြန်မာအမျိုးသားပြည်နယ်က နောက်ထပ်တရားသူကြီးတဦးကို ရွေးချယ်ရမည်။

6. The Council of Ministers shall contain at least one Minister and one Deputy Minister from each National State. The Minister and Deputy Minister for any given ministry shall never be from the same state. No National State shall have more than twice as many ministers on the Council of Ministers as any other National State.

၆။ ကောင်စီဝန်ကြီးများတွင် အနည်းဆုံး ဝန်ကြီးတဦးနှင့်ဒုတိယဝန်ကြီးတဦး အမျိုးသားပြည်နယ်တစုစီမှ ပါဝင်စေရမည်။ ဝန်ကြီးဌာနတခု၏ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် အမျိုးသားပြည်နယ်တခုမှ မဖြစ်စေရ။ မည်သည့် အမျိုးသားပြည်နယ်မဆို တခြားအမျိုးသားပြည်နယ်ထက် (၂) ဆပို၍ ကောင်စီဝင်ဝန်ကြီးများ မရှိစေရ။

7. In the Lower House (or House of Representatives), each National State shall be apportioned a number of representatives based on its respective population.

၇။ အောက်လွှတ်တော် (ပြည်သူ့လွှတ်တော်) အတွက် အမျိုးသားပြည်နယ် တခုစီသည် လူဦးရေအချိုးအစားအလိုက် ၎င်းတို့၏ ကိုယ်စားလှယ်များကို ရွေးကောက်ရမည်။

8. In the Upper House (or House of Nationalities), each National State other than Burma shall receive an equal number of representatives. The State of Burma shall receive a sufficient number of representatives so that its percentage of representatives in the Upper House and its percentage of representatives in the Lower House, when combined, shall equal (as near as may be practicable) the percentage of representatives in the Upper House from other states and the percentage of representatives in the Lower House from other states, combined.

၈။ အထက်လွှတ်တော် (အမျိုးသာလွှတ်တော်) တွင် မြန်မာအမျိုးသား ပြည်နယ်မှလွဲ၍ တခြား အမျိုးသားပြည်နယ်အားလုံးတူညီသော ကိုယ်စားလှယ်ရရှိစေရမည်။ မြန်မာအမျိုးသားပြည်နယ်၏ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်ပေါင်း၏ ကိုယ်စားလှယ်ဦးရေသည် တခြားအမျိုးသားပြည်နယ်အားလုံး၏ အထက်လွှတ်တော်နှင့် အောက်လွှတ်တော် နှစ်ရပ်ပေါင်း ကိုယ်စားလှယ်ဦးရေနှင့် တူညီ (အနီးစပ်ဆုံး) စေရမည်။

9. The Members of both Houses and the Governors of the National States shall elect the President and Vice President of the Federal Union, according to a voting formula to be determined. The President and Vice

President shall not be from the same State or Nationality.

၉။ လွှတ်တော်နှစ်ရပ်စလုံး၏ ကိုယ်စားလှယ်များနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးများကို ဖက်ဒရယ်ပြည်ထောင်စုသမ္မတနှင့် ဒုတိယသမ္မတတို့ကို ရွေးကောက်ခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။ သမ္မတနှင့် ဒုတိယသမ္မတသည် ပြည်နယ်တခု သို့မဟုတ် လူမျိုးတူမဖြစ်စေရ။

10. International treaties, bilateral treaties, and multilateral treaties shall not be enforced in the Federal Union without the consent and approval of a majority of the Upper House (or) House of Nationalities.

၁၀။ နိုင်ငံတကာစာချုပ်၊ သဘောတူညီချက်များ၊ နှစ်နိုင်ငံကြား သဘောတူညီ ချက်များအားလုံးသည် အထက်လွှတ်တော် ကိုယ်စားလှယ်အများစု၏ သဘောတူညီချက်မရရှိလျှင် ဖက်ဒရယ်ပြည်ထောင်စုတွင် အကျုံးမဝင်ရ။

+ + + + + + +